# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိမိအဖို့ အကျိုးများနိုင်**

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကိုလည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)


၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက် | ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာ ၅ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၃)၊ အမှတ်(၀၆၆)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ်(၇/၂၀၂၃)တွင် အမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ်(၇/၂၀၂၃) သို့ တက်ရောက်အမှာစကားပြောကြား

## MSME လုပ်ငန်းများကို ဆောင်ရွက်ရာ၌ One Region One Product ဖြစ်ရန်လိုပြီး ဒေသတွင်း၊ ပြည်တွင်း ဈေးကွက်သာမက ပြည်ပအထိ ထိုးဖောက်နိုင်သည်အထိ ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၄

ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ်(၇/၂၀၂၃)ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❍

**ယနေ့ ဖတ်စရာ**


**အမျိုးသားရေးစိတ်ဓာတ်များ နိုးကြားတက်ကြွစေခဲ့သော မမေ့သင့် မမေ့အပ်သည့် နေ့ထူးနေ့မြတ်** — ဆောင်းပါး စာ ၁၀

**AI နည်းပညာကို အသုံးပြုပြီး စိတ်ကူးပုံရိပ်များကို ပြန်လည်ဖန်တီးရာတွင် ဂျပန်သုတေသီများ အောင်မြင်** — နိုင်ငံတကာသတင်း စာ ၁၃

# လူတိုင်းသက်ရှည်ကျန်းမာရန် ပြည်သူ့ကျန်းမာရေးသည် အခြေခံ

တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေးသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လူမှုရေးဦးတည်ချက်များတွင် ပါဝင်သည်။ လက်ရှိမိမိတို့နိုင်ငံ၏ မျှော်မှန်းလူ့သက်တမ်း (Life Expectancy at Birth) သည် အရှေ့တောင်အာရှနိုင်ငံအားလုံး၏ အောက်ဆုံးသို့ရောက်ရှိနေပြီး မိခင်နှင့်ကလေး သေနှုန်းမှာ မြင့်မားလျက်ရှိသည်။

ပြည်သူ့ကျန်းမာရေးလုပ်ငန်းများဖြစ်သည့် မိခင်နှင့် မျိုးဆက်ပွားကျန်းမာရေး၊ မွေးကင်းစနှင့် ကလေးကျန်းမာဖွံ့ဖြိုးရေး၊ ကျောင်းကျန်းမာရေးနှင့် အာဟာရဖွံ့ဖြိုးရေး၊ ကူးစက်ရောဂါနှင့် မကူးစက်ရောဂါများ ကာကွယ်တိုက်ဖျက်ရေး၊ ကိုဗစ် -၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းနှင့် ကာကွယ်ဆေးထိုးခြင်း၊ ပုံမှန်ကာကွယ်ဆေးများထိုးခြင်း၊ လုပ်ငန်းခွင်နှင့် ပတ်ဝန်းကျင်ကျန်းမာရေး၊ ကျန်းမာရေးအဆင့်မြှင့်ရေး စသည်တို့အပါအဝင် ဝန်ဆောင်မှုများကို လူတိုင်းလက်လှမ်းမီရရှိရေး၊ တီဘီ၊ အိပ်ချ်အိုင်ဗွီကဲ့သို့သော ကူးစက်ရောဂါများ တိုက်ဖျက်ရေးတို့ကို ကျန်းမာရေးပညာရှင်များ၊ သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများနှင့် ပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် ကျန်းမာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်သွားရမည်ဖြစ်သည်။ ယင်းသို့ဆောင်ရွက်ရာတွင် ပြည်သူလူထု၏ ကျန်းမာရေးအသိပညာမြင့်မားမှုနှင့် ကျန်းမာရေးနှင့် ညီညွတ်သည့် လူနေမှုဘဝပုံစံများနှင့်အညီ နေထိုင်မှုတို့မှာ အဓိကအရေးပါသည့်အလျောက် ကျန်းမာရေးအသိပညာပေးမှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်သွားရန်လည်း လိုအပ်မည်ဖြစ်သည်။

နိုင်ငံ၏မျှော်မှန်း လူ့သက်တမ်းတွက်ချက်ရာတွင် မွေးမိခင်နှင့် ကလေးသေဆုံးမှုနှုန်း မြင့်မားခြင်းမှာ အရေးပါသည့်အလျောက် မွေးကင်းစကလေး ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ အသက်ငါးနှစ်အောက်ကလေးများ ပြုစုစောင့်ရှောက်ခြင်း၊ ကလေးများ၏ ကာယဉာဏဖွံ့ဖြိုးရေး ဂရုပြုပျိုးထောင်ခြင်း၊ မတော်တဆထိခိုက်ဒဏ်ရာရမှုများမှ ကာကွယ်ပေးခြင်းတို့ဖြင့် ကလေးများကျန်းမာဖွံ့ဖြိုးရေးဆောင်ရွက်မှုများတွင် ပြည်သူလူထု၏ ကျန်းမာရေးအသိ နိုးကြားစွာပါဝင်မှုများ လိုအပ်သည်။ တစ်ဖန် ကိုယ်ဝန်ဆောင်မိခင်များ၏ ကျန်းမာရေး၊ အာဟာရပြည့်ဝရေး၊ လိုအပ်သည့်ကာကွယ်ဆေးများနှင့် ဗီတာမင် ဖြည့်စွက်ဆေးများ ထိုးနှံတိုက်ကျွေးရေး၊ ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုများကို ကျွမ်းကျင်သူ ကျန်းမာရေးဝန်ထမ်းထံတွင် အနည်းဆုံး(၄)ကြိမ် ခံယူရေး၊ ကိုယ်ဝန်ဆောင်ကာလအတွင်း ဝတ်စားဆင်ယင်မှု၊ ပတ်ဝန်းကျင်သန့်ရှင်းမှုတို့ကို ဂရုပြုရေး၊ ငှက်ဖျား/သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် ဆေးစိမ်ခြင်ထောင်ဖြင့် အိပ်စက်ရေး၊ နေမကောင်းဖြစ်ပါက နီးစပ်ရာ ဆေးရုံ၊ ဆေးခန်းတို့တွင် အမြန်ဆုံးကုသမှုခံယူရေးတို့ကို ဂရုပြုလိုက်နာဆောင်ရွက်ကြခြင်းအားဖြင့် မိခင်သေဆုံးမှုနှုန်းများ ကျဆင်းလာစေမည်ဖြစ်သည်။

လူတိုင်းသက်ရှည်ကျန်းမာရေးအတွက် ပြည်သူ့ကျန်းမာရေးကို မြှင့်တင်ရာတွင် ပြည်သူတစ်ဦးချင်းစီက ကျန်းမာရေးအသိရှိရှိဖြင့် ကျန်းမာရေးကို ဂရုပြုသော လူနေမှုပုံစံနှင့် နေထိုင်ကြရမည်ဖြစ်သည်။ အန္တရာယ်ကင်း၍ ကျန်းမာရေးနှင့်ညီညွတ်ပြီး အာဟာရပြည့်ဝသော အစားအစာများကို စားသုံးခြင်း၊ မျှတသော ကိုယ်လက်လှုပ်ရှားမှုကို နေ့စဉ်မှန်မှန် ဆောင်ရွက်ခြင်း၊ ခြင်ယင်ပိုးမွှားများကို ရှောင်ကြဉ်ခြင်း၊ အရက်၊ ဆေးလိပ်၊ ဆေးရွက်ကြီး၊ ကွမ်း၊ မူးယစ်ဆေးဝါးတို့ကို ရှောင်ကြဉ်ခြင်း၊ ပတ်ဝန်းကျင် သန့်ရှင်းရေးကို ဂရုပြုဆောင်ရွက်ခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုပြုခြင်း၊ စိတ်ဖိစီးမှုများကို လျှော့ချခြင်းတို့က ကျန်းမာပျော်ရွှင်သောဘဝကို ရရှိနိုင်မည်ဖြစ်ရာ လူတိုင်းကိုယ်စီ လိုက်ပါဆောင်ရွက်ကြခြင်းဖြင့် လူတိုင်းသက်ရှည်ကျန်းမာနိုင်ကြမည်ဖြစ်ပါကြောင်း။ ။

## ၂၀၂၃ ခုနှစ်၊ (၁၀၃) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

- ★ တိုင်းရင်းသားအားလုံး၏ ညီညွတ်သော စုပေါင်းအင်အားဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
- ★ လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ် အကောင်အထည် ဖော်ဆောင်ရေး။
- ★ ဗလငါးတန်နှင့် ပြည့်စုံသည့် မျိုးချစ်စိတ်ရှိသော လူငယ်များ ပြုစုပျိုးထောင်ရေး။
- ★ စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ရေး။

## ၂၀၂၃ ခုနှစ်၊ (၁၀၃) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

ပြည်ထောင်စုငြိမ်းချမ်းရေးမှသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆီသို့။

၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်

## တရားမအထူးအယူခံမှု (၅) မှု စီရင်ချက်ချမှတ် ရာဇဝတ်အထူးအယူခံမှု (၇)မှု ကို ရုံးထိုင်ကြားနာ

**နေပြည်တော် ဒီဇင်ဘာ ၄**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးတင်ဟုန်၊ ဒေါ်ခင်မေရီ၊ ဦးသိန်းကိုကို၊ ဒေါ်သင်းသင်းနွဲ့ တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁) ၌ ရုံးထိုင်၍ တရားမအထူးအယူခံမှုအမှတ် ၄၀/၂၀၂၂ (ကရင်)၊ ၈/၂၀၂၃ (ရှမ်း)၊ ၂၀/၂၀၂၃ (ကချင်)၊ ၂၁/၂၀၂၃ (မကွေး) နှင့် ၂၄/၂၀၂၃ (ပဲခူး) စုစုပေါင်း တရားမအထူးအယူခံမှု (၅) မှုတို့ကို စီရင်ချက်ချမှတ်သည်။ ထို့ပြင် ရာဇဝတ်အထူးအယူခံမှုအမှတ် ၁/၂၀၂၃ (ရန်ကုန်)၊ ၂/၂၀၂၃ (မန္တလေး)၊ ၃/၂၀၂၃ (ကချင်)၊ ၄/၂၀၂၃ (ကချင်)၊ ၅/၂၀၂၃ (ကချင်)၊ ၆/၂၀၂၃ (ရခိုင်) နှင့် ၇/၂၀၂၃ (ရန်ကုန်) စုစုပေါင်း ရာဇဝတ်အထူးအယူခံမှု (၇)မှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပင်းတယ၌ အမျိုးသားအောင်ပွဲနေ့အကြိုအထိမ်းအမှတ် စာဖတ်ဝိုင်းကျင်းပ

**ပင်းတယ ဒီဇင်ဘာ ၄**

ရှမ်းပြည်နယ်တောင်ပိုင်း ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်တွင် (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အကြိုအထိမ်းအမှတ် စာဖတ်ဝိုင်းကို ယနေ့ နံနက် ၉ နာရီက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အဆင့်ရုံး (ပင်းတယ)ရှိ လူထုအခြေပြု ဗဟိုဌာနခန်းမ၌ ကျင်းပသည်။

စာဖတ်ဝိုင်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အဆင့်ရုံး(ပင်းတယ)မှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ကြူကြူလှိုင်က စာဖတ်ဝိုင်းကျင်းပရခြင်း ရှင်းလင်းပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ခိုင်ကြည်ဝင်းက စာရေးဆရာကိုကိုလင်း (အမေ့အိမ်)ရေးသားသည့် "လူကြီးတွေက စပြင်ပါ" စာအုပ်မှ "စာကိုလည်းသင်၊ စိတ်လည်းပြင်" ခေါင်းစဉ်ဖြင့် ဦးဆောင်ဆွေးနွေးပြီး Youth Club အဖွဲ့ဝင်များက "ဘဝထဲကပညာ"၊ "တစ်မိပေါက်တစ်ယောက်ထွန်း"၊ "လောကကို အကောင်းမြင်ကြည့်ခြင်း" စသည့် ခေါင်းစဉ်များပါ အကြောင်းအရာများကို ဖတ်ကြားဆွေးနွေးကြသည်။

ထို့နောက် ပြည်သူ့စာကြည့်တိုက်အတွင်း၌ သုတ/ရသစာအုပ်စာစောင်များ ခင်းကျင်းပြသရာ စာဖတ်ဝိုင်းသို့ တက်ရောက်လာကြသည့် Youth Club အဖွဲ့ဝင်များက စိတ်ဝင်တစား လေ့လာဖတ်ရှုခဲ့ကြကြောင်း သိရသည်။

**အောင်ကိုဦး(ပြန်/ဆက်)**



## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် ဒီဇင်ဘာ ၄**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့ စကား" အစီအစဉ်မှ **"ပျော်ရွှင်ဆင်နွှဲ တန်ဆောင်တိုင်ပွဲ"** ခေါင်းစဉ်ဖြင့် ဒီဇင်ဘာ ၆ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"အမျိုးသားနေ့အနှစ်သာရများကို ဖော်ဆောင်ကြစေရေး"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

- မိမိတို့အစိုးရအနေဖြင့် နိုင်ငံတော်တာဝန်ကို စတင်ထမ်းဆောင်ချိန်၌ ပြည်ပပို့ကုန်များနှင့် ပတ်သက်၍ ဝင်ငွေအပေါ် သင့်လျော်သည့် အချိုးများဖြင့် ထိန်းသိမ်းဆောင်ရွက်ပေးခဲ့၊ ထိုသို့ ဆောင်ရွက်ခဲ့၍ ပြည်တွင်း၌ စက်သုံးဆီ၊ စားသုံးဆီ ဈေးနှုန်းများကို ထိန်းသိမ်းနိုင်ခဲ့
- သို့သော် မသမာသူများက စားသုံးဆီဈေးများကြီးမြင့်အောင် ဆောင်ရွက်ခဲ့မှုကြောင့် ပြည်သူများအတွက် ထိခိုက်မှုများရှိခဲ့၊ ပြည်သူများအတွက် ကိုယ်ချင်းစာစိတ်ရှိရန်လို၊ ထို့ကြောင့် အဆိုပါ မသမာမှုများ လုပ်ဆောင်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်သည့် ပြစ်ဒဏ်များ ချမှတ်ဆောင်ရွက်ခဲ့

○ ရှေ့ဖုံးမှ

### မိုးရာသီစိုက်ပျိုးမှုအပြီး စိုက်ပျိုးမြေများတွင် သီးထပ်စွမ်းအားများ တိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် စိုက်ပျိုးရေးနှင့်ပတ်သက်၍ မိုးရာသီစိုက်ပျိုးမှုများ ပြီးဆုံး၍ အချို့မှာ ရိတ်သိမ်းမှုများဆောင်ရွက်နေပြီဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အလုပ်လုပ်ခဲ့သည့် အကျိုးကျေးဇူးအဖြစ် သီးနှံထွက်ရှိမှုများ တိုးတက်ခဲ့သော်လည်း ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် ဆက်လက်ကြိုးပမ်းရဦးမည်ဖြစ်ကြောင်း၊ ယခုမြေအစိုဓာတ် မကုန်သေးမီ ဆောင်းရာသီကာလစိုက်ပျိုးရာ၌လည်း ဆီထွက်သီးနှံများ၊ ပြောင်း စသည့်သီးနှံများ၏ စိုက်ပျိုးမှု သီးထွက်စွမ်းအားများ တိုးတက်ရေးကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ အလုပ်လုပ်ပါက အလုပ်လုပ်သည့်အားလျော်စွာ အကျိုးခံစားရမည်ဖြစ်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ကြိုးပမ်းဆောင်ရွက်ရေး တွန်းအားပေးရန်နှင့် ပံ့ပိုးပေးရန်လိုကြောင်း။

### နှစ်ရှည်သီးနှံများဖြစ်သည့် ကော်ဖီနှင့် ရော်ဘာစိုက်ပျိုးရေး တိုးတက်အောင်ဆောင်ရွက်

ရာသီသီးနှံအပြင် နှစ်ရှည်သီးနှံများစိုက်ပျိုးရာတွင် မိမိတို့နိုင်ငံ၌ ကော်ဖီနှင့် ရော်ဘာများကို အောင်မြင်ဖြစ်ထွန်းအောင် စိုက်ပျိုးနိုင်ကြောင်း၊ ထို့ကြောင့် လွန်ခဲ့သည့် နှစ်များမှစ၍ ကော်ဖီစိုက်ပျိုးမှုနှင့် ရော်ဘာစိုက်ပျိုးမှုများ တိုးတက်စေရေး တွန်းအားပေးဆောင်ရွက်ခဲ့ကြောင်း၊ နစ်နာမှုရှိနေသည့် ကော်ဖီလုပ်ငန်းများ ပြန်လည်ရှင်သန်စေရေး ဆောင်ရွက်ပေးခဲ့ရာ ယခုအခါ ကော်ဖီစိုက်ပျိုး ထုတ်လုပ်မှုများ တိုးတက်လာပြီဖြစ်ကြောင်း၊ ယခင် တပ်မတော်အစိုးရလက်ထက်က ကော်ဖီစိုက်ပျိုးရန် ခွင့်ပြုပေးခဲ့သည့် စိုက်ပျိုးမြေ၏ ထက်ဝက်ခန့်ကိုသာ ကော်ဖီများ စိုက်ပျိုးနိုင်သေးသည်ကို တွေ့ရကြောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုဒေသ၊ ရွာငံဒေသနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပြင်ဦးလွင်ဒေသတို့တွင် ကော်ဖီဇုန်များသတ်မှတ်၍ ဆောင်ရွက်ခဲ့ကြောင်း၊ ချင်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီး၊ သံတောင်ကြီးဒေသ၊ ပအိုဝ်းဒေသတို့တွင်လည်း ကော်ဖီစိုက်ပျိုးမှုများကို ဆောင်ရွက်ကြကြောင်း။

ကော်ဖီစိုက်ပျိုးမှုတွင် မိမိတို့နိုင်ငံထက် စိုက်ပျိုးမြေနည်းပါးသည့် ဗီယက်နမ်နိုင်ငံသည် မိမိတို့နိုင်ငံထက် ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်သည်ကိုတွေ့ရကြောင်း၊ မိမိတို့နိုင်ငံတွင် ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုများ တိုးတက်စေရေး အရင်းအနှီးငွေကြေးစိုက်ထုတ်နိုင်သူများအနေဖြင့် ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုတွင် ရင်းနှီးမြှုပ်နှံသင့်သည်ဟု မြင်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် ချထားပေးသည့် အချို့မြေနေရာများပေါ်တွင် ယခုအချိန်အထိ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်မှု မရှိသည်ကို တွေ့ရှိရကြောင်း၊ အဆိုပါမြေများအား ရောင်းဝယ်မှုများကို စနစ်တကျဖြင့် စိစစ်သွားရန်နှင့် စိုက်ပျိုးခြင်းမပြုသည့်မြေများကို ပယ်ဖျက်သွားရန် လိုကြောင်း၊ ကော်ဖီစိုက်ပျိုးမှုများကို သတ်မှတ်ထားသည့်အတိုင်း တိုးချဲ့စိုက်ပျိုးသွားမည်ဆိုပါက လာမည့် ၅ နှစ်တာကာလအတွင်း ကော်ဖီထုတ်လုပ်မှုများကို တိုးတက်အောင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ လာမည့် ၂၀၂၄ ခုနှစ်တွင် ကော်ဖီစိုက်ပျိုးဧက ၂၇၉၀၀ ထပ်မံတိုးချဲ့စိုက်ပျိုးရန် လျာထားဆောင်ရွက်နေကြောင်း၊ ထို့ကြောင့် ကော်ဖီစိုက်ပျိုး ထုတ်လုပ်သူများအနေဖြင့် ကော်ဖီပျိုးပင်များကိုလည်း ကြိုတင်စိုက်ပျိုးထားမည်ဆိုပါက များစွာ အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ ထိုသို့ တိုးချဲ့စိုက်ပျိုးနိုင်မည်ဆိုပါက စုစုပေါင်း စိုက်ဧက ၃ သိန်းရှိမည်ဖြစ်သဖြင့် နောင် ၅ နှစ်မှ ၇ နှစ်အတွင်း အဆိုပါအသီးအပွင့်များကို ခံစားနိုင်မည်ဖြစ်ကြောင်း၊ မျိုးကောင်းသည့် ကော်ဖီများ ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင်လည်း ရိုဘက်စတာ ကော်ဖီမျိုးများကို စိုက်ပျိုးနိုင်ကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် နောင်ကာလများတွင် ဒေသအလိုက် ကော်ဖီများ စိုက်ပျိုးနိုင်ရေး ရေရှည်အတွက် စဉ်းစားဆောင်ရွက်ကြရန်လိုကြောင်း။

ရော်ဘာစိုက်ပျိုးမှုနှင့်ပတ်သက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် စိုက်ပျိုးဧက ၁ သန်း ၆ သိန်းကျော်ရှိကြောင်း၊ ရော်ဘာထုတ်ကုန်သည်လည်း သေချာသည့် ထုတ်ကုန်ပစ္စည်းတစ်ခုဖြစ်ပြီး အဆင့်ရှိသည့် ကုန်ကြမ်းများကို ထုတ်လုပ်နိုင်ကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ရော်ဘာစိုက်ပျိုးရေးကို အားပေးဆောင်ရွက်ကြစေလိုကြောင်း။

မိမိတို့နိုင်ငံ၏ ဘဏ်များ၌ ငွေကြေးပိုင်ဆိုင်မှုစာရင်းများအရ ပုဂ္ဂလိကပိုင်ဆိုင်မှု များပြားကြောင်း၊ ၎င်းပိုင်ဆိုင်မှုများကို နိုင်ငံနှင့်ပြည်သူလူထုအတွက် အကျိုးရှိပြီး ရေရှည်အာမခံချက်ရှိသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံနိုင်ပါက လုပ်ငန်းရှင်၊ အလုပ်သမား၊ နိုင်ငံတော်နှင့် ပြည်သူအတွက် အကျိုးများစွာရှိကြောင်း၊ ထို့ကြောင့် ထိုကဲ့သို့ ရင်းနှီးမြှုပ်နှံနိုင်ရေး အားပေးခြင်း၊ အခွင့်အလမ်းရှာဖွေပေးခြင်းတို့ကို တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် အင်တိုက်အားတိုက် ဆောင်ရွက်ရန်လိုကြောင်း။

### နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်သည့် အခွန်ငွေများ အပြည့်အဝရရှိရေး

ပြီးခဲ့သည့် ကာလများအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အခွန်ရရှိမှုများ တိုးတက်လာကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွန်ငွေများကို မူတည်၍ အသုံးပြုရခြင်းဖြစ်သည့်အတွက် အခွန်အခများရရှိရေး လိုအပ်ကြောင်း၊ အခွန်အခများ ကောက်ယူရာတွင် အခွန်အား တိုးမြှင့်ကောက်ခံခြင်း (Tax rate တိုးမြှင့်ခြင်း) မပြုလုပ်ဘဲ ယခင်ရှိပြီးအခွန်နှုန်းထားများအတိုင်း ရသင့်ရထိုက်သော နယ်ပယ်အလိုက် မကျန်ရှိအောင်ကောက်ခံခြင်း (Tax Space တိုးချဲ့ခြင်း)များကို ပြုလုပ်ကြပ်မတ်ဆောင်ရွက်ကြရန်လိုကြောင်း။

နိုင်ငံခြားငွေနှင့်ပတ်သက်၍ မိမိတို့ စတင်တာဝန်ယူချိန်မှစပြီး နိုင်ငံရေးကို အကြောင်းပြကာ ချေးငွေများနှင့် ထောက်ပံ့မှုများအားလုံး ရပ်ဆိုင်းသွားခဲ့ကြောင်း၊ နောက်ပိုင်းတွင် အချို့သောမိတ်ဆွေနိုင်ငံများအနေဖြင့် ပြန်လည်ထောက်ပံ့မှုများ ပြုလုပ်ပေးခဲ့ကြောင်း၊ နိုင်ငံခြားငွေနှင့်ပတ်သက်၍ အခက်အခဲများဖြစ်ပေါ်စေရန်နှင့် ဘဏ်စနစ်ကိုထိခိုက်စေရန်အတွက် မိမိတို့နိုင်ငံအပေါ် ပိတ်ဆို့မှုများ လုပ်ဆောင်ခဲ့ကြောင်း၊ သို့ဖြစ်၍ မိမိတို့အနေဖြင့် နိုင်ငံခြားငွေရရှိရေး ပြည်ပသို့ ပို့ကုန်(Export)တိုးမြှင့်နိုင်ရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန် ပြည်တွင်းကုန်ထုတ်လုပ်မှုများ တိုးတက်အောင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် ကုန်သွယ်မှုများ ဆောင်ရွက်ရာတွင် တိုက်ရိုက်ငွေပေးချေမှုများကို ဆောင်ရွက်ခဲ့ရာ အကျိုးဖြစ်ထွန်းမှုရှိသည်ကို တွေ့ရကြောင်း၊ Border Trade ကို အားပေးဆောင်ရွက်သကဲ့သို့ Normal Trade များ တိုးတက်ရေးအတွက်လည်း ဆောင်ရွက်ကြရန်လိုကြောင်း၊ ငွေကြေးလည်ပတ်မှုများ ကောင်းမွန်စေရေး အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း၊ ထို့ကြောင့် အကျိုးအမြတ်များ နည်းပါးသော်လည်း ဆောင်ရွက်ရန်လိုအပ်သည့် လုပ်ငန်းများအားလုံး လည်ပတ်စေရေး တာဝန်ရှိသူများအနေဖြင့် တိုက်တွန်းဆောင်ရွက်ကြစေလိုကြောင်း၊ မိမိတို့အစိုးရအနေဖြင့် နိုင်ငံတော်တာဝန်ကို စတင်ထမ်းဆောင်ချိန်၌ ပြည်ပပို့ကုန်များနှင့် ပတ်သက်၍ ဝင်ငွေအပေါ် သင့်လျော်သည့် အချိုးများဖြင့် ထိန်းသိမ်းဆောင်ရွက်ပေးခဲ့ကြောင်း၊ ထိုသို့ ဆောင်ရွက်ခဲ့၍ ပြည်တွင်း၌ စက်သုံးဆီ၊ စားသုံးဆီ ဈေးနှုန်းများကို ထိန်းသိမ်းနိုင်ခဲ့ကြောင်း၊ သို့သော် မသမာသူများက စားသုံးဆီဈေးများကြီးမြင့်အောင် ဆောင်ရွက်ခဲ့မှုကြောင့် ပြည်သူများအတွက် ထိခိုက်မှုများရှိခဲ့ကြောင်း၊ ပြည်သူများအတွက် ကိုယ်ချင်းစာစိတ်ရှိရန်လိုကြောင်း၊ ထို့ကြောင့် အဆိုပါ မသမာမှုများ လုပ်ဆောင်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်သည့် ပြစ်ဒဏ်များချမှတ်ဆောင်ရွက်ခဲ့ကြောင်း။

ယခုအချိန်တွင် Export လုပ်ကိုင်သူများက အနစ်နာခံ၍ ဆောင်ရွက်နေသော်လည်း Import သမားများကသာ အကျိုးခံစားနေရသည်ဆိုသည့် တင်ပြချက်များရှိကြောင်း၊ အဆိုပါ ကိစ္စရပ်များကိုလည်း တတ်နိုင်သမျှ ဖြေလျှော့ပေးရန် ကြိုးပမ်းနေကြောင်း၊ Non –Trade Income များ ပိုမိုရရှိအောင် ကြိုးပမ်းနိုင်မည်ဆိုပါက ကုန်သွယ်မှုအပေါ် မှီခိုမှုကို လျှော့ချနိုင်မည်ဖြစ်၍ တတ်နိုင်သမျှကြိုးပမ်းဆောင်ရွက်နေကြောင်း၊ ကုန်ထုတ်လုပ်မှု အားနည်းချက်မှာ သွင်းအားစုများဈေးကြီးမြင့်ခြင်းကြောင့်ဟု အချို့က သုံးသပ်ကြသော်လည်း အဓိကအားဖြင့် အကျိုးအမြတ်ရရှိမှုအပေါ်မူတည်၍ ကုန်ထုတ်လုပ်ငန်းအပေါ် စိတ်ဝင်စားမှုအားနည်းသည်ကို တွေ့ရကြောင်း၊ အကျိုးအမြတ်နည်းသော်လည်း များများထုတ်လုပ်၊ များများလည်ပတ်နိုင်ပါက အကျိုးရှိမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ယခုအခါ စိုက်ပျိုးမွေးမြူရေးအတွက် အဓိကသွင်းကုန်ဖြစ်သည့် ဓာတ်မြေဩဇာနှင့် အခြားလိုအပ်ချက်များ လွယ်ကူစွာတင်သွင်းနိုင်ရေး ရော်ဘာလုပ်ငန်းရှင်များအား ပို့ကုန်ရငွေ၏ ၇၀ ရာခိုင်နှုန်းကို သုံးစွဲခွင့်ပေးထားကြောင်း၊ အခြားအဓိက စိုက်ပျိုးသီးနှံဖြစ်သည့် ဆန်၊ ပြောင်း၊ ပဲနှင့်ထွက်ကုန်များ ပြည်ပသို့တင်ပို့မှု(Export) ကိုလည်း ၎င်းအတိုင်း ဖြေလျှော့မှုပေးနိုင်ရေး လျာထားဆောင်ရွက်သကဲ့သို့ ၎င်းရငွေမှ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများနှင့် MSME လုပ်ငန်းများအတွက် လိုအပ်သည့် အခြေခံသွင်းအားစုများ တိုက်ရိုက်တင်သွင်းနိုင်ရေး ဆောင်ရွက်၍ စီးပွားရေးမြှင့်တင်ရမည်ဖြစ်ကြောင်း။

စီးပွားရေးလုပ်ရာတွင်လည်း အကျိုးအမြတ်အတွက်ရှိသကဲ့သို့ နိုင်ငံ့အကျိုးကို ကြည့်၍ ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း၊ အဓိကလိုအပ်သည်မှာ ကုန်ထုတ်လုပ်မှုကို အားပေးရန်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများကို အားပေးဆောင်ရွက်ရမည်ဖြစ်ပြီး ဒေသအလိုက်ထုတ်ကုန်များ တူညီမှုရှိမည်မဟုတ်သဖြင့် ဒေသနှင့် သင့်လျော်ကိုက်ညီသည့် ထုတ်ကုန်များ အောင်မြင်စွာ ထုတ်လုပ်နိုင်ရေး အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာကဏ္ဍနှင့် ဒေသအလိုက် တာဝန်ရှိသူများအနေဖြင့် ဒေသအလိုက် စိုက်ပျိုးမွေးမြူရေး ဆောင်ရွက်သူများ၏ အမှန်တကယ်လိုအပ်ချက်များကို သိရှိရန်နှင့် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်လိုကြောင်း၊ မိမိတို့အနေဖြင့် အရည်အသွေးပိုင်းနှင့် ထုပ်ပိုးမှုအပိုင်းတို့တွင် အားနည်းချက်များရှိပြီး လိုအပ်သည့် နည်းပညာများကို ဖြည့်ဆည်းပေးနိုင်ရန်လိုကြောင်း၊ အရည်အသွေးပိုင်း ကောင်းမွန်ပြီး ဆွဲဆောင်မှုရှိမှသာလျှင် ဈေးကွက်ဝင် ရောင်းကုန်ပစ္စည်းများ ဖြစ်လာမည်ဖြစ်သဖြင့် အသေးစိတ်စဉ်းစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

### သဘာဝထွက်ကုန်များကို အခြေခံသည့် MSME လုပ်ငန်းများကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန်လို

အလားတူ သဘာဝထွက်ကုန်များဖြစ်သည့် သစ်၊ ဝါး၊ ကြိမ်နှင့် အခြားပစ္စည်းများကို အခြေခံသည့် MSME လုပ်ငန်းများကိုလည်း အားပေးကြရန်လိုပြီး ပြည်တွင်း၌သာမက ပြည်ပဈေးကွက်များအထိ ထိုးဖောက်နိုင်ရေး စဉ်းစားဆောင်ရွက်ကြရန်လိုကြောင်း၊ သဘာဝထွက်ပစ္စည်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းမှထွက်ရှိလာသည့် ပစ္စည်းများကို အခြေခံသည့် အသုံးအဆောင်ပစ္စည်းများ များစွာရှိသည့်အတွက် ဒေသတစ်ခုတည်း ဈေးကွက်မဟုတ်ဘဲ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ထို့ကြောင့် MSME လုပ်ငန်းများကို ဆောင်ရွက်ရာ၌ One Region One Product ဖြစ်ရန်လိုပြီး ဒေသတွင်း၊ ပြည်တွင်း ဈေးကွက်သာမက ပြည်ပအထိ ထိုးဖောက်နိုင်သည်အထိ ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားဆောင်ရွက်ကြရန်လိုကြောင်း။

- လာမည့် ၂၀၂၄ ခုနှစ်တွင် ကော်ဖီစိုက်ပျိုးဧက ၂၇၉၀၀ ထပ်မံတိုးချဲ့ စိုက်ပျိုးရန် လျာထားဆောင်ရွက်နေ၊ ထို့ကြောင့် ကော်ဖီစိုက်ပျိုးထုတ်လုပ်သူများအနေဖြင့် ကော်ဖီပျိုးပင်များကိုလည်း ကြိုတင်စိုက်ပျိုးထားမည်ဆိုပါက များစွာ အကျိုးဖြစ်ထွန်းစေမည်
- ထိုသို့ တိုးချဲ့စိုက်ပျိုးနိုင်မည်ဆိုပါက စုစုပေါင်း စိုက်ဧက ၃ သိန်းရှိမည်ဖြစ်သဖြင့် နောင် ၅ နှစ်မှ ၇ နှစ်အတွင်း အဆိုပါ အသီးအပွင့်များကို ခံစားနိုင်မည်

*စာမျက်နှာ ၄ သို့*

❂ **ဒေသဆိုင်ရာအစိုးရများ၊ တာဝန်ရှိသူများအနေဖြင့်လည်း မိမိတို့ဒေသအကျိုးအတွက် ရပ်ဝေးမှ လာရောက် တာဝန်ထမ်းဆောင်နေကြသည့် ပညာရေး၊ ကျန်းမာရေးဝန်ထမ်းများ၏ လုံခြုံရေးနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ကိစ္စရပ်များ အဆင်ပြေအောင် ဆောင်ရွက်ပေးကြရန်လို၊ မိမိတို့ဒေသအလိုက် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး အတွက် နယ်မြေဒေသရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးဆိုင်ရာ ဝန်ထမ်းများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဆောင်ရွက်ပေးရန်လို၊ ပြည်သူ့လုံခြုံရေးစနစ်နှင့်ပတ်သက်၍လည်း နယ်မြေဒေသအလိုက် ဆောင်ရွက်ကြရန် လိုပြီး ပြည်သူနှင့် ပူးပေါင်းဆောင်ရွက်နိုင်မှသာလျှင် ဒေသအလိုက် လုံခြုံရေးကို အပြည့်အဝ ဆောင်ရွက် ပေးနိုင်မည်**

*စာမျက်နှာ ၃ မှ*

### ပညာရေး၊ ကျန်းမာရေးဝန်ထမ်းများ၏ တာဝန်ထမ်းဆောင်မှုများကို ချီးကျူးအသိအမှတ်ပြု

ပြီးခဲ့သည့်သီတင်းကျွတ်၊ တန်ဆောင်တိုင်ကာလအတွင်း အဖျက်အမှောင့်လုပ်ရပ်များ မည်သို့ပင်ရှိနေသည်ဖြစ်သော်လည်း ပြည်သူလူထုတို့ စိတ်အေးချမ်းပျော်ရွှင်စွာ ဖြတ်သန်းနိုင်ရေး မိမိတို့အနေဖြင့် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ အလုပ်လုပ်ရန်လည်း လိုအပ်မည်ဖြစ်သဖြင့် အလုပ်လုပ်နိုင်ရေးအတွက် လူသားအရင်းအမြစ်ကောင်းများ ရရှိရန် မဖြစ်မနေ လိုအပ်မည်ဖြစ်ကြောင်း၊ လူသားအရင်းအမြစ်ကောင်းများရရှိရေးအတွက် ပညာရေးကိုအားပေးရမည်ဖြစ်ပြီး ကျောင်းနေအရွယ်ကလေးများအားလုံး အေးအေးချမ်းချမ်းဖြင့် ပညာသင်ကြားနိုင်ရန်လိုကြောင်း၊ အခြေခံပညာနှင့် ပတ်သက်၍ ပဋိပက္ခဖြစ်သည့်နယ်မြေများမှလွဲ၍ ကျန်နယ်မြေများတွင် ရာနှုန်းပြည့် ကျောင်းတက်ရောက်လျက်ရှိပြီး ပညာရေးဆုံးခန်းတိုင်သည်အထိ သင်ကြားနိုင်ရေး ဆရာ၊ ဆရာမများ အပြင် သက်ဆိုင်ရာ ဒေသဆိုင်ရာအစိုးရများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် တာဝန်ရှိသူများက အုပ်ချုပ်ရေးပိုင်း၊ လုံခြုံရေးပိုင်းဆိုင်ရာများတွင် ဝိုင်းဝန်းဆောင်ရွက်ပေးကြရန်လိုကြောင်း၊ အလားတူ အကြမ်းဖက်သမားများ၏ လုပ်ဆောင်မှုများကြောင့် အချို့တက္ကသိုလ်များ ပိတ်ခဲ့ရကြောင်း၊ အခက်အခဲများကြားမှ သင်ကြားရေးပိုင်းဆိုင်ရာ တာဝန်ထမ်းဆောင်နေကြသည့် ပညာရေးဝန်ကြီးဌာနမှ ဆရာ၊ ဆရာမများနှင့် ဒေသခံပြည်သူလူထု၏ ကျန်းမာရေးကို ဆောင်ရွက်ပေးနေသည့် ကျန်းမာရေးဝန်ထမ်းများကိုလည်း မိမိအနေဖြင့် ချီးကျူး အသိအမှတ်ပြုပါကြောင်း၊ ဒေသဆိုင်ရာအစိုးရများ၊ တာဝန်ရှိသူများအနေဖြင့်လည်း မိမိတို့ ဒေသအကျိုးအတွက် ရပ်ဝေးမှ လာရောက်တာဝန်ထမ်းဆောင်နေကြသည့် ပညာရေး၊ ကျန်းမာရေးဝန်ထမ်းများ၏ လုံခြုံရေးနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာကိစ္စရပ်များ အဆင်ပြေအောင် ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ မိမိတို့ဒေသအလိုက် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး အတွက် နယ်မြေဒေသရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးဆိုင်ရာ ဝန်ထမ်းများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဆောင်ရွက်ပေးရန်လိုကြောင်း၊ ပြည်သူ့လုံခြုံရေးစနစ်နှင့် ပတ်သက်၍လည်း နယ်မြေဒေသအလိုက် ဆောင်ရွက်ကြရန်လိုပြီး ပြည်သူနှင့် ပူးပေါင်းဆောင်ရွက်နိုင်မှသာလျှင် ဒေသအလိုက် လုံခြုံရေးကို အပြည့်အဝ ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း။

### ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးခံယူချက်ဖြင့် ဆောင်ရွက်လျက်ရှိ၊ အကြမ်းဖက်သမားများအနေဖြင့် ဒေသနှင့် ဒေသခံများ ခံစားရမည့် အကျိုးဆက်ကို ကိုယ်ချင်းစာဆောင်ရွက်ရန်လို

ရခိုင်ပြည်နယ်သည် လွန်ခဲ့သည့် နှစ်ပေါင်းများစွာ ကတည်းကပင် အခက်အခဲများ ကြုံတွေ့ခဲ့ရပြီး လမ်းပန်းဆက်သွယ်ရေးသည်လည်း ခက်ခဲကြောင်း၊ တပ်မတော်အစိုးရလက်ထက်မှ ယခုတိုင်အောင် ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုများကြောင့် ယခုအချိန်တွင် ရခိုင်ပြည်နယ်သည် ယခင်ကထက် အဆပေါင်းများစွာ ပြောင်းလဲတိုးတက်လာသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့သော တိုးတက်နေသည့် အခြေအနေကို မတည်မငြိမ်ဖြစ်အောင် လုပ်ဆောင်နေသည်မှာ ဒေသတွင်း၌ ရှိသည့် AA လက်နက်ကိုင် အဖွဲ့အစည်းသာလျှင်ဖြစ်ကြောင်း၊ ရခိုင်ဒေသသည် သဘာဝဘေးအန္တရာယ်ကိုလည်း မကြာခဏခံစားရလျက်ရှိပြီး ကူညီကယ်ဆယ်ရေး လုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို မကြာခဏ ဆောင်ရွက်ပေးနေရကြောင်း၊ ထို့ပြင် ဘင်္ဂါလီအရေးအခင်းကိုလည်း ကြုံတွေ့ခဲ့ရကြောင်း၊ ယခုထပ်မံ၍ AA လက်နက်ကိုင်အဖွဲ့အနေဖြင့် မြောက်ဦး၊ ကျောက်တော်၊ ပလက်ဝဒေသတို့တွင် လက်နက်ကိုင် အကြမ်းဖက်မှုများ ဖန်တီးလျက်ရှိကြောင်း၊ ထိုကဲ့သို့ ဒေသတွင်း၌ ပဋိပက္ခများဖြစ်ပေါ်နေခြင်း၏ ဆိုးကျိုးကို ဒေသခံများကသာ ခံစားရမည်ဖြစ်ပြီး ခေတ်အဆက်ဆက်တွင် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ ဆောင်ရွက်ပေးခဲ့သည့် လမ်း၊ တံတား၊ အဆောက်အဦများ၊ ရှေးဟောင်းအမွေအနှစ်များသည် အဖျက်အမှောင့်လုပ်ရပ်များကြောင့် တစ်ခဏတာအတွင်း ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်နိုင်မည်ဖြစ်ကြောင်း၊ ပြန်လည်ထူထောင်ရေးဆောင်ရွက်ရန်အတွက် များစွာအချိန်ယူဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိုခါမုန်တိုင်းတိုက်ခတ်မှုဒဏ်ခံခဲ့ရသည့်အချိန်တွင်လည်း ရခိုင်ပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တပ်မတော်နှင့် နိုင်ငံတော်မှ ပြင်းပြင်းထန်ထန်ကြိုးပမ်းဆောင်ရွက်ခဲ့ရသည်ကို တွေ့ရှိနိုင်မည်ဖြစ်ပြီး ယခုပွင့်လင်းရာသီတွင် ဒေသခံများ ပြန်လည်အလုပ်လုပ်နိုင်ရေး မိုးတွင်းကာလအတွင်း၌ပင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများပြီးစီးအောင် တွန်းအားပေး ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ တပ်မတော်အရာရှိကြီးများကို မြို့နယ်တစ်ခုချင်းစီအလိုက် တာဝန်ပေး၍ ၆ လခန့်ကာလအတွင်းပြီးစီးအောင် ဆောင်ရွက်ခဲ့ရခြင်းဖြစ်ပြီး ယခုပွင့်လင်းရာသီတွင် အလုပ်လုပ်နိုင်မှသာလျှင် ၎င်းနယ်မြေများသည် ပြန်လည်နာလန်ထူလာနိုင်မည်ဖြစ်သဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ သို့သော်လည်း ယခုဖြစ်ပေါ်နေသည့် လက်နက်ကိုင် အဖျက်အမှောင့်လုပ်ရပ်များကြောင့် ဖြစ်ပေါ်လာသည့် ဆိုးကျိုးများကို ဒေသခံများအနေဖြင့် ထပ်မံခံစားကြုံတွေ့နေရကြောင်း၊ မိမိတို့ဒေသ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရမည့်အချိန်တွင် အကြမ်းဖက်လုပ်ရပ်များကြောင့် ပျက်စီးခဲ့ရသည့် လမ်း၊ တံတားများကို ပြန်လည်တည်ဆောက်ခြင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့်သာ အချိန်ကုန်ပြီး ငွေကြေးများသုံးစွဲနေရကြောင်း၊ အလားတူ ကယားပြည်နယ်၊ **လွိုင်ကော်ဒေသတွင် ယခင်နှစ်ကလည်း KNPP နှင့် KNDF အကြမ်းဖက်အဖွဲ့များကြောင့် တိုက်ပွဲများ ဖြစ်ပွားခဲ့ပြီး အခြေအနေများ ပြန်လည်တည်ငြိမ်ခဲ့ချိန်တွင် ပြည်သူများအနေဖြင့် ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများကို ၎င်းတို့၏ ချွေးနှဲစာဖြင့် ဆောင်ရွက်ခဲ့ကြကြောင်း၊ ယခုအခါ KNPP အဖွဲ့များ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် လွိုင်ကော်မြို့ရှိ နေအိမ်အဆောက်အဦများစွာ ပျက်စီးခဲ့ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အလွန်ပင် ခက်ခဲသွားပြီဖြစ်ကြောင်း၊ လက်နက်ကိုင်အဖွဲ့များအနေဖြင့် ဆက်လက်၍ မိုက်တွင်းနက်နေမည်ဆိုပါက မိုက်တွင်းနက်သည့် ဒဏ်ကို ဒေသရှိပြည်သူများကသာ ခံစားရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မြေစာပင်ဖြစ်နေသည့် ပြည်သူကို ကိုယ်ချင်းစာရန်နှင့် ဆက်လက်၍ မမိုက်မဲကြဘဲ နိုင်ငံရေးနည်းလမ်းအရ ဖြေရှင်းရန်လိုမည်ဖြစ်ကြောင်း။**

ထို့ကြောင့် မိမိတို့ဒေသအကျိုး၊ တိုင်းပြည်အကျိုးကိုကြည့်၍ ဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့ လျှောက်လှမ်းနေသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်ကို အခြေခံသည့် ပြည်ထောင်စုစနစ်တွင် ၎င်းတို့တောင်းဆိုနေသည့် အချက်များအားလုံးပါဝင်ပြီးဖြစ်ပြီး ပြည်ထောင်စုကြီး လုံးဝပြိုကွဲ၍ရမည် မဟုတ်ကြောင်း၊ ဒို့တာဝန်အရေးသုံးပါးဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို အမျိုးသားရေးခံယူချက်ဖြင့် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ အဆိုပါ အမျိုးသားရေးလုပ်ငန်းသုံးရပ်ကိုအခြေခံ၍ ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် နိုင်ငံတော်ကို တည်ဆောက်ပေးထားခြင်းဖြစ်ပြီး ခိုင်ခိုင်မာမာဆောင်ရွက်ထားခြင်းဖြစ်သဖြင့် လုံးဝအထိခိုက်ခံမည်မဟုတ်ကြောင်း၊ အကြမ်းဖက်သမားများအနေဖြင့် ဒို့တာဝန်အရေးသုံးပါးကို ထိခိုက်လာပါက ဖြစ်ပေါ်လာသည့် အကျိုးဆက်များကို သက်ဆိုင်ရာဒေသနှင့် ဒေသခံများကသာ ခံစားရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အတွင်း ဖြစ်ပေါ်နေသည့် ပဋိပက္ခများကြောင့် စီးပွားရေးအရလည်း ထိခိုက်မှုရှိပြီး ခရီးသွားလုပ်ငန်း၌ များစွာထိခိုက်နစ်နာမှုရှိကြောင်း၊ နိုင်ငံရေးအရ၊ လုံခြုံရေးအရ တည်ငြိမ်အေးချမ်းမှသာလျှင် ပြည်တွင်း၊ ပြည်ပခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် တာဝန်ရှိသူများအနေဖြင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးကို အလေးထားဆောင်ရွက်ကြရန်လိုကြောင်း။

### လူထုအားကစားလှုပ်ရှားမှုမှသည် လူတိုင်းကျန်းမာကြံ့ခိုင်ရေး ဖော်ဆောင်ပေးရမည်

လက်ရှိအချိန်၌ ဆောင်းရာသီကာလ လူထုစုပေါင်းအားကစား ပျော်ရွှင်တက်ကြွစွာ လှုပ်ရှားမှုများကို တွေ့မြင်ရပြီး စုပေါင်းအားကစားလှုပ်ရှားမှုမှသည် လူတိုင်း၏ ကျန်းမာကြံ့ခိုင်ရေးသို့ ဖော်ဆောင်ပေးရန်လိုကြောင်း၊ အားကစားရာသီမှသာလျှင် အားကစားဆောင်ရွက်သည် မဟုတ်ဘဲ နွေ၊ မိုး၊ ဆောင်း ဥတုသုံးပါးလုံးတွင် ကိုယ်လက်လှုပ်ရှားမှုများ၊ အားကစားပြိုင်ပွဲများ ဆောင်ရွက်ကြရန်လိုပြီး ကျန်းမာရေးနှင့် ညီညွတ်သည့် နေထိုင်စားသောက်မှုများ ရှိရမည်ဖြစ်ကြောင်း၊ ထိုသို့ ကျန်းမာကြံ့ခိုင်မှသာလျှင် အလုပ်လုပ်နိုင်မည်၊ ပညာသင်ကြားနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် အားကစားရာသီ၊ အားကစားလှုပ်ရှားမှုမှသည် တစ်နှစ်ပတ်လုံး ကိုယ်လက်ကြံ့ခိုင်ရေးကို ဖော်ဆောင်ပေးနိုင်ရေး တိုက်တွန်းလိုကြောင်း၊ အစိုးရတစ်ရပ်အနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို ဘက်ပေါင်းစုံမှ နည်းလမ်းရှာ၍ ဖော်ဆောင်ပေးရမည်ဖြစ်ပြီး အမှန်တကယ် အလုပ်လုပ်ရန်နှင့် အောင်မြင်အောင်ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များ ဖြည့်စွက်မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

◆ **မိမိတို့ လျှောက်လှမ်းနေသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်ကို အခြေခံသည့် ပြည်ထောင်စုစနစ်တွင် ၎င်းတို့ တောင်းဆိုနေသည့် အချက်များအားလုံးပါဝင်ပြီးဖြစ်ပြီး ပြည်ထောင်စုကြီး လုံးဝပြိုကွဲ၍ရမည် မဟုတ်ကြောင်း၊ ဒို့တာဝန်အရေးသုံးပါးဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို အမျိုးသားရေးခံယူချက်ဖြင့် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ အဆိုပါ အမျိုးသားရေးလုပ်ငန်းသုံးရပ်ကိုအခြေခံ၍ ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် နိုင်ငံတော်ကို တည်ဆောက်ပေး ထားခြင်းဖြစ်ပြီး ခိုင်ခိုင်မာမာဆောင်ရွက်ထားခြင်းဖြစ်သဖြင့် လုံးဝအထိခိုက်ခံမည်မဟုတ်ကြောင်း၊ အကြမ်းဖက် သမားများအနေဖြင့် ဒို့တာဝန်အရေးသုံးပါးကို ထိခိုက်လာပါက ဖြစ်ပေါ်လာသည့် အကျိုးဆက်များကို သက်ဆိုင်ရာဒေသနှင့် ဒေသခံများကသာ ခံစားရမည်ဖြစ်**

## ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
အမိန့်ကြော်ငြာစာအမှတ် ၂၄၀ / ၂၀၂၃
၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်
၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့သော အောက်ဖော်ပြပါပုဂ္ဂိုလ်အား ဂုဏ်ထူးဆောင်ဘွဲ့ကို ချီးမြှင့်အပ်နှင်းလိုက်သည်-

**ပြည်ထောင်စုစည်သူသင်္ဂဟဘွဲ့**
**သရေစည်သူဘွဲ့**

၁။ Mr. Nikolai Platonovich Patrushev အတွင်းရေးမှူး၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီ

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## မြန်မာဆယ်မာအူးလ်ဂွန်ဂို(ကျေးရွာငွေတိုက်) အွန်လိုင်းသင်တန်းဖွင့်လှစ်

**နေပြည်တော် ဒီဇင်ဘာ ၄**

ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်နေပြည်သူများ၏ အဓိက ဝင်ငွေဖြစ်သော စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်ဆောင်ရွက်နိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ စုပေါင်း၍ ငွေကြေးစုဆောင်းခြင်း၊ ငွေကြေးစီမံခန့်ခွဲခြင်း၊ ငွေကြေးအရင်းအနှီး လှည့်ပတ်သုံးစွဲခြင်းတို့ကို စနစ်တကျ လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် ကျေးလက်နေပြည်သူများ၏ လူနေမှုအဆင့်အတန်း ပြောင်းလဲတိုးတက်လာစေရန် ကိုရီးယားနိုင်ငံ ဆယ်မာအူးလ်ဂွန်ဂိုအဖွဲ့ချုပ်နှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ပူးပေါင်း၍ မြန်မာဆယ်မာအူးလ်ဂွန်ဂို (ကျေးရွာငွေတိုက်)စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

**ရေဆင်းရှိ သင်တန်းကျောင်း၌ ဖွင့်လှစ်**

အဆိုပါ မြန်မာဆယ်မာအူးလ်ဂွန်ဂို (ကျေးရွာငွေတိုက်)စီမံကိန်းတွင် ပါဝင်သော ကျေးရွာငွေတိုက် ၂၀ မှ ကျေးရွာခေါင်းဆောင်များ၊ ကျေးရွာငွေတိုက်တာဝန်ခံ စိုက်ပျိုးရေးဝန်ထမ်းများအတွက် "မြန်မာဆယ်မာအူးလ်ဂွန်ဂို(ကျေးရွာငွေတိုက်) အွန်လိုင်းသင်တန်း" အမှတ်စဉ်(၁/၂၀၂၃)ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းရှိ စိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးသင်တန်းကျောင်းကို အခြေပြု၍ ဖွင့်လှစ်ခဲ့သည်။

**လက်ရှိတွင် ကျေးရွာငွေတိုက် ၃၅ ခု ဖွင့်လှစ်ထားရှိ**

ဒီဇင်ဘာ ၄ ရက်မှ ၆ ရက်အထိ သုံးရက်ကြာ ဖွင့်လှစ်မည့် မြန်မာဆယ်မာအူးလ်ဂွန်ဂို (ကျေးရွာငွေတိုက်) အွန်လိုင်းသင်တန်းတွင် သင်တန်းသား၊ သင်တန်းသူ ၇၅ ဦး တက်ရောက်လျက်ရှိပြီး လက်ရှိတွင် ကျေးရွာငွေတိုက် ၃၅ ခု ဖွင့်လှစ်ထားရှိကာ ငွေစုငွေချေးလုပ်ငန်းအပြင် ရရှိလာသည့် အကျိုးအမြတ်များဖြင့် ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် အခြေခံပညာကျောင်းသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနား တက်ရောက်

နေပြည်တော် ဒီဇင်ဘာ ၄

**၂၀၂၃-၂၀၂၄ ပညာသင်နှစ် အခြေခံပညာ ကျောင်းသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း (B) ရုံ၌ ကျင်းပသည်။**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန်၊ ဒေါက်တာဘရွှေနှင့် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အားကစားအဖွဲ့ခေါင်းဆောင်များ၊ အားကစားနည်းအလိုက် အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားမောင်မယ် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

**ထူးချွန်အားကစားသမားများကို ရွေးချယ်သွားမည်**

ဦးစွာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ညွန့်ဖေက ယခုကျင်းပသည့်အခြေခံပညာ ကျောင်းသား အားကစားပွဲတော်တွင် ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ပြေးခုန်ပစ်၊ ဘတ်စကက်ဘော၊ စားပွဲတင်တင်းနစ်နှင့် ကြက်တောင် အားကစားနည်းများကို ထည့်သွင်းကျင်းပသွားမည် ဖြစ်ကြောင်း၊ အားကစားနည်းအလိုက် ထူးချွန်ထက်မြက်သည့် အားကစားသမားများကို ရွေးချယ်သွားမည်ဖြစ်သည့်အတွက် ကြိုးစားယှဉ်ပြိုင်ကြစေလိုကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန်၊ ဒေါက်တာဘရွှေ၊ ဦးရန်ကျော်နှင့် ပြည်ထောင်စုဝန်ကြီးများ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် အခြေခံပညာကျောင်းသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြည့်ရှုအားပေးစဉ်။

အားကစား မောင်မယ်များအနေဖြင့် မိမိ၏ဂုဏ်၊ ကျောင်း၏ဂုဏ်၊ မြို့နယ်၏ဂုဏ်၊ တိုင်းဒေသကြီး/ ပြည်နယ်၏ ဂုဏ်ကို အားကစားထူးချွန်မှုဖြင့် စွမ်းဆောင်မြှင့်တင်ပေးရမည် ဖြစ်ကြောင်း၊ အားကစားပြိုင်ပွဲများ ပါဝင်ယှဉ်ပြိုင်ရာတွင် တရားသော ယှဉ်ပြိုင်ခြင်းဖြင့် ယှဉ်ပြိုင်ကြရမည်ဖြစ်ကြောင်း၊ အားကစားဆိုသည်မှာ အနိုင်အရှုံး တစ်ခုတည်းကို ဦးတည်ယှဉ်ပြိုင်ခြင်းမျိုးမဟုတ်ဘဲ ဖွဲ့ရှိမှု၊ စိတ်ခါတ်ကြံ့ခိုင်မှု၊ သည်းခံမှု၊ စည်းလုံးညီညွတ်မှု၊ ပူးပေါင်းဆောင်ရွက်မှု၊ စည်းကမ်းရှိသေလေးစားလိုက်နာမှု ယဉ်ကျေးလိမ္မာမှု အားကစားကို ချစ်မြတ်နိုးမှု စသည်တို့ကိုပါ ဖော်ထုတ်ပြသရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် အားကစားမောင်မယ် ကျောင်းသား ကျောင်းသူများအနေဖြင့် ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလ၊ ဘောဂဗလ ဟူသည့် ဗလငါးတန်နှင့်ပြည့်စုံပြီး ထူးချွန်ထက်မြက်သော နိုင်ငံ့သားကောင်းများ ဖြစ်ပေါ်လာစေရန် ကြိုးစားကြစေလိုကြောင်း။

မိမိတိုင်းဒေသကြီး/ပြည်နယ်များ၏ ဂုဏ်ကိုဆောင်နိုင်သည့် ကျောင်းသား ကျောင်းသူများ ဖြစ်အောင် ကြိုးစားယှဉ်ပြိုင်ကြပြီး နိုင်ငံတော်မှ အားထားရသည့် အားကစားသမားများ ပေါ်ထွက်လာအောင် ကြိုးစားကြစေလိုကြောင်း၊ နိုင်ငံတော်၏ အနာဂတ်ကို လက်ဆင့်ကမ်း ပခုံးပြောင်းတာဝန်ယူနိုင်သည့် လူငယ်လူရွယ်များဖြစ်အောင် ကြိုးစားကြစေလိုကြောင်း ပြောကြားပြီး "အခြေခံပညာ ကျောင်းသား အားကစားပွဲတော်" ကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ကျောင်းသားအားကစားပွဲတော် အထိမ်းအမှတ်အလံကို အားကစားမောင်မယ်များက စုပေါင်းသယ်ယူ၍လွှင့်တင်ပြီး အခြေခံပညာ ကျောင်းသား အားကစားပွဲတော်တွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် အားကစားမောင်မယ်ကျောင်းသားကျောင်းသူများက အားကစားသစ္စာအဓိဋ္ဌာန်ကို ရွတ်ဆိုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများသည် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်အသင်းများမှ အသင်းအုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

**ကျွမ်းဘားသရုပ်ပြသမှု ကြည့်ရှု**

ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာကြသူများက အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများနှင့် မြန်မာနိုင်ငံ ကျွမ်းဘားအဖွဲ့ချုပ်တို့မှ အားကစားသမားများက အေရိုးဗစ်အက၊ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးအစီအစဉ် အတွဲ (၃/၄)၊ Physical Fitness Dance နှင့် ကျွမ်းဘားအားကစား သရုပ်ပြသမှုတို့ကို ကြည့်ရှုအားပေးကြသည်။



၂၀၂၃-၂၀၂၄ ပညာသင်နှစ် အခြေခံပညာ ကျောင်းသား အားကစားပွဲတော်ကို ဒီဇင်ဘာ ၄ ရက်မှ ၁၅ ရက်အထိ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ အားကစားရုံများ၌ ကျင်းပသွားမည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အဖွဲ့ခေါင်းဆောင်များ၊ အုပ်ချုပ်သူ၊ နည်းပြများ၊ အားကစားသမားများ စုစုပေါင်း ၁၈၅၀ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ပန္နရသမအစည်းအဝေး ပထမနေ့ ကျင်းပ



**ရန်ကုန် ဒီဇင်ဘာ ၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ပန္နရသမအစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေး ကုန်းမြေ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ အကျိုးတော်ဆောင် သန်လျင်မင်းကျောင်း ပထမပြန်စာသင်တိုက်၊ ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသည့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်**(ယာပုံ)**၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ)နှင့် သာသနာရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ တိုင်းဒေသကြီး/ ပြည်နယ် သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

**အခမ်းအနားမှူးအဖြစ် ဆောင်ရွက်**

အစည်းအဝေးတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသက သဘာပတိအဖြစ် ဆောင်ရွက်တော်မူပြီး တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တစန္ဒဝံသာလင်္ကာရာဘိဝံသက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်တော်မူသည်။

ဦးစွာ အခမ်းအနားမှူးဆရာတော်က အစည်းအဝေး စတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေး အထမြောက်အောင်မြင်ကြောင်း ကြေညာသသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မင်းကျောင်း ပထမပြန်စာသင်တိုက်၊ ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသက အစည်းအဝေးဖွင့် သာရဏီယ ဩဝါဒကထာ မြွက်ကြားသည်။

**(နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော်၏ သာရဏီယဩဝါဒကထာကို စာမျက်နှာ-၇ တွင် သီးခြားဖော်ပြထားပါသည်။)**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

**ကဏ္ဍအလိုက် တင်သွင်းလျှောက်ထား**

ဆက်လက်၍ အဋ္ဌမအကြိမ်နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ဒုတိယအဖွဲ့ခွဲ၏ ဆဋ္ဌမအကြိမ် တာဝန်ကျရာ ကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာ အကျဉ်းကို တာဝန်ကျအဖွဲ့ခွဲကိုယ်စား တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဇောတိဿရက တင်သွင်းလျှောက်ထားပြီး အဋ္ဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၊ ဒုတိယအဖွဲ့ခွဲ၏ ဆဋ္ဌမအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာကို ကဏ္ဍအလိုက် တင်သွင်းကြရာ ဝိနိစ္ဆယရေးရာ အစီရင်ခံစာကို အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိသုဒ္ဓါစာရာဘိဝံသက လည်းကောင်း၊ သာသနာရေးရာ အစီရင်ခံစာကို အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဥတ္တရက လည်းကောင်း၊ ပညာရေးရာ အစီရင်ခံစာကို အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒဝရက လည်းကောင်း ကဏ္ဍအလိုက် တင်သွင်းလျှောက်ထားသည်။

ထို့နောက် ဝိနိစ္ဆယရေးရာကိစ္စများကို တင်ပြလျှောက်ထားရာ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများက ဝေဖန်ဆွေးနွေး ဆုံးဖြတ်တော်မူကြပြီး အစည်းအဝေးကို နံနက် ၉ နာရီ ၄၅ မိနစ်တွင် ရပ်နားသည်။

ယင်းနောက် အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ပန္နရသမ အစည်းအဝေး ပထမနေ့ ဒုတိယပိုင်းကို မွန်းလွဲ ၁ နာရီတွင် ဆက်လက်ကျင်းပခဲ့ပြီး သာသနာရေးရာ၊ ဝိနိစ္ဆယရေးရာကိစ္စရပ်များကို တင်ပြလျှောက်ထားရာ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများက ဝေဖန်ဆွေးနွေးဆုံးဖြတ်တော်မူကြပြီး အစည်းအဝေးကို မွန်းလွဲပိုင်း၌ ရပ်နားသည်။

**ဆက်ကပ်လှူဒါန်း**

ယနေ့အစည်းအဝေးသို့ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများအား အရုဏ်ဆွမ်းအလှူရှင်အဖြစ် ဖခင် ဦးမောင်မောင်၊ မိခင် ဒေါ်ခင်ခင်ကြီးတို့ကို ရည်စူး၍ သမီး(သဒ္ဓမ္မဇောတိကဓဇ) ဒေါ်ပြုံးဝေသီနှင့် နေ့ဆွမ်းအလှူရှင်အဖြစ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ(ငြိမ်း)၊ ဇနီး ဒေါ်ကြိုင်ကြိုင် အမှူးပြုသည့် ဓမ္မမိတ်ဆွေများက ဆက်ကပ်လှူဒါန်းခဲ့ကြသည်။ **သတင်းစဉ်**

# (၁၅) ကြိမ်မြောက် ဗုဒ္ဓဂယာမဟာကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပြီး သံဃာတော်များနှင့် သီလရှင်များအား အလှူငွေများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဒီဇင်ဘာ ၄**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပန္နရသမအကြိမ် (၁၅) ကြိမ်မြောက် ဗုဒ္ဓဂယာမဟာကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၆ ရက်တွင် အိန္ဒိယနိုင်ငံ ဗီဟာပြည်နယ် ဂယာမြို့ ဗုဒ္ဓဂယာ



မြန်မာဘုန်းတော်ကြီးကျောင်း၌ ကျင်းပရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း၊ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ စစ်သံမှူး(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် ဗုဒ္ဓဂယာဘုရားဖူး ခရီးသည်များ တက်ရောက်ကြပြီး ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းခဲ့သည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီး၊ အိန္ဒိယနိုင်ငံဆိုင်ရာမြန်မာသံအမတ်ကြီးနှင့် အဖွဲ့ဝင်များသည် အိန္ဒိယနိုင်ငံ ကုသိနာရုံမြို့ ကုသိနာရုံကျောင်းတိုက်မှ ဆရာတော်ကြီး အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဉာဏိဿရနှင့် ဂယာမြို့ ဗုဒ္ဓဂယာ မြန်မာကျောင်းတိုက် ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တတေဇိန္ဒတို့အား ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ပြီး သံဃာတော်များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ လှူဒါန်းသော အလှူငွေများကို ကျောင်းနေ သံဃာတော်၊ သီလရှင်နှင့် ပညာသင် သံဃာတော်၊ သီလရှင် ၅၆၄ ပါးတို့အား သံဃာတော်တစ်ပါးလျှင် ရူပီး ၁၀၀၀၊ သီလရှင်တစ်ပါးလျှင် ရူပီး ၁၀၀၀ နှင့် ကိုရင်တစ်ပါးလျှင် ရူပီး ၅၀၀ နှုန်းဖြင့် စုစုပေါင်း ရူပီး ၅၁၆,၀၀၀ တို့ကို ဆက်ကပ်လှူဒါန်းခဲ့ပြီး သံဃာတော်များနှင့် သီလရှင်တို့ကို နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီးသည် နီပေါနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့်အတူ နိုဝင်ဘာ ၂၈ ရက်တွင် နီပေါနိုင်ငံ လုမ္ဗိနီဥယျာဉ်ရှိ လုမ္ဗိနီမြန်မာရွှေကျောင်းတော်ကြီးသို့ သွားရောက်၍ နှစ်ထပ်တည်းခိုဆောင်၊ ဆွမ်းစားဆောင်၊ သုံးထပ် တည်းခိုဆောင်တို့ကို ကြည့်ရှုစစ်ဆေးပြီး မြန်မာဘုရားဖူး ခရီးသည်များ စိတ်ချမ်းမြေ့စွာ တည်းခိုနေထိုင်နိုင်ရေး၊ အစားအသောက်များ သန့်ရှင်းရေး ဆွေးနွေးညှိနှိုင်း၍ လုမ္ဗိနီမြန်မာရွှေကျောင်းတော်ကြီးတွင် သာသနာပြု တာဝန်ထမ်းဆောင်နေသော ဆရာတော်များအား ဖူးမြော်ကြည်ညိုကာ နဝကမ္မအလှူတော်ငွေများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးအေးထွန်းနှင့် အဖွဲ့ဝင်များသည် အိန္ဒိယနိုင်ငံ ဗီဟာပြည်နယ် ဂယာမြို့မှ ဒီဇင်ဘာ ၁ ရက် ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ရာ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရှားငံမြို့နယ်၌ သမဝါယမအသင်းများသို့ ရန်ပုံငွေပေးအပ်

**ရှာင် ဒီဇင်ဘာ ၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှာင်မြို့နယ်အတွင်းရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ပေးအပ်ခြင်းအခမ်းအနားကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၃၀ ရက်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ဦးက အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိနှင့် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးတို့က ရန်ပုံငွေထုတ်ပေးခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ ကော်ဖီကုန်ထုတ်လုပ်ငန်းဆောင်ရွက်နေသည့် မြို့နယ်သမဝါယမအသင်းစုသို့ ငွေကျပ်သန်း ၁၀၀၊ ထမင်းပေါင်းလယ်ယာနှင့် အထွေထွေစီးပွားရေးသမဝါယမအသင်းသို့ ငွေကျပ်သန်း ၁၀၀၊ မြိုင်လယ်ယာနှင့် အထွေထွေစီးပွားရေးသမဝါယမအသင်းသို့ ငွေကျပ်သန်း ၁၀၀ နှင့် စိုက်ပျိုးရေးအစုအဖွဲ့နှစ်ဖွဲ့သို့ ငွေကျပ်သန်း ၁၆၀ စုစုပေါင်းငွေကျပ်သန်း ၄၆၀ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မင်းကျောင်းပထမပြန်စာသင်တိုက်၊ ပဓာနနာယက ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ မဟာထေရ်၏ အစည်းအဝေးဖွင့် သာရဏီယ ဩဝါဒကထာ

**ဆရာတော်အရှင်မြတ်တို့ဘုရား–**

၁၉၈၀–ပြည့်နှစ်တွင် သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးကိုဦးတည်၍ အယူသီလတူမျှကြသော သုဓမ္မာ၊ ဒွါရ၊ ရွှေကျင် စသည့် ဂိုဏ်းကြီး (၉)ဂိုဏ်းကို အတည်ပြု၍ ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီး ကျင်းပကာ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများကို ပြဋ္ဌာန်းတော်မူနိုင်ခဲ့ကြပါသည်။ ယင်းအခြေခံစည်းမျဉ်းနှင့်လုပ်ထုံးလုပ်နည်းများအရ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်ကို ဖွဲ့စည်းလျက် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို ဆောင်ရွက်လာခဲ့ရာ ထိုအဖွဲ့အစည်းကြီး၏ သက်တမ်းသည်ပင် ပထမအကြိမ်မှစ၍ အဋ္ဌမအကြိမ်တိုင်ရောက်ရှိလာကာ နှစ်ပရိစ္ဆေဒအားဖြင့် ၄၃–နှစ်တိုင်ကြာညောင်းခဲ့ပြီး မယိမ်းမယိုင် ရပ်တည်လာနိုင်ခဲ့ကြပါသည်။ ယင်းသို့ ဆောင်ရွက်နိုင်ခဲ့ကြခြင်းမှာလည်း ကျေးဇူးတော်ရှင် ရှေးရှေး ဒီဃဒဿီဆရာအဆက်ဆက်၏ ဒက္ခ, အနလသ, ဝီမံသ အရည်အသွေးတို့ကြောင့် ဖြစ်ပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား–**

သမ္ပဒါလေးပါးတို့တွင် ဥဋ္ဌာနသမ္ပဒါကို " တတ္ထ ဒက္ခော ဟောတိ အနလသော၊ တတြုပါယာယ ဝီမံသာယ သမန္နာဂတော အလံ ကာတုံ အလံ သံဝိဓာတုံ" ထိုမိမိတို့ လုပ်ငန်းကိစ္စအဝဝ၌ ကျွမ်းကျင်၏။ မပျင်းမရိလုလ္လရှိ၏။ လုပ်ငန်းကိစ္စတိုင်းတွင် စူးစမ်းနှိုင်းချိန်တတ်သော ပညာနှင့်ပြည့်စုံ၏။ ပြုလုပ်နိုင်စွမ်းရှိ၏။ စီမံနိုင်စွမ်းရှိ၏ ဟု အင်္ဂုတ္တိုရ်ပါဠိတော် (အံ၊ စတုက္ကနိပါတ။ ၃၄၄) တွင် မြတ်ဗုဒ္ဓမိန့်ကြားတော်မူခဲ့ပါသည်ဘုရား။

ထိုမြတ်ဗုဒ္ဓ၏ ဒေသနာတော်ကို ဦးထိပ်ပန်ဆင်ကြ၍ သံဃာ့အဖွဲ့အစည်းကြီးကို တည်ထောင်ဖွဲ့စည်း၍ တာဝန်ကျေကျေထမ်းဆောင်တော်မူခဲ့ကြသည့် ဆရာ့ ဆရာမထေရ်တို့သည် မိမိတို့ဆောင်ရွက်ရမည့် ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာ၊ ပညာရေးရာဟူသော သာသနာတော်ကိစ္စဟူသမျှတို့၌ ကျွမ်းကျင်သော၊ စူးစမ်းနှိုင်းချိန်နိုင်သည့် ပညာနှင့်ပြည့်စုံသော၊ ပြုလုပ်ရန် စီမံခန့်ခွဲရန်လည်း စွမ်းနိုင်သော အရည်အချင်းပြည့်ဝသည့် မထေရ်မြတ်များဖြစ်ကြသည်ကို ယုံမှားဖွယ်မရှိပါဘုရား။ အဘယ်ကြောင့်ဆိုသော် ယနေ့တိုင် သံဃာ့အဖွဲ့အစည်းကြီး၏ လုပ်ငန်းများ အစဉ်မပျက်၊ အရှိန်အဟုန်မပျက် သာသနာသန့်ရှင်းတည်တံ့ပြန့်ပွားရေးကိစ္စရပ်များ ဆောင်ရွက်နိုင်လျက်ရှိခြင်းကပင် သက်သေဖြစ်နေပါသည်ဘုရား။ ထိုသို့ ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာ၊ ပညာရေးရာတို့၌ ဆောင်ရွက်ရန် စည်းမျဉ်းစည်းကမ်းများကို အားနည်းချက်၊ လစ်ဟာချက်များ နည်းသည်ထက်နည်းအောင် ရေးဆွဲပြဋ္ဌာန်းရာတွင်လည်း ဘုရားရှင်၏ဓမ္မဝိနယနှင့်လျော်ညီစွာ ရေးဆွဲခဲ့၍လည်း ဖြစ်ပါသည် ဘုရား။



ဝိနိစ္ဆယရေးရာနှင့်ပတ်သက်၍ အဓိကရုဏ်းမှုခင်းတစ်ခုစတင်ဖြစ်ပွားသည်မှစ၍ အေးငြိမ်းသည့်တိုင်အောင် လုပ်ငန်းစဉ်များကို အသေးစိတ် ပြည့်စုံစွာ ပြဋ္ဌာန်းသတ်မှတ်ခဲ့သည့်အပြင် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်လည်း အာဏာစက် ဓမ္မစက်၊ ပဂ္ဂဟ နိဂ္ဂဟလမ်းစဉ်ဖြင့် ပြီးပြတ်သည်အထိ ပြဋ္ဌာန်းဆောင်ရွက်နိုင်ခဲ့ပါသည်ဘုရား။ သာသနာရေးရာနှင့် ပတ်သက်၍ နိုင်ငံတော်ဩဝါဒါစရိယ၊ နိုင်ငံတော်သံဃမဟာနာယက၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ နိုင်ငံတော်ဝိနည်းဓိုရ်ဟူသော နိုင်ငံတော်အဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်နာယက၊ ဝန်ဆောင်၊ ဝိနည်းဓိုရ်စသည်ဖြင့် ရပ်/ကျေးအဆင့်အထိ တိုင်းဒေသကြီး/ပြည်နယ်အလိုက်၊ ဂိုဏ်းအသီးသီးအလိုက် အဖွဲ့အစည်းအဆင့်ဆင့်ကိုလည်း တိကျခိုင်မာသည့် အဖွဲ့အစည်းတစ်ရပ်ဖြစ်အောင် ဖွဲ့စည်းနိုင်ခဲ့ပြီးဖြစ်ပါသည်ဘုရား။ ထို့အပြင် သံဃာ့အဖွဲ့အစည်းများသာမက သီလရှင်အမှုဆောင်အဖွဲ့အစည်း အဆင့်ဆင့်ကိုလည်း ဖွဲ့စည်းနိုင်ခဲ့ပြီဖြစ်ပါသည်ဘုရား။

ပညာရေးရာနှင့်ပတ်သက်၍လည်း အဆင့်အမြင့်ဆုံး တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးကို စည်းမျဉ်းစည်းကမ်းအလိုက် ကျင်းပနိုင်ခဲ့သည်မှာ စိန်ရတုနှစ်ပင်တိုင်ခဲ့ပြီးဖြစ်ပါသည်ဘုရား။ အလားတူပင် အစိုးရဓမ္မာစရိယ၊ ပါဠိပထမပြန်၊ အစိုးရနိကာယ်၊ အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စသော စာမေးပွဲအသီးသီးကိုလည်း သက်ဆိုင်ရာ စာမေးပွဲများ၏ စည်းမျဉ်းစည်းကမ်းများအတိုင်း နှစ်စဉ်ကျင်းပနိုင်ခဲ့ပါသည်ဘုရား။ ထို့အပြင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီး၏ စီမံတည်ထောင်မှုဖြင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများကိုလည်း ၁၃၄၈ (၁၉၈၆–၈၇)ခုနှစ်ကပင် စတင်ဖွင့်လှစ်လာခဲ့ရာ ယခုအချိန်အထိ အရှိန်အဟုန်မပျက် ဖွင့်လှစ်သင်ကြားနေဆဲပင်ဖြစ်ပါသည်ဘုရား။ နိုင်ငံတကာအဆင့်နှင့်ယှဉ်၍ ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ သာသနာသုံးရပ် ကမ္ဘာအနှံ့ပြန့်ပွားစေရန် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ကြီးကိုလည်း ၁၉၉၈ –ခုနှစ်တွင် တည်ထောင်ဖွင့်လှစ်၍ ယနေ့တိုင် နိုင်ငံသား ရဟန်းတော်သီလရှင်၊ ယောဂီများသာမက ကမ္ဘာ့နိုင်ငံပေါင်းများစွာမှ ရဟန်း၊ သီလရှင်၊ ယောဂီ ကျောင်းသား ကျောင်းသူပေါင်းများစွာတို့ကို သင်ကြားပို့ချပေးနိုင်ခဲ့ပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား–**

ရှေးရှေးဆရာ့ဆရာ ဒီဃဒဿီမထေရ်တို့၏ တာဝန်များကို လက်ဆင့်ကမ်း တာဝန်ထမ်းဆောင်ကြသည့် တပည့်တော်တို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဆရာတော်များသည်လည်း ရှေးဆရာထေရ်တို့၏ထုံးကို နှလုံးမူ၍ ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာ၊ ပညာရေးရာကိစ္စရပ်များ၌ ကျွမ်းကျင်သော၊ စူးစမ်းနှိုင်းချိန်နိုင်သည့် ပညာနှင့်ပြည့်စုံသော၊ ပြုလုပ်ရန် စီမံခန့်ခွဲရန်လည်း စွမ်းနိုင်သော အရည်အချင်းပြည့်ဝသည့် အရှင်မြတ်များဖြစ်လာစေရန် ပိဋကတ်တော် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ၊ ဂဏ္ဌိစသည်များ၊ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းလုပ်ထုံးလုပ်နည်း၊ ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ဝိနိစ္ဆယလက်စွဲ၊ သံဃနာယကလက်စွဲ၊ ညွှန်ကြားလွှာ စသည်များကို ကျေညက်အောင် လေ့လာထားရမည်ဖြစ်ပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား–**

အထူးသတိပေးလျှောက်ထားလိုသည်မှာ–

ဆန္ဒာ ဒေါသာ ဘယာ မောဟာ၊ ယော ဓမ္မံ အတိဝတ္တတိ။

နိဟီယတိ တဿ ယသော၊ ကာဠပက္ခေဝ စန္ဒိမာ (ဝိ/၅၊ ၂၉၄)

အဂတိ ၄–ပါး လိုက်သောပုဂ္ဂိုလ်၏ ဂုဏ်သတင်းကျော်စောခြင်းစသည် သည် လဆုတ်ပက္ခ၌ လကဲ့သို့ တစ်နေ့တခြား ဆုတ်ယုတ်၏ ဟူသော ဗုဒ္ဓမြတ်စွာ၏ ဒေသနာတော်ကို ဦးထိပ်ပန်ဆင်၍ အဂတိလေးပါးကင်းစင်အောင် အမြဲမပြတ် နှလုံးသွင်းဆင်ခြင်သင့်ပါသည်ဘုရား။ ထိုလေးပါးတို့တွင် ဆန္ဒာဂတိ၊ ဒေါသာဂတိ၊ ဘယာဂတိတို့မှ ကင်းစင်ရန် သတိသမ္ပဇဉ် အမြဲယှဉ်ပါက လွယ်ကူသော်လည်း မောဟာဂတိ ကင်းစင်ရန် မလွယ်ကူပါ။ **" လောက မဖျင်းစေနှင့် ဓမ္မမယွင်းစေနှင့်"** ဟူသော ရှေးပညာရှိတို့၏ အဆိုအမိန့်နှင့်အညီ လောကဘက်၊ ဓမ္မဘက် နှစ်ဖက်လုံးကျွမ်းကျင်နေမှသာ မောဟာဂတိမှ ကင်းစင်နိုင်ပါသည်။ သို့ဖြစ်၍ မိမိတို့ လုပ်ငန်းကိစ္စအဝဝ၌ ကျွမ်းကျင်နှံ့စပ်သည့် ဆရာတော်များအဖြစ် ကျရောက်လာသည့် တာဝန်ဝတ္တရားများကို အဂတိကင်းစွာ ဆောင်ရွက်နိုင်ကြပါစေကြောင်းတိုက်တွန်းရင်း ဘုရားတပည့်တော်၏ဩဝါဒကထာကို နိဂုံးကမွတ်အဆုံးသတ်အပ်ပါသည် ဆရာတော်အရှင်သူမြတ်တို့ဘုရား။

# မွေးမြူရေး၊ စိုက်ပျိုးရေးနှင့် ကုန်ထုတ်လုပ်ရေးကဏ္ဍတို့တွင် ပြည်သူများအလုပ်အကိုင် အခွင့်အလမ်းရရှိအောင် ဌာနဆိုင်ရာတာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးကြရန်လို

**ဘားအံ ဒီဇင်ဘာ ၄**

ကရင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် ပြည်သူအကျိုးပြုလုပ်ငန်းများဆောင်ရွက်ရာတွင် ပိုမိုထိရောက် မြန်ဆန်စေရေးအတွက် ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၏ (၈/၂၀၂၃) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက ဘားအံမြို့ ခွဲကပင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ကရင်ပြည်နယ်ဝန်ကြီးချုပ်က စက်မှုဇုန်များ၊ မွေးမြူရေးဇုန်များကို ပီပြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရန်လိုပြီး လူနေအိမ်များ ဝင်ရောက်ကျူးကျော် ဆောက်လုပ်နေထိုင်ခြင်း မရှိစေရေး စိစစ်ကြပ်မတ်အရေးယူ ဆောင်ရွက်ရန်လိုကြောင်း၊ မြေယာအမျိုးအစားပေါ် မူတည်၍သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် ဥပဒေ၊ နည်းဥပဒေနှင့်အညီ စိစစ်ကြပ်မတ်ဆောင်ရွက်စေလိုပြီး မွေးမြူရေး၊ စိုက်ပျိုးရေးနှင့် ကုန်ထုတ်လုပ်ရေးကဏ္ဍတို့တွင် ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိအောင် ကူညီ ဆောင်ရွက်ပေးကြစေလိုကာ သီးထပ်သီးညှပ်များဖြင့် စိုက်ပျိုးစွမ်းအား မြင့်မားရေးအတွက် အလေးထားဆောင်ရွက်ရန် တွန်းအားပေးကြပ်မတ်ဆောင်ရွက်ကြစေလိုကြောင်း၊ ဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်သည့် စီမံကိန်းလုပ်ငန်းများကို ကွင်းဆင်းစိစစ်ကြပ်မတ်ရန်လိုပြီး ရသုံးမှန်းခြေငွေစာရင်း လျာထားချက်များ ပြည့်မီကျော်လွန်အောင် ဆောင်ရွက်ကြစေ လိုကြောင်း ပြောကြားသည်။



ထို့နောက် ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ယခင်အပတ် (၇/၂၀၂၃)ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးစိုးလွင်က နိုင်ငံသား စိစစ်ရေးဆိုင်ရာများ၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးက မြေယာနှင့် စိုက်ပျိုးရေးဆိုင်ရာများ၊ စီမံခန့်ခွဲရေးဆိုင်ရာများကို ဆွေးနွေးတင်ပြပြီး ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြကြသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဒီဇင်ဘာ ၄**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ နမ့်စန်မြို့ (ရှမ်းပြည်နယ်တောင်ပိုင်း)တွင် ၀ ဒသမ ၂၇ လက်မ၊ ဟဲဟိုးမြို့တွင် ၀ ဒသမ ၂၄ လက်မ၊ လွိုင်လင်မြို့တွင် ၀ ဒသမ ၁၆ လက်မနှင့် မိုင်းယန်းမြို့နှင့် ရမည်းသင်းမြို့တို့တွင် ၀ ဒသမ ၁၂ လက်မစီတို့ ဖြစ်ကြသည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (International Committee of the Red Cross-ICRC)၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms. Elena Ajmone Sessera ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဒီဇင်ဘာ ၄**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန (၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်သည် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (International Committee of the Red Cross–ICRC)၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်ဖြစ်သူ Ms. Elena Ajmone Sessera ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ရုံးအမှတ် (၄၁)၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၂)၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (International Committee of the Red Cross–ICRC) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်ဖြစ်သူ Ms. Elena Ajmone Sessera တို့သည် လူသားချင်းစာနာထောက်ထားမှုအကူအညီများ ပေးအပ်ရေးကိစ္စနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ နိုင်ငံတကာဥပဒေများ လိုက်နာရေးကိစ္စရပ်များနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် စက်မှုတိုင်း(၁)၊ စက်မှုလုပ်ခွင် သင်တန်းကျောင်း ကြည့်ရှု

**နေပြည်တော် ဒီဇင်ဘာ ၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုတိုင်း (၁)၊ စက်မှုလုပ်ခွင် သင်တန်းကျောင်းကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား စက်ယန္တရားသုံးစွဲခြင်းဆိုင်ရာ ကျွမ်းကျင်ထက်မြက်သော စက်ပြင်များနှင့် စနစ်တကျကိုင်တွယ် ထိန်းသိမ်းနိုင်သော စက်မောင်းများ သင်ကြားလေ့ကျင့်မွေးထုတ်ပေးနိုင်ရေးနှင့် လုပ်ငန်းခွင်ကြီးကြပ် သင်တန်းများ၊ စွမ်းဆောင်ရည်မြှင့် မွမ်းမံသင်တန်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရေး ဆွေးနွေးမှာကြားသည်။



**သင်တန်း စုစုပေါင်း ၂၅၅ ခု ဖွင့်လှစ်ပို့ချ**

ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုတိုင်း (၁)၊ စက်မှုလုပ်ခွင်သင်တန်းကျောင်းကို စတင်ဖွင့်လှစ်သည့် ၁၉၇၄–၁၉၇၅ ဘဏ္ဍာရေးနှစ်မှ ၂၀၂၃ ခုနှစ် စက်တင်ဘာလအထိ သင်တန်း စုစုပေါင်း ၂၅၅ ခု ဖွင့်လှစ်ပို့ချခဲ့ပြီး သင်တန်းသားသင်တန်းသူ စုစုပေါင်း ၁၂၆၁ ဦးကို သင်ကြားလေ့ကျင့်ပေးနိုင်ခဲ့သည်။ မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု စံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (National Skills Standards Authority – NSSA) နှင့် ချိတ်ဆက်၍ မြေတူးစက်မောင်း လုပ်သားကျွမ်းကျင်မှုအဆင့် (၁) အကဲဖြတ်ဌာနကို ၂၀၁၇ ခုနှစ်တွင် လည်းကောင်း၊ ကျွမ်းကျင်မှုအဆင့်(၂) အကဲဖြတ်ဌာနကို ၂၀၂၀ ပြည့်နှစ်တွင် လည်းကောင်း စတင်ဖွင့်လှစ်ပြီး ယနေ့ထိ ကျွမ်းကျင်လုပ်သား ၂၈၂ ဦးကို စစ်ဆေးအကဲဖြတ်နိုင်ခဲ့ပြီးဖြစ်သည်။ အလားတူ မော်ဘီအလုပ်ရုံ (က)တွင် သံရည်ကျို ပုံသွန်းလုပ်သား ကျွမ်းကျင်မှု အဆင့် (၁) နှင့် အဆင့်(၂) အကဲဖြတ်ဌာနကိုလည်း ၂၀၁၆ ခုနှစ်တွင် စတင်ဖွင့်လှစ်ကာ ကျွမ်းကျင်လုပ်သား ၄၁ ဦးကို စစ်ဆေးအကဲဖြတ်နိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် မင်္ဂလာဒုံမြို့နယ်ရှိ စိုက်ပျိုးရေးဦးစီးဌာန ဥယျာဉ်ခြံ၊ ဟင်းသီးဟင်းရွက်နှင့် အပင်ဇီဝနည်းပညာဌာနခွဲ၊ အပင်ဇီဝနည်းပညာဗဟိုဌာန၏ လုပ်ငန်းဆောင်ရွက်နေမှုများကို လည်းကောင်း၊ ပြခန်းများ၊ Molecular ဓာတ်ခွဲခန်းများ၊ သီးနှံအရည်အသွေး စစ်ဆေးခန်းများ၊ တစ်သျှူးဓာတ်ခွဲခန်းများ၊ ဇီဝလုံခြုံမှုအဆင့် ဓာတ်ခွဲခန်းလုပ်ငန်း ဆောင်ရွက်နေမှုများကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

**နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိ**

အပင်ဇီဝနည်းပညာဗဟိုဌာန အနေဖြင့် သီးနှံမျိုးစေ့များ မျိုးဗီဇ မှန်ကန်ရေး၊ မျိုးဗီဇသန့်စင်ရေး အတွက် (DNA) ဒီအန်အေနည်းပညာဖြင့် မျိုးဗီဇခွဲခြားစိစစ်ပေးခြင်း၊ သီးနှံများ၏ မျိုးရိုးဗီဇမှန်ကန်မှုကို DNA နည်းပညာဖြင့် ခွဲခြားခြင်း၊ မှတ်တမ်းတင်ခြင်း၊ အပင်တစ်သျှူး မွေးမြူခြင်းဆိုင်ရာ လုပ်ငန်းများ၊ molecular markers အသုံးပြုပြီး သီးနှံမျိုးများ ပြန်လည်အဆင့်မြှင့်တင်ခြင်းနှင့် မျိုးသစ်ထုတ်လုပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ဇီဝလုံခြုံမှုဆိုင်ရာ စည်းမျဉ်းဥပဒေ၊ မူဘောင်များ၊ လုပ်ထုံးလုပ်နည်းများနှင့် လမ်းညွှန်ချက်များ ပေါ်ပေါက်နိုင်စေရန်၊ ဇီဝလုံခြုံမှုဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရန်၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နည်းပညာဖြန့်ဖြူးခြင်း၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တိုက်ကြီးမြို့ရှိ ဗဟိုမြေစာရင်း ဖွံ့ဖြိုးမှုလေ့ကျင့်ပညာပေးရေး သင်တန်းကျောင်းတွင် တိုင်းဒေသကြီး၊ ပြည်နယ် လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာနရုံးများ၌ တာဝန်ထမ်းဆောင်လျက် ရှိကြသည့် နိုင်ငံ့ဝန်ထမ်း သင်တန်းသူ သင်တန်းသားများနှင့် တွေ့ဆုံပြီး မိမိတို့၏ ရာထူးတာဝန်များနှင့် လျော်ညီသော ကျင့်ဝတ်သိက္ခာ ကောင်းမွန်စေရန်နှင့် တွေးခေါ်မြော်မြင်နိုင်စွမ်း၊ စီမံခန့်ခွဲနိုင်စွမ်း၊ ခေါင်းဆောင်နိုင်စွမ်း မြင့်မားရေး ကြိုးပမ်းသွားကြရန် ဆွေးနွေးမှာကြားသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် ဆရာဆရာမများနှင့် သင်တန်းသူ သင်တန်းသားများအတွက် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ပြီး သင်တန်းကျောင်း ပြခန်းနှင့် သင်တန်းဆောင်များ၌ သင်ကြားပို့ချပေးနေမှုများကို လှည့်လည်ကြည့်ရှုသည်။

ဗဟိုမြေစာရင်း ဖွံ့ဖြိုးမှုလေ့ကျင့်ပညာပေးရေး သင်တန်းကျောင်းတွင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဦးစီးအရာရှိ မြေတိုင်းသင်တန်း၊ တန်းမြင့် မြေတိုင်းတာခြင်းနှင့် မြေစာရင်းသင်တန်း၊ လုပ်ငန်းခွင်မြေတိုင်းတာခြင်းနှင့် မြေစာရင်း သင်တန်းများအပါအဝင် လုပ်ငန်းအလိုက် မွမ်းမံသင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိရာ လက်ရှိသင်တန်းအားလုံး၏ သင်တန်းတစ်ကြိမ်တွင် သင်တန်းသူ သင်တန်းသား ၅၅၀ လက်ခံသင်ကြားပေးလျက်ရှိပြီး သင်တန်းသူ သင်တန်းသား ၈၀၀ အထိ တိုးချဲ့လက်ခံ သင်ကြားပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် PDF အဖွဲ့ဝင်များအား ၎င်းတို့၏မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်

**နေပြည်တော် ဒီဇင်ဘာ ၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသူများကို လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများပါရှိမှုအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ထားရှိပြီးဖြစ်ရာ ယနေ့တွင် ပြစ်မှုကျူးလွန်ခြင်းမရှိသော PDF အဖွဲ့မှ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာသူများအား မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်မြေခံသင်တန်းကျောင်းရှိ အနော်ရထာခန်းမ၌ ပြုလုပ်ရာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်းဝင်ရောက်လာသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တာဝန်ရှိသူတစ်ဦးက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာပုဒ်မများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိသော မန္တလေးတိုင်းဒေသကြီး မြစ်ငယ်မြို့နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး မြိုင်မြို့နယ်တို့မှ PDF အဖွဲ့ဝင် အမျိုးသား ငါးဦးတို့သည် ၎င်းတို့နှင့်အတူပါလာသည့် လက်လုပ်သေနတ် နှစ်လက်၊ ၉ မမကျည် ၁၀ တောင့်၊ ကျည်အိမ် လေးခုနှင့် ဆက်စပ်ပစ္စည်းများကို အပ်နှံကြရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

ယင်းနောက် တာဝန်ရှိသူများက လက်လုပ်သေနတ် တစ်လက်လျှင် ဆုကြေးငွေကျပ် ငါးသိန်းနှုန်းဖြင့် လက်လုပ်သေနတ် နှစ်လက်အတွက် ဆုကြေးငွေကျပ် ၁၀ သိန်း ထောက်ပံ့ပေးအပ်ရာ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများက လက်ခံရယူကြသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများအား ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်သည်။

ထိုသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဥပဒေဘောင်အတွင်း



ဝင်ရောက်လာသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လက်နက်/ ခဲယမ်းများ ပါရှိမှုအတွက် ဆုကြေးငွေများ ပေးအပ်လျက်ရှိခြင်းနှင့် လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိခြင်းတို့ကြောင့် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

အမျိုးသားအောင်ပွဲနေ့ ဂုဏ်ပြုဆောင်းပါး

# အမျိုးသားရေးစိတ်ဓာတ်များ နိုးကြားတက်ကြွစေခဲ့သော မမေ့သင့် မမေ့အပ်သည့် နေ့ထူးနေ့မြတ်

– – – – ပန်းခရေ – – – –

**အမျိုးသားနေ့သည် မြန်မာ့လွတ်လပ်ရေးသမိုင်းတွင် အရေးပါသည့် နေ့ရက်တစ်ရက်ဖြစ်ပါသည်။ ကိုလိုနီနယ်ချဲ့တို့လက်အောက် ကျရောက်စဉ် နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသား လွတ်မြောက်ရေး လှုပ်ရှားမှုများစွာအနက်မှ နယ်ချဲ့အစိုးရ၏ ရန်ကုန်တက္ကသိုလ် အက်ဥပဒေကို တက္ကသိုလ်ကျောင်းသားများက ဆန့်ကျင်သပိတ်မှောက်ရာမှ အမျိုးသားရေး နိုးကြားတက်ကြွမှု ဖြစ်လာစေသည့် အမျိုးသားနေ့သည် မြန်မာနိုင်ငံအတွက် နှစ်ပေါင်းတစ်ရာကျော်သည့် ယနေ့ထိတိုင် အရေးပါနေဆဲဖြစ်သည်။**



ဗဟန်းမြို့နယ် ကြားတောရလမ်း ဦးအရိယကျောင်းတိုက်ဝင်းအတွင်းမှ အမျိုးသားနေ့ သပိတ်သမိုင်း အထိမ်းအမှတ် ကျောက်စာတိုင်။

**အမျိုးသားနေ့ကို မမေ့မလျော့ရှိ**

နှစ်ပေါင်းတစ်ရာကျော် ရှိပြီဖြစ်သည့် အမျိုးသားအောင်ပွဲနေ့ကို နှစ်စဉ် ဤနေ့ ဤရက်ရောက်တိုင်း နိုင်ငံတစ်ဝန်း ကျင်းပလာခဲ့သည်မှာ အမျိုးသားရေး စိတ်ဓာတ်နိုးကြား ထက်သန်နေကြောင်းနှင့် အမျိုးသားနေ့ကို မမေ့မလျော့ရှိနေကြောင်း ညွှန်းဆိုနေခြင်းဖြစ်ပါသည်။

ရှေးပညာရှိများ ဆိုမိန့်ခဲ့သည့် အားတကာ့အားတွင် ပညာအားသည် အကြီးဆုံး၊ အမြတ်ဆုံးဖြစ်သည် ဟူသော စကားနှင့်အညီ သမိုင်းဦးဘုံမြေခေတ်မှသည် ခေတ်အဆက်ဆက် တိုးတက်ဖွံ့ဖြိုးလာမှုများ၊ ကျောက်လက်နက်ပစ္စည်းကိုင်တွယ်သုံးစွဲမှုမှသည် အဏုမြူလက်နက်ပစ္စည်း ကိုင်တွယ်သုံးစွဲမှုအထိ တိုးတက်မှုများ၊ မြေကြီးပေါ်မှသည် အာကာသသို့စတင်ထိုးဖောက်ဝင်ရောက်နိုင်ခဲ့ခြင်းနှင့် အာကာသကို အောင်နိုင်ရန် ကြိုးပမ်းမှုများသည် လူ့ဘောင်ကို တည်ထောင်ဖန်တီးရာတွင် ပဓာနဖြစ်သော လူတို့၏ ပညာအားကြောင့်ပင် ဖြစ်သည်။

**အမျိုးသားပညာ သင်ကြားရေးစနစ်**

မြန်မာတိုင်းရင်းသားတို့၏ သမိုင်းကြောင်းကို ပြန်ပြောင်းကြည့်မည်ဆိုပါက သရေခေတ္တရာခေတ်၊ ပုဂံခေတ်တို့မှစ၍ ကုန်းဘောင်ခေတ် အလယ်ပိုင်းကာလတိုင်အောင် အမျိုးသားပညာသင်ကြားရေးစနစ် ခိုင်မြဲတည်ရှိခဲ့ကြောင်း တွေ့ရပေသည်။ ဤသို့သော အမျိုးသားပညာသင်ကြားရေး ကျောထောက်နောက်ခံဖြင့် မြန်မာတိုင်းရင်းသားတို့၏ ခေတ်အဆက်ဆက်ကို ထူထောင်ခဲ့ကြပေသည်။ ကုန်းဘောင်မင်းဆက်နောက်ပိုင်း မင်းတုန်းမင်း၊ ကနောင်မင်းနှင့် သီပေါမင်းတို့လက်ထက်တွင်မူ ခေတ်မီနိုင်ငံထူထောင်ရန်အတွက် အနောက်ဥရောပနိုင်ငံများသို့ စက်မှုပညာသင်၊ စစ်ပညာသင်များ စေလွှတ်ခဲ့သည်။ စက်မှုလက်မှုလုပ်ငန်းများ ထူထောင်ခြင်းနှင့် ခေတ်မီတပ်မတော်များဖွဲ့စည်းရန် ကြိုးပမ်းခြင်းတို့သည် ထိုခေတ်အခါက ပညာရေးကို အားပေးမြှင့်တင်ခဲ့ကြသည့် သမိုင်းများဖြစ်ပေသည်။

ဤကဲ့သို့ ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြငှန်းဖြင့် မြန်မာနိုင်ငံတော်အဖြစ် အစဉ်တစိုက် ရပ်တည်နေထိုင်ကြိုးပမ်းအားထုတ်ခဲ့မှုများသည် နယ်ချဲ့အင်္ဂလိပ်တို့၏ မတရားကျူးကျော်စစ်သုံးကြိမ်အပြီး၌ တစ်မျိုးသားလုံး သူ့ကျွန်ဘဝသို့ ကျရောက်ခဲ့ချိန်တွင် ကွယ်ပျောက်ခဲ့ရပေသည်။

**နယ်ချဲ့ဗြိတိသျှတို့ ပေးခဲ့သော ကျွန်ပညာရေး**

နယ်ချဲ့တို့သည် မြန်မာတို့အား နည်းမျိုးစုံ ဖိနှိပ်ချုပ်ချယ်ရုံမျှမက အမျိုးဘာသာ၊ သာသနာ၊ စာပေယဉ်ကျေးမှုများကိုလည်း ဖျက်ဆီးခဲ့ကြသည်။ မြန်မာတို့၏ အမျိုးသားရေးစိတ်ဓာတ်များ၊ အမျိုးသားယဉ်ကျေးမှု၊ အမျိုးသားပညာရေး၊ အတွေးအခေါ်များနေရာတွင် ကိုလိုနီစရိုက်၊ ပညာရေးတို့ကို စနစ်တကျကြံစည်အားထုတ်အကောင်အထည်ဖော်သွတ်သွင်းခဲ့ကြသည်။ မြန်မာနိုင်ငံတွင် ထိုစဉ်အခါက နယ်ချဲ့ဗြိတိသျှတို့ ပေးခဲ့သောပညာရေးမှာ ကျွန်စနစ်၊ ကျွန်ပညာရေးသာဖြစ်သည်။ ၎င်းတို့၏ ပညာရေးစနစ်အောက်တွင် သေးသိမ်ညံ့ဖျင်းသော အတွေးအခေါ်များ၊ အယူအဆများ၊ ၎င်းတို့ဩဇာခံမည့် ကျွန်စိတ်များကို သင်ကြားခဲ့သည်။ နယ်ချဲ့အင်္ဂလိပ်တို့၏ ကျွန်ပညာရေးစနစ် အသက်ဝင်လာမှုနှင့်အတူ မြန်မာတို့၏ အမျိုးသားပညာရေး နိမ့်ကျသွားခဲ့ရပြီး မြန်မာ့လူ့ဘောင်ထူထောင်မှု အရှိန်အဟုန်မှာလည်း ကျဆင်းသွားခဲ့ရသည်။

အမျိုးသားနေ့ ဖြစ်ပေါ်လာရသည့် သမိုင်းကြောင်းကို မြန်မာနိုင်ငံသားတိုင်း လိုလို သိရှိကြပြီးဖြစ်သည်။ အမျိုးသားနေ့အကြောင်းကို ကျောင်းသားဘဝကပင် သင်ကြားခဲ့ကြရသည်။ အမျိုးသားနေ့ဟုဆိုလျှင် နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားပညာရေး၊ တက္ကသိုလ်ပညာရေး၊ လွတ်လပ်ရေး ကြိုးပမ်းမှု သမိုင်းဖြစ်စဉ်တို့နှင့် တွဲလျက် သိရှိခဲ့ရသည်။



၁၉၂၀ ပြည့်နှစ် ပထမကျောင်းသားသပိတ်အပြီးတွင် စတင်ဖွင့်လှစ်ခဲ့သည့် ဗဟန်းအမျိုးသားကောလိပ်မှ ကျောင်းဆရာများနှင့် ကျောင်းသားများ။

**တက္ကသိုလ်အက်ဥပဒေကို သပိတ်မှောက်**

ဝံသာနုလှုပ်ရှားမှုများကို ဦးဆောင်ခဲ့သည့် ဂျီစီဘီအေအသင်းကြီးက ဝံသာနုလှုပ်ရှားမှုအနေဖြင့် အမျိုးသားနေ့ သတ်မှတ်ရန် စတင်ကြိုးပမ်းခဲ့ရာမှ အမျိုးသားနေ့ ပေါ်ပေါက်လာခဲ့ခြင်း ဖြစ်သည်။ အမျိုးသားနေ့ကျင်းပရခြင်း ရည်ရွယ်ချက်မှာ အမျိုးသားရေး စိတ်ဓာတ်များ တိုးမြင့်လာစေရန်ဖြစ်ပါသည်။ ထိုစဉ်ကာလက မြန်မာတစ်မျိုးသားလုံး နယ်ချဲ့လက်အောက် ကျရောက်နေစဉ်ဖြစ်ပြီး နယ်ချဲ့ဆန့်ကျင်ရေးနှင့် လွတ်လပ်ရေးရရှိရန်အတွက် တစ်မျိုးသားလုံး၏ အမျိုးသားရေးစိတ်ဓာတ်များ လိုအပ်နေသည့် အချိန်ဖြစ်ပါသည်။ ထိုသို့သောအချိန်တွင် ရန်ကုန်တက္ကသိုလ်ကျောင်းသားများက အင်္ဂလိပ်တို့အား ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို အကြောင်းပြု၍ သပိတ်မှောက်ဆန့်ကျင်ခဲ့ကြပါသည်။

၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့သည် ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို ကျောင်းသားများ ကန့်ကွက်သပိတ်မှောက်သည့်နေ့ ဖြစ်သည်။ ရန်ကုန်ကောလိပ်နှင့် ယုဒသန်ကောလိပ်ကျောင်းသားများ ဦးဆောင်၍ ၁၉၂၀ ပြည့်နှစ် တက္ကသိုလ်အက်ဥပဒေကို ကန့်ကွက်သည့် သပိတ်ဖြစ်သည်။ ယင်းဥပဒေမပြဋ္ဌာန်းမီ မြန်မာနိုင်ငံ၌ ရှိနေသော ရန်ကုန်ကောလိပ်နှင့် ယုဒသန်ကောလိပ်တို့မှာ အိန္ဒိယနိုင်ငံ ကာလကတ္တား တက္ကသိုလ်၏ လက်အောက်ခံများ ဖြစ်ကြသည်။ ထို့ကြောင့် မြန်မာနိုင်ငံအတွက် သီးသန့်တက္ကသိုလ်တစ်ခု တည်ထောင်ပေးရန် မြန်မာတိုင်းရင်းသားတို့က မကြာခဏ တောင်းဆိုခဲ့ကြသည်။ ဤသို့ဖြင့် ရန်ကုန်ကောလိပ်နှင့် ယုဒသန်ကောလိပ် နှစ်ခုပေါင်း၍ ရန်ကုန်တက္ကသိုလ်အဖြစ် တိုးမြှင့်ပေးသည့် ၁၉၂၀ ပြည့်နှစ် တက္ကသိုလ်ဥပဒေ ပေါ်ပေါက်ခဲ့ခြင်း ဖြစ်သည်။

ယင်းဥပဒေကို ပြည်သူလူထုက ဝေဖန်နိုင်ရန် ၁၉၂၀ ပြည့်နှစ် ဇွန်လတွင် တိုင်းပြည်သို့ ကြေညာခဲ့သည်။ နယ်ချဲ့ဗြိတိသျှအစိုးရသည် မလွှဲမရှောင်သာ၍ သီးခြားတက္ကသိုလ် တည်ထောင်ပေးရသောကြောင့် တက္ကသိုလ်ဥပဒေတွင် အထက်တန်းပညာရေးကို ကန့်သတ်ချုပ်ချယ်ထားသည့် အချက်များကို ထည့်သွင်းသည်။ ယင်းတက္ကသိုလ် ပညာရေးဥပဒေကြမ်းအရ ဆိုပါက မြန်မာနိုင်ငံသားများ ကျောင်းတက်ခွင့်ရရန် အလှမ်းဝေးလှသည်။

ယင်းသို့ သပိတ်မှောက်တော်လှန်ခဲ့သည့် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ကို ***စာမျက်နှာ ၁၁ သို့***

**✣ မြန်မာဘာသာဖြင့် သင်ကြားရေးမဏ္ဍိုင်ပြုပြီး အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော စာအုပ်များကို မြန်မာဘာသာ ပြန်ဆိုပြဋ္ဌာန်းရန်၊ တိုင်းပြည်ကြီးပွား တိုးတက်မည့် ပညာများ သင်ကြားရန်၊ မြန်မာ့ယဉ်ကျေးမှုကို ပြုစုပျိုးထောင်ပေးရန်နှင့် အမျိုးသားစိတ်ဓာတ် နိုးကြားလာစေရန် ရည်ရွယ်ထားခြင်းဖြစ်သည်။ ထို့ကြောင့် အမျိုးသားကျောင်းများ ဖြစ်မြောက်လာစေရန် တွန်းအားပေးခဲ့သော တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ကို အမျိုးသားနေ့အဖြစ် သတ်မှတ်ခဲ့ကြခြင်းဖြစ်သည်**

## ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနား ရန်ကုန်တိုင်းဒေသကြီး၌ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၄**

၂၀၂၃ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် သူနာပြုတက္ကသိုလ် (ရန်ကုန်) အစည်းအဝေးခန်းမကြီး၌ ဒီဇင်ဘာ ၂ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးစိုးသိန်းက အမှာစကား ပြောကြားပြီး ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးထံမှ ပေးပို့သော ၂၀၂၃ ခုနှစ် ကမ္ဘာ့ခုခံ အားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အမှာစကားကို တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဌေးလွင်က ဖတ်ကြားသည်။

ထို့နောက် ခုခံအားကျဆင်းမှုနှင့် ကာလသားရောဂါ တိုက်ဖျက်ရေးအဖွဲ့မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဥက္ကာဖြိုးက ရန်ကုန်တိုင်းဒေသကြီးအတွင်း ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် ပက်သက်၍ ရှင်းလင်းတင်ပြပြီး Myanmar Positive Group (MPG) မှ ကွန်ရက်ညှိနှိုင်းရေးမှူး ဒေါ်လုလုက အိတ်ချ်အိုင်ဗွီရောဂါ ခံစားနေရသော လူထု ကိုယ်စားပြုအနေဖြင့် ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။




ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး အတွင်း ခုခံကျ၊ ကာလသားရောဂါ တိုက်ဖျက်ရေး လုပ်ငန်းများတွင် ထူးချွန်စွာဆောင်ရွက်ခဲ့သော မြို့နယ်များ၊ အထိမ်းအမှတ်ဉာဏ်စမ်း ပဟေဠိ (ရေးဖြေ) ပြိုင်ပွဲတွင် ဆုရရှိသော အခြေခံကျန်းမာရေး ပညာရှင်များနှင့် အခြေခံပညာအဆင့် ပန်းချီပြိုင်ပွဲနှင့် စာစီစာကုံး ပြိုင်ပွဲများတွင် ထူးချွန်ဆုရရှိသော အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းသူ ကျောင်းသားများအား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီးကလည်းကောင်း၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများကလည်းကောင်း ထူးချွန်ဆုများချီးမြှင့်ခဲ့ကြပြီး ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

**ဆန်းကျော်ဦး (ပြန်/ဆက်)**

## ပုသိမ်ကြီး ဗောဓိ ၅၀၀၀ ဗုဒ္ဓဥယျာဉ်တွင် ဘုရားထီးတော်များ စတင်လှူဒါန်းနိုင်

**မန္တလေး ဒီဇင်ဘာ ၄**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ဆင်ပွတ်ကြီး၊ ဆင်ပွတ်ကလေးကျေးရွာတွင် တည်ထားသော ဗောဓိ ၅၀၀၀ ဗုဒ္ဓဥယျာဉ်တော်ရှိ ဘုရားများအတွက် ထီးတော်များကို ဒီဇင်ဘာ ၁ ရက်မှ စတင်၍ လှူဒါန်းနိုင်ပြီဖြစ်ကြောင်း သိရသည်။

"ဗောဓိ ၅၀၀၀ ဗုဒ္ဓဥယျာဉ်က တည်ထားတဲ့ ဘုရားတွေမှာ ထီးတော်လှူချင်လို့ မေးသူတွေများလာလို့ ထီးတော်လှူနိုင်ဖို့ စီစဉ်ပေးဖြစ်တာပါ။ ဘုရားအလှူရှင်တွေအနေနဲ့လည်း မိမိလှူဒါန်းထားတဲ့ ဘုရားအတွက် ထီးတော်လာလှူနိုင်သလို ထီးတော်ပဲလှူချင်သူတွေအနေနဲ့လည်း လာရောက်လှူဒါန်းနိုင်ပြီဖြစ်ပါတယ်"ဟု ဗုဒ္ဓဘာသာသာသနာပြန့်ပွားရေးအသင်းချုပ် (မန္တလေး) ဥက္ကဋ္ဌ ဦးလှဝင်းက ပြောသည်။

ပုသိမ်ကြီးမြို့နယ်ရှိ ဗောဓိ ၅၀၀၀ ဗုဒ္ဓဥယျာဉ်သည် ဧက ၁၀၀ ကျော် ကျယ်ဝန်းပြီး ၂၀၁၀ ပြည့်နှစ်မှစတင်၍ မဟာဗောဓိပင်များ စိုက်ပျိုးကာ ဘုရားများတည်ထားခဲ့ရာ ယခုအခါ ဘုရားအဆူ ၈၉၀၀ ကျော် တည်ထားနိုင်ပြီးဖြစ်သည်။ ဗောဓိ ၅၀၀၀ ဗုဒ္ဓဥယျာဉ်တွင် ဉာဏ်တော်အမြင့် ၂၄ လက်မအရွယ် ဆင်းတု၊ ညောင်ပင်၊ ပလ္လင်၊ ကမ္ပည်းတစ်ဆူလျှင် ကျပ် ၆၅၀၀၀ နှုန်း၊ ထီးတော်တစ်ခုလျှင် ကျပ် ၆၅၀၀၀ နှုန်းဖြင့် လှူဒါန်းနိုင်ကြောင်း သိရသည်။

**မောင်ပြည်သူ (မန္တလေး)**

## လယ်ဝေးမြို့နယ်ရှိ ကျေးရွာပြည်သူများအား တိုင်းရင်းဆေးဖြင့် ကုသပေး

**နေပြည်တော် ဒီဇင်ဘာ ၄**

(၂၂) ကြိမ်မြောက် တိုင်းရင်းဆေး သမားတော်များ ညီလာခံနှင့် တိုင်းရင်းဆေးပညာ နှီးနှော ဖလှယ်ပွဲကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် တိုင်းရင်းဆေးပညာ ဦးစီးဌာန လက်အောက်ရှိ နေပြည်တော် ခုတင် - ၁၀၀ ဆံ့ ဆေးရုံအုပ်ကြီး ဒေါ်မူမူချို ဦးဆောင်သော ဆရာ ဆရာမများအဖွဲ့သည် ဒီဇင်ဘာ ၃ ရက်က နေပြည်တော် လယ်ဝေးမြို့နယ် သပြေပင်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျေးရွာရှိ ပြည်သူများအား တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးသည်။

အဆိုပါ ကွင်းဆင်းကုသရေးအဖွဲ့သည် သပြေပင်ကျေးရွာနှင့် အနီးဝန်းကျင်ရှိ ပြည်သူလူထုအား အကြော၊ အရိုး၊ အဆစ်၊ ဒူးနာ၊ ခါးနာ၊ အဆစ်ရောင်ရောဂါနှင့် အာရုံကြောရောဂါခံစားနေရသော ဝေဒနာရှင်များကို လက်တွေ့ကုထုံးနည်းစနစ်များဖြင့် စမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့ရာ စုစုပေါင်းလူနာ ၁၆၀ ကို ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

**ကိုပေါက်(ဥက္ကာမြေ)**




## ချစ်နိုင်(စိတ်ပညာ)၏ အောင်စေသတည်း စာအုပ်ထွက်ရှိ

**ရန်ကုန် ဒီဇင်ဘာ ၄**

တိုင်းပြည်နိုင်ငံတိုးတက်ရန် မူလအခြေခံကျသော လူ့စွမ်းအားအရင်းအမြစ် အရည်အသွေးမြင့်မားစေလိုသော စေတနာဖြင့် လူငယ်များအတွက် အောင်စေသတည်းဟု အားပေးစကား ပြောကြားသည့်အနေဖြင့် ချစ်နိုင်(စိတ်ပညာ) ရေးသားထားသော အောင်စေသတည်း ဆောင်းပါးအပါအဝင် ဆောင်းပါး ၂၃ ပုဒ်ကို စုစည်းထားသော စာအုပ်ဖြစ်သည်။

၂၁ ရာစုကာလတွင် လူငယ်များသည် ယခင်ကထက် သုတကာနှင့် ပို၍ယှဉ်ပြိုင်ရသဖြင့် စာရေးသူအနေဖြင့် လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးစေရေးအတွက် လူငယ်စာပေများကိုသာ ဦးစားပေး၍ ရှာဖွေပြုစုခဲ့ကြောင်း၊ မမြင့်လွန်း မနိမ့်လွန်းစေဘဲ စာဖတ်ပရိသတ်၏ အာရုံနှင့် ဆီလျော်ကိုက်ညီအောင် ကြိုးစား၍ ရေးသားခဲ့ကြောင်း၊ မိမိကိုယ်တိုင် ဘဝကျောင်းတော် တက္ကသိုလ်ကြီးထဲ လှေလှော် ပညာရှာနေဆဲတွင် မည်သူ့ကိုမှ ဆရာမလုပ်ဘဲ ပညာဆည်းပူးနေသူချင်း အနေဖြင့် ပွင့်လင်းရင်းနှီးစွာ ရေးသားခဲ့သော ဆောင်းပါးများကို စုစည်းထားခြင်းဖြစ်ကြောင်း စာရေးသူ၏အမှာစာတွင် ဖော်ပြထားသည်။

အောင်စေသတည်း စာအုပ်တွင် ဦးတည်ချက်နဲ့ ဖွဲ၊ အောင်စေသတည်း၊ အောင်အတိတ်နှင့် အောင်နိမိတ်၊ ကံကောင်းဖို့ရာ မခက်ပါ၊ မိဘအဖြစ်က နုတ်ထွက်လို့မရ စသည့် ဆောင်းပါးများပါဝင်ပြီး စာမျက်နှာ ၂၀၀ နီးပါးရှိသည်။ နိုင်စာပေမှ ထုတ်ဝေပြီး စာအုပ်တန်ဖိုးမှာ ငွေကျပ် ၆၀၀၀ ဖြစ်သည်။




*စာမျက်နှာ ၁၀ မှ*

တစ်မျိုးသားလုံး၏ အမျိုးသားရေး စိတ်ဓာတ်မြှင့်တင်ပေးရန် ရည်ရွယ်ချက်ဖြင့် ၁၉၂၂ ခုနှစ် ဇွန်လတွင် ရန်ကုန်မြို့ ဂျူဗလီဟော၌ကျင်းပသော ဂျီစီဘီအေ အထူးကွန်ဖရင့်က အမျိုးသားနေ့အဖြစ် သတ်မှတ်ရန် ဆုံးဖြတ်ခဲ့ကြသည်။ အမျိုးသားနေ့ သတ်မှတ်ခဲ့သည့် ၁၉၂၂ ခုနှစ်မှစ၍ အမျိုးသားနေ့အောင်ပွဲနေ့များကို နှစ်စဉ်ကျင်းပခဲ့ကြပါသည်။

ထိုဥပဒေမှာ ငွေကုန်ကြေးကျခံနိုင်သော မြေရှင်၊ ဓနရှင်လူတန်းစားများ၏ အဆက်အနွယ်များသာ အကျိုးရှိနိုင်သော ပညာရေးဥပဒေဖြစ်သည်။ ၎င်းဥပဒေအရ ထိုခေတ်က သုံးစွဲသောငွေ တစ်နှစ်လျှင် အနည်းဆုံး ၆၀၀ သို့မဟုတ် တစ်လပျမ်းမျှ ကျပ် ၅၀ ကျော် အကုန်အကျခံနိုင်ရမည်ဖြစ်သည်။ ထိုစဉ်က စာရေးကြီးတစ်ယောက်၏ လစာမှာ ကျပ် ၃၀ မျှသာ ရရှိသည်။

အလုပ်သမားတစ်ဦး၏ အနိမ့်ဆုံးလစာမှာ ၁၂ ကျပ်ဖြစ်ပြီး အမြင့်ဆုံးလစာမှာ ၇၅ ကျပ်ဖြစ်၍ ပျမ်းမျှခြင်းအားဖြင့် ကျပ် ၂၀ မျှသာ ရရှိနေကြသည်။ သာမန် ဝန်ထမ်းမိသားစုများအဖို့ တက္ကသိုလ်တက်ရောက်ရန် အိပ်မက်ပင် မက်၍ မရနိုင်သည့်အခြေအနေဖြစ်သည်။ တက္ကသိုလ်ပညာကို လူတိုင်းသင်ယူခွင့်မရရှိနိုင်အောင် ကန့်သတ်ချုပ်ချယ်ထားသည့် အနှစ်သာရအားဖြင့် အမျိုးသားရေး အကျိုးစီးပွားကို ဖော်ဆောင်ပေးနိုင်ခြင်း မရှိသည့်အပြင် မြန်မာလူမျိုးတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများ၊ အမျိုးသားရေးအားမာန်များနှင့် ဇာတိသွေး၊ ဇာတိမာန်စိတ်များ တိမ်ကောပပျောက်သွားစေရန်အလို့ငှာ စီမံဖန်တီးထားခြင်းသာ ဖြစ်ပေသည်။

၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့၊ ယူနီဗာစီတီအက်ဥပဒေကို ကျောင်းသားများ ကန့်ကွက် သပိတ်မှောက်သည့်နေ့၊ အမျိုးသားရေးစိတ်ဓာတ်ဖြင့် အောင်ပွဲရရှိစေရန် သန္နိဋ္ဌာန်ချခဲ့သည့်နေ့သည် မြန်မာတစ်ပြည်လုံး လုံးဝလွတ်လပ်အောင်၊ အချုပ်အခြာအာဏာပိုင်သည့် ပြည်ထောင်စုကြီးအတွင်း လွတ်လွတ်လပ်လပ်၊ သိက္ခာရှိရှိ ရပ်တည်နေထိုင်ခွင့်ရရှိအောင် ဖော်ဆောင်ပေးနိုင်ခဲ့သည့် နေ့ထူးနေ့မြတ်တစ်နေ့ ဖြစ်သည်။

မြန်မာစာသည်တို့စာ၊ မြန်မာစကားသည် တို့စကား၊ တို့ပြည်ကိုချစ်ပါ၊ တို့စာကို ချီးမြှင့်ပါ၊ တို့စကားကို လေးစားပါဟူသော ကြွေးကြော်သံနှင့်အညီ မြန်မာဘာသာဖြင့် သင်ကြားရေးမဏ္ဍိုင်ပြုပြီး အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော စာအုပ်များကို မြန်မာဘာသာပြန်ဆိုပြဋ္ဌာန်းရန်၊ တိုင်းပြည်ကြီးပွားတိုးတက်မည့် ပညာများသင်ကြားရန်၊ မြန်မာ့ယဉ်ကျေးမှုကို ပြုစုပျိုးထောင်ပေးရန်နှင့် အမျိုးသားစိတ်ဓာတ် နိုးကြားလာစေရန် ရည်ရွယ်ထားခြင်းဖြစ်သည်။ ထို့ကြောင့် အမျိုးသားကျောင်းများ ဖြစ်မြောက်လာစေရန် တွန်းအားပေးခဲ့သော တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ကို အမျိုးသားနေ့အဖြစ် သတ်မှတ်ခဲ့ကြခြင်းဖြစ်သည်။

ယနေ့ တိုင်းရင်းသားပြည်သူများ၏ တာဝန်မှာ နိုင်ငံတော်လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်ကြရန်ဖြစ်သည်။ သို့မှသာ နိုင်ငံတော်ရည်မှန်းချက်များ၊ ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ပေါ်လာမည်ဖြစ်သည်။

ဤသို့ဖြင့် နိုင်ငံတော်၏ စီးပွားရေးစီမံကိန်းများနှင့်အညီ တိုင်းချစ်ပြည်ချစ်စိတ်ရှိသော အသိပညာရှင်၊ အတတ်ပညာရှင်များ၊ နိုင်ငံ့ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများအပြင် တိုင်းရင်းသား လုပ်သားပြည်သူတစ်ရပ်လုံး စုပေါင်း၍ ဝိုင်းဝန်းဆောင်ရွက်ကြခြင်းဖြင့် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုများကို တွေ့မြင်ရမည်ဖြစ်သည်။ သို့ဖြစ်ရာ အမျိုးသားရေးစိတ်ဓာတ်များ နိုးကြားတက်ကြွစေခဲ့သော မြန်မာတစ်မျိုးသားလုံး၏ မမေ့သင့်၊ မမေ့အပ်သော နေ့ထူး နေ့မြတ်ဖြစ်သည့် (၁၀၃) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ကို ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

# သူရဲကောင်းစစ်သည်များအတွက် ဒသမအကြိမ်မြောက် အောက်မေ့ဖွယ်ဂါရဝပြု ဆုတောင်းအလေးပြုခြင်း အခမ်းအနားကျင်းပခဲ့မှု၊ နိုင်ငံတော်ကာကွယ်ရေးနှင့် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ပေးရေးအတွက် စစ်သည်များမှ ဆက်သွယ်တင်ပြလာမှုဆိုင်ရာအခြေအနေများ၊ US Department State Website ၏ Country Reports on Terrorism 2022 အမည်ဖြင့် ၂၀၂၂ ခုနှစ်အတွင်း နိုင်ငံအလိုက် အကြမ်းဖက်မှုဖြစ်ပွားခဲ့မှုများနှင့်ပတ်သက်သည့် အစီရင်ခံစာတွင် မြန်မာနိုင်ငံမှ PDF အကြမ်းဖက်အဖွဲ့များက ၅၇ ရာခိုင်နှုန်းကျော်၊ KNLA နှင့် KNDF သောင်းကျန်းသူအဖွဲ့က ၁၄ ရာခိုင်နှုန်းကျော် ကျူးလွန်ခဲ့ကြောင်းဖော်ပြခဲ့မှု၊ တရားမဝင်နေထိုင်သူများအား တရုတ်နိုင်ငံသို့ လွှဲပြောင်းပေးမှုနှင့် မီဒီယာများမှ နှစ်နိုင်ငံဆက်ဆံရေးပျက်ပြားအောင် နည်းအမျိုးမျိုးဖြင့် ဝေဖန်တိုက်ခိုက်မှုများ၊ ၄-၁၂-၂၀၂၃ ရက်နေ့ ရှမ်းပြည်နယ်(အရှေ့မြောက်ဘက်)၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မုန်းမြို့နယ်တို့တွင် ထိတွေ့တိုက်ပွဲဖြစ်ပွားမှု အခြေအနေများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်း၏ ပြောကြားချက်

သူရဲကောင်းစစ်သည်များအတွက် ဒသမအကြိမ်မြောက် (၁၀) ကြိမ်မြောက်ပေါ့ အောက်မေ့ဖွယ်ဂါရဝပြု အလေးပြုခြင်း အခမ်းအနားကို မနေ့က နေပြည်တော် သူရဲကောင်းစစ်သည်များ ဗိမာန်မှာ ပြုလုပ်ခဲ့တယ်။ နိုင်ငံတော်နဲ့ တပ်မတော်ကို ချစ်မြတ်နိုးတဲ့ အဖွဲ့အစည်းတွေ၊ ပြည်သူတွေ၊ စစ်မှုထမ်းဟောင်းတွေ အင်အားများပြားစွာ တက်ရောက်ခဲ့ပါတယ်။ တက်ရောက်ခဲ့တဲ့သူတွေ အနေနဲ့ နိုင်ငံတော်ရဲ့တည်တံ့ခိုင်မြဲရေးကို အစဉ်တစိုက်ကာကွယ်ပေးနေတဲ့ တပ်မတော်နဲ့ပတ်သက်ပြီး လက်ရှိဖြစ်ပေါ်နေတဲ့ အခြေအနေတွေမှာ တပ်မတော်ကို ကိုယ်ရောစိတ်ပါ အားပေးထောက်ခံမှုပြုတာတွေ၊ လိုအပ်လာရင် သူတို့ကိုယ်တိုင် နိုင်ငံတော်ကာကွယ်ရေးနဲ့ လုံခြုံရေးတာဝန်ကို ထမ်းဆောင်မယ်ဆိုတဲ့ ဆန္ဒပြုချက်တွေ၊ ပြီးရင် တပ်မတော်ဆေးရုံတွေနဲ့ တပ်မတော်နဲ့သက်ဆိုင်တဲ့နေရာတွေမှာ သွားရောက်အမှုထမ်းတာတွေကို စိတ်အားတက်ကြွဖွယ်မြင်ကွင်းအဖြစ် ကျွန်တော်တို့မြင်ခဲ့ရပါတယ်။ အလားတူပါပဲ ကျွန်တော်တို့ စစ်သားဆိုတာကလည်း တစ်ခါစစ်သားဖြစ်ဖူးရင် အမြဲတမ်းစစ်သားဆိုတဲ့ စိတ်ဓာတ်မျိုး ခံယူထားတဲ့သူတွေဖြစ်ပါတယ်။ ဒါကြောင့်ဒီနေ့ဖြစ်ပေါ်နေတဲ့ အခြေအနေတွေနဲ့ပတ်သက်ပြီး စစ်မှုထမ်းဟောင်းတွေ၊ ကျန်းမာရေးအခြေအနေအရ တပ်မတော်က ထွက်ခွင့်ရထားတဲ့ စစ်သည်တော်ဟောင်းတွေ၊ ခွင့်မဲ့၊ စစ်ပြေးဖြစ်နေတဲ့ စစ်သည်တွေ စတဲ့သူတွေက နိုင်ငံတော်တာဝန်ကို ထမ်းဆောင်လိုတယ်ဆိုပြီး သူတို့တတ်နိုင်တဲ့ဘက်ကပေါ့ စစ်ဆင်ရေးတာဝန်၊ လုံခြုံရေးတာဝန်တွေ ထမ်းဆောင်ချင်ပါတယ်ဆိုပြီး စာရေးပြီးဆန္ဒပြုလာတာတွေ၊ တပ်မှူးတွေနဲ့ လူကိုယ်တိုင်တွေ့ပြီး ဆန္ဒပြုလာတာတွေကို အများအပြားပြုလုပ်ခဲ့ပါတယ်။ ဒါကြောင့် တပ်မတော်အနေနဲ့လည်း နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေးနဲ့ ပြည်သူ့အသက်အိုးအိမ်စည်းစိမ်ကာကွယ်ရေးအတွက် အကြမ်းဖက်လက်နက်ကိုင်နေတဲ့ PDF တွေကို ချေမှုန်းနေတယ်။ ဒါကြောင့် နိုင်ငံတော်ကာကွယ်ရေးအတွက်ခွင့်ပြုရင် တပ်မတော်မှာပြန်လည်တာဝန်ထမ်းဆောင်လိုကြောင်း၊ ခွင့်မဲ့စစ်ပြေးစစ်သည်တွေအနေနဲ့လည်း ဆက်သွယ်တင်ပြလာမှုတွေရှိပါတယ်။ ဒါကြောင့် သတ်မှတ်ကာလနဲ့ အကျုံးဝင်တဲ့ စစ်သည်တွေကို သက်ဆိုင်ရာ ဒါမှမဟုတ် နီးစပ်ရာတပ်တွေမှာ ပြန်လည်လက်ခံပေးမှာဖြစ်ကြောင်းနဲ့ စစ်မှုထမ်းရန်ဆန္ဒပြုတဲ့ သာမန်ပြစ်မှုကျူးလွန်တဲ့ တပ်မတော်သားတွေကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးမယ်ဆိုပြီး မနေ့ကကျွန်တော်တို့ ကြေညာချက်ထုတ်ခဲ့ပါတယ်။ ဒီလိုကြေညာချက်ထုတ်တဲ့အခါမှာတော့ ထုံးစံအတိုင်းပါပဲ ပြည်ဖျက်မီဒီယာတွေအနေနဲ့ရော တချို့သောဟန်ဆောင်ထားတဲ့ မီဒီယာတွေပေါ့။ ဟန်ဆောင်ထားတဲ့ မီဒီယာတွေဆိုတာကတော့ ကျွန်တော်ဆိုလိုတာက တပ်မတော်ကို ချစ်သယောင်၊ နိုင်ငံတော်ကို ချစ်သယောင်နဲ့ ဟန်ဆောင်ထားတဲ့ မီဒီယာတွေလည်း ရှိပါတယ်။ သို့သော် သူကသိတော့သိသာပါတယ်။ အခြေအနေအခွင့်အရေးပေးလာတာနဲ့တစ်ပြိုင်နက် သူက တပ်မတော်ကို ထိုးနှက်တာပေါ့။ အဲဒီမှာ ဝေဖန်မှုတွေရှိပါတယ်။ ဒီနေရာမှာ ကျွန်တော်နှစ်ပိုင်းခွဲပြီး ပြောဖို့ရှိတယ်။ နံပါတ် (၁) ကတော့ စကားလုံးရှင်းရှင်းလင်းလင်းနဲ့ ပြောရရင် စာအုပ်ကြီးအတိုင်း ကျွန်တော်ပြောမှာပေါ့ဗျာ။ ဥပဒေအတိုင်းပြောမှာပေါ့။ ဒါကတော့ စစ်စည်းကမ်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ လက်စွဲစာစောင်အမှတ် (၂) မှာ စစ်ပြေးမှုဆိုတာနဲ့ ပတ်သက်ပြီး အဓိပ္ပာယ်ဖွင့်ဆိုထားတာရှိတယ်။ စစ်ပြေးမှုဆိုတာက



ယေဘုယျအားဖြင့် တပ်သို့ပြန်လာရန် ရည်ရွယ်ချက်မရှိသော ခွင့်မဲ့ပျက်ကွက်ခြင်း၊ ထပ်ပြောရမယ်ဆိုရင် တပ်သို့ပြန်လာရန် ရည်ရွယ်ချက်မရှိတဲ့ ခွင့်မဲ့ပျက်ကွက်ဖြစ်ခြင်းကို ဆိုလိုတာဖြစ်တယ်။ တပ်ကိုပြန်လာဖို့၊ စစ်မှုထမ်းဖို့ ရည်ရွယ်ချက်ရှိတယ်ဆိုရင် ဒါကိုစစ်ပြေးမှုမမြောက်ဘူးလို့ ဆိုလိုနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ မနေ့က ဒီဇင်ဘာလ (၃) ရက်နေ့ရဲ့ အရှေ့ပိုင်းမှာ ခွင့်မဲ့ပျက်ကွက်ကြေညာခံထားရသူများ တပ်မှာစစ်မှုထမ်းရန် ရည်ရွယ်ချက်နဲ့ ပြန်လာမယ်ဆိုရင် စစ်ပြေးမှုအဖြစ်မသတ်မှတ်ဘဲ ခွင့်မဲ့ပျက်ကွက်မှုအဖြစ်သာ သတ်မှတ်ပြီး စစ်သည်တွေကို စစ်မှုထမ်းရန် လက်ခံဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ နံပါတ် (၂) ကတော့ စိတ်ဓာတ်ရေးရာအပိုင်းပေ့ါ။ စိတ်ဓာတ်ရေးရာအပိုင်းအနေနဲ့ ဒီကြေညာချက်မထွက်ခင်ကတည်းက ဒီလိုလာပြီး စာနဲ့ဆန္ဒပြုတာတွေ လူကိုယ်တိုင်တွေ့ပြီး ဆန္ဒပြုတဲ့လူတွေ ၅၀၀ ကျော်လောက်ရှိတယ်။ လက်ရှိအခြေအနေကိုကြည့်ပြီး ကျွန်တော်အစောပိုင်းက ပြောသလို တစ်ခါစစ်သားဖြစ်ခဲ့ဖူးရင် တစ်သက်လုံး စစ်သားဆိုတဲ့ Once A Soldier Always A Soldier ဆိုတဲ့စိတ်ဓာတ်၊ ရဲဘော်စိတ် Esprit de Corps ပေါ့။ ရဲဘော်အချင်းချင်းအပေါ်မှာ ထားရှိတဲ့ သံယောဇဉ်တရား၊ မေတ္တာတရား၊ သစ္စာစောင့်သိမှုတရားတွေ အဲဒီစိတ်ဓာတ်တွေ ကျွန်တော်တို့စစ်သည်တိုင်း စစ်သည်တော်အသစ်တွေရော၊ စစ်သည်တော်အဟောင်းတွေမှာရော ရှိပါတယ်။ ပြီးရင် မြန်မာစကားပုံအရ လက်သည်းဆိတ် လက်ထိပ်နာပေ့ါ။ ဒါတွေအရ ခွင့်မဲ့စစ်ပြေးတွေ၊ စစ်မှုထမ်းဟောင်းတွေ၊ ဆေးကျန်းမာရေးအခြေအနေကြောင့် ထွက်ခွင့်ကျထားတဲ့သူတွေက ဆက်သွယ်လာကြပါတယ်။ ဒီနေ့နေ့လယ်ပိုင်းအထိ တပ်မတော်မှာ စစ်မှုထမ်းဆောင်နိုင်ဖို့ ဆက်သွယ်လာတဲ့ လူပေါင်းထောင်နဲ့ချီပြီးရှိသွားပြီဖြစ်ပါတယ်။ ဒီအထဲမှာ တချို့စိတ်ဓာတ်ပြင်းထန်တဲ့သူတွေဆိုရင် အသက်ကြီးနေပေမယ့်လည်း သူ့ကိုစစ်ဆင်ရေး တာဝန်ပဲပေးပါ၊ ကျန်တဲ့တာဝန် မထမ်းဆောင်ချင်ဘူးလို့ ပြောပါတယ်။ ကျွန်တော်တို့အနေနဲ့ကတော့ အသက်အရွယ်နဲ့ ကျန်းမာရေးအခြေအနေအရ လုံခြုံရေးတာဝန်ပဲ ပေးအပ်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်ပြောလိုတာကတော့ စစ်သည်များ၊ စစ်သည်တော်ဟောင်းများအနေနဲ့ နိုင်ငံရဲ့ဒီလိုအခြေအနေမျိုးမှာ ရဲဘော်စိတ် Esprit de Corps နဲ့ နိုင်ငံတော်တာဝန်ကို ထမ်းဆောင်ဖို့၊ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ရှပ်ရှပ်ချွံချွံထမ်းဆောင်ဖို့ ဒီလိုမျိုးဆက်သွယ်လာတာတွေကို အလေးအနက်ထားပါတယ်။ ဂုဏ်ယူပါတယ်၊ ဂုဏ်ပြုပါတယ်လို့ ပြောကြားလိုပါတယ်။ နောက်တစ်ခုကတော့ ထူးထူးခြားခြား ဒီနေ့အမေရိကန်ရဲ့ US Department State Website ရဲ့ Country Reports On Terrorism 2022 ဆိုပြီး စာတမ်းတစ်ခု ထွက်လာတာရှိတယ်။ နိုင်ငံအလိုက်အကြမ်းဖက်မှု အစီရင်ခံစာပေ့ါဗျာ။ အဲဒီမှာ PDF တွေအနေနဲ့ မြန်မာနိုင်ငံမှာ အကြမ်းဖက်မှုတွေရဲ့ ၅၇ ရာခိုင်နှုန်းကို ကျူးလွန်နေတယ်၊ KNLA, KNDF အနေနဲ့ ၁၄ ရာခိုင်နှုန်း ကျူးလွန်နေတယ်ဆိုပြီး ထုတ်ပြန်ထားတာ တွေ့ရပါတယ်။ ဒီအပေါ်မှာတော့ ဘာမှတ်ချက်မှမပေးလိုပါဘူး။ ဒါကတော့ မြေပြင်မှာ ဒီထက်ပိုဆိုးပါတယ်။ မြန်မာနိုင်ငံကို အလုံးစုံပျက်သုဉ်းရေးအတွက် လုပ်ဆောင်နေတဲ့ အကြမ်းဖက်အဖွဲ့တွေဖြစ်ပါတယ်။ လူအပေါ်မှာတင် ပြစ်မှုကျူးလွန်တာ မဟုတ်ဘူး။ ပြည်သူလူထုပိုင်တဲ့ အဆောက်အအုံတွေ၊ ပြည်သူပိုင်အဆောက်အအုံတွေ၊ ပြည်သူလူထု ပုဂ္ဂလိက၊ တစ်ဦးချင်းပိုင်တဲ့ ပိုင်ဆိုင်မှုတွေအပေါ်မှာ အကြမ်းဖက်မှု ကျူးလွန်နေတဲ့အဖွဲ့တွေ ဖြစ်ပါတယ်။ ဒါတွေကို နိုင်ငံတကာအသိုင်းအဝိုင်းကသိရှိပြီး မြန်မာနိုင်ငံမှာ အကြမ်းဖက်မှုများ အမြန်ဆုံးချုပ်ငြိမ်းနိုင်အောင် ဆောင်ရွက်ပေးကြဖို့၊ ဝိုင်းဝန်းပေးကြဖို့ ပြောကြားလိုပါတယ်။

ဒီနေ့မှာတော့ ကျွန်တော်တို့နယ်စပ်ဒေသတွေမှာ တရားမဝင်ဝင်ရောက်နေထိုင်တဲ့ အမျိုးသား ၁၁၅ ဦး၊ အမျိုးသမီး ၁၂ ဦး၊ ပေါင်း ၁၂၇ ဦးကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ တာဝန်ရှိသူများထံ ပြန်လည်အပ်နှံခဲ့ပါတယ်။ စုစုပေါင်း ၁၁၀၇၉ ဦးရှိပြီ ဖြစ်ပါတယ်။ တရုတ်-မြန်မာ နှစ်နိုင်ငံအနေနဲ့ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးကိစ္စများကို ရင်းနှီးချစ်ကြည်စွာ လက်တွဲဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုအခြေအနေမျိုးမှာပဲ တရုတ်စစ်ရေယာဉ်တွေ မြန်မာနိုင်ငံကို ချစ်ကြည်ရေးခရီး လာရောက်လည်ပတ်တာကို နေမထိထိုင်မသာဖြစ်နေတဲ့ အနောက်နိုင်ငံ အားပေးနေတဲ့၊ အနောက်နိုင်ငံရဲ့ ထောက်ပံ့မှုပေးနေတဲ့ မီဒီယာများလည်း ရှိပါတယ်။ အမျိုးမျိုးဝေဖန်မှုတွေရှိပါတယ်။ မည်သို့ပင်ဝေဖန်မှုတွေ ရှိပါစေ ကျွန်တော်တို့နှစ်နိုင်ငံသည် အိမ်နီးချင်းနိုင်ငံတွေ ဖြစ်ပါတယ်။ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅) ရပ်ကို နှစ်ပေါင်းများစွာ အစဉ်တစိုက် စောင့်ထိန်းလာခဲ့တဲ့ နိုင်ငံတွေဖြစ်ပါတယ်။ ပြည်သူလူထုချင်း၊ အစိုးရချင်း၊ တပ်မတော်ချင်း ရင်းနှီးစွာဆက်ဆံမှုရှိနေတဲ့ နိုင်ငံတွေဖြစ်တယ်ဆိုတာပဲ ပြောကြားလိုပါတယ်။

ဒီနေ့မှာ ထိတွေ့တိုက်ပွဲဖြစ်ပွားမှုတွေအနေနဲ့ ရှမ်းပြည်နယ်(မြောက်) ဘက်ပိုင်း နမ့်ခမ်းမှာ ထိတွေ့တိုက်ပွဲဖြစ်ပွားမှု ရှိပါတယ်။ လောက်ကိုင်မှာတော့ လောက်ကိုင်ရဲ့အရှေ့ဘက်နဲ့ တောင်ဘက်မှာတော့ ထိတွေ့တိုက်ပွဲဖြစ်ပွားနေတာတွေ ရှိပါတယ်။ ကရင်ပြည်နယ်ဘက်မှာတော့ ကော့ကရိတ်ကို အင်အားအလုံးအရင်းနဲ့ ဝင်ရောက်တိုက်ခိုက်နိုင်ဖို့ လွန်ခဲ့တဲ့ နှစ်ရက်လောက်ကတည်းက ဆောင်ရွက်ခဲ့တာရှိပါတယ်။ ဒီနေ့မှာတော့ ကော့ကရိတ် အနားက နေရာတစ်နေရာမှာပဲ အဝေးကနေပစ်ခတ်မှုရှိခဲ့ပါတယ်။ ရခိုင်ပြည်နယ်ဘက်မှာတော့ ပေါက်တောရဲ့စခန်းကို အဝေးကနေနှစ်ကြိမ် လာရောက်ပစ်ခတ်ခဲ့တာ ရှိပါတယ်။ ပဲခူးတိုင်းနဲ့ ကရင်ပြည်နယ်အနီးမှာတော့ မုန်းဘက်မှာ ဖြစ်နေတဲ့ဖြစ်စဉ် ရှိပါတယ်။ အဲဒီမှာလည်းမျိုးစုံပေ့ါလေ၊ မုန်းမြို့ကို တိုက်ခိုက်သိမ်းပိုက်ပြီးပြီတို့ ဘာတို့ပေ့ါ။ မုန်းဆိုတာ တိုက်နယ်အဆင့်ရှိတဲ့ မြို့ငယ်တစ်ခုပဲဖြစ်ပါတယ်။ အဲဒီမှာရှိတဲ့ တပ်ရင်းနှစ်ရင်းစလုံးကို သိမ်းပိုက်ပြီးပြီလို့၊ ပြီးရင်မြို့ရဲ့အဝင်ဘက်ပေ့ါ၊ ဟိုဘက်ဖြူးဘက်ကနေဝင်တဲ့ အဝင်ဘက်မှာရှိတဲ့ သံတံတားစခန်းကို သိမ်းပိုက်ပြီးပြီဆိုပြီး သတင်းလွှင့်နေတာတွေရှိပါတယ်။ မနေ့ကလည်း ကျွန်တော်ပြောခဲ့ပြီးပါပြီ၊ ဒါနဲ့ပတ်သက်ပြီး နောက်ကွယ်ကနေပြီးတော့ နောက်ကွယ်က NUG၊ NUG ရဲ့ နောက်ကွယ်မှာရှိနေတဲ့ အဖွဲ့လည်းရှိပါသေးတယ်၊ နိုင်ငံလည်း ရှိပါသေးတယ်။ နောက်ကွယ်ကနေပြီး အတင်းဖိအားပေးမှုကြောင့် သူတို့အနေနဲ့ မုန်းမြို့ကို အင်အားအလုံးအရင်းနဲ့ တိုက်ခိုက်တာဖြစ်တယ်။ တိုက်ခိုက်တဲ့နေရာမှာ

*စာမျက်နှာ ၁၃ သို့*

စာမျက်နှာ ၁၂ မှ

မနေ့ညကတည်းက ရန်သူ့ဘက်က အကျအဆုံးများစွာရှိပါတယ်။ ဒီနေ့မှာလည်း ကျွန်တော်တို့ မနက်ကတည်းကစပြီး ဆောင်ရွက်နေတာ ရှိပါတယ်။ လာရောက်တိုက်ခိုက်နေတာရှိတယ်။ မုန်းမြို့ရဲ့ အရှေ့ဘက်အစွန်မှာရှိတဲ့ တပ်ရင်းတစ်ရင်းရှိပါတယ်။ ဒီတပ်ရင်းမှာတော့ ထိတွေ့တိုက်ပွဲဖြစ်ပွားမှု ရှိခဲ့ပါတယ်။ ဒီနေ့ညနေပိုင်းအထိ အပြန်အလှန်ထိတွေ့ တိုက်ပွဲဖြစ်ပွားမှု ရှိနေပါတယ်။ အစောပိုင်းကပြောခဲ့တဲ့ သံတံတားစခန်းနဲ့ နောက်ထပ်တပ်ရင်းတစ်ရင်းမှာတော့ အဝေးကနေ ပစ်ခတ်မှုလောက်ပဲရှိပါတယ်။ ဒီနေ့ကျွန်တော်ပြောချင်တာကတော့ နိုင်ငံတော်ရဲ့ဖြစ်ပေါ်နေတဲ့ အခြေအနေတွေမှာ ယခင်တုန်းက တပ်မတော်သားဖြစ်ခဲ့ဖူးတဲ့ တပ်မတော်သားများရဲ့၊ တပ်မတော်သားဟောင်းများရဲ့ စိတ်ဓာတ်၊ တပ်မတော်ကို ချစ်ခင်မြတ်နိုးသူတွေရဲ့ စိတ်ဓာတ်တွေနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ များစွာဂုဏ်ယူမိပါတယ်၊ များစွာအသိအမှတ်ပြုပါတယ်။ နိုင်ငံတော်အကြီးအကဲ၊ တပ်မတော်အကြီးအကဲများအနေနဲ့လည်း ဒီစစ်သားစိတ်၊ ရဲဘော်စိတ် Esprit de Corps နဲ့ပတ်သက်ပြီး တပ်မတော်သည် အားလုံးတစ်သွေးတည်း တစ်သားတည်းရှိတယ်၊ စစ်သည်များသည် အားလုံးတစ်သွေးတည်း တစ်သားတည်းရှိတယ်ဆိုတာ ပြသနိုင်တဲ့အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ပြောကြားလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**သတင်းစဉ်**

## အလုံးစုံပျက်သုဉ်းရေး လုပ်ဆောင်နေသည့် အကြမ်းဖက်အဖွဲ့အစည်းများအား ဆန့်ကျင်ရှုတ်ချပွဲပြုလုပ်

**နေပြည်တော် ဒီဇင်ဘာ ၄**

နေပြည်တော်ကောင်စီ နယ်မြေ ဇမ္ဗူသီရိမြို့နယ် သပြေကုန်းရပ်ကွက် မြို့တော်ခန်းမရှေ့ ပျဉ်းမနား-တောင်ညို လမ်းပေါ်တွင် ယနေ့ညနေပိုင်းက အလုံးစုံပျက်သုဉ်းရေးကို လုပ်ဆောင်နေသော အကြမ်းဖက်အဖွဲ့များ၏ အကြမ်းဖက် လုပ်ရပ်များကို အမျိုးသားရေး တက်ကြွလှုပ်ရှားသူများက ဆန့်ကျင်ရှုတ်ချပွဲ ကျင်းပခဲ့ကြသည်။

အဆိုပါ ဆန့်ကျင်ရှုတ်ချပွဲကို အမျိုးသားရေး တက်ကြွလှုပ်ရှားသူများ၊ တည်ငြိမ်အေးချမ်းရေးကို လိုလားသူများ၊ နိုင်ငံတော်ကာကွယ်ရေး တာဝန်ထမ်းဆောင်နေကြသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို ထောက်ခံအားပေးကြသူများဦးဆောင်၍ ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး နိုင်ငံတော်အတွင်း အချို့သောဒေသများ၌ အကြမ်းဖက်သမားများအနေဖြင့် အများပြည်သူအသုံးပြုနေသည့် လမ်းတံတားများကို ဖျက်ဆီးခြင်း၊ လျှပ်စစ်တာဝါတိုင်များနှင့် ဆက်သွယ်ရေးတာဝါတိုင်များ၊ လျှပ်စစ်ဓာတ်အားပေးရုံများကို ဖောက်ခွဲဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိကြောင်း၊ ထို့ကြောင့် တည်ငြိမ်အေးချမ်းမှုများဆုံးရှုံးကာ ကုန်စည်ကူးသန်းရောင်းဝယ်ရေးများတွင် အခက်အခဲများကြုံတွေ့နေရပြီး ဒေသခံပြည်သူလူထုတို့၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်လျက်ရှိသဖြင့် အကြမ်းဖက်မှုများ ပပျောက်ချုပ်ငြိမ်းစေရေး တည်ငြိမ်အေးချမ်းစွာဖြင့် မိမိတို့၏ ဆန္ဒများကို ယခုကဲ့သို့ ဖော်ထုတ်ရခြင်းဖြစ်ကြောင်း ဆန့်ကျင်ရှုတ်ချပွဲကို တက်ရောက်လာသူ တစ်ဦး၏ ပြောကြားချက်အရ သိရသည်။

ဆန့်ကျင်ရှုတ်ချပွဲကို တက်ရောက်လာသူများ အနေဖြင့် "ဒို့နိုင်ငံ ပျက်စီးအောင် အဖျက်သမားအားပေးနိုင်ငံများ - အလိုမရှိ၊ နိုင်ငံတော်အား ကာကွယ်ရေး-တို့ပြည်သူ အားလုံးပါဝင်ပေး၊ အလုံးစုံပျက်သုဉ်းရေး လုပ်ဆောင်နေတဲ့ အကြမ်းဖက်လုပ်ရပ်များ-အလိုမရှိ" စသည့်ကြွေးကြော်သံများကို ကြွေးကြော်ခဲ့ကြကြောင်းနှင့် ဗွီနိုင်း၊ ပိုစတာများကိုင်ဆောင်ကာ ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်ခဲ့ကြကြောင်း သိရသည်။ **(အောက်ပုံ)**

**သတင်းစဉ်**



## နိုင်ငံတကာသတင်းများ



## မလေးရှား၌ ရေကြီးရေလျှံမှုကြောင့် လူပေါင်း ၄၆၃၁ ဦး အိုးအိမ်စွန့်ခွာ

**ကွာလာလမ်ပူ ဒီဇင်ဘာ ၄**

မလေးရှားနိုင်ငံ အရှေ့မြောက်ပိုင်း ကီလန်တန်ပြည်နယ်၌ မိုးအဆက်မပြတ် သည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှု ဖြစ်ပွားရာ ဒီဇင်ဘာ ၄ ရက် မွန်းလွဲ ၃ နာရီအထိ လူပေါင်း ၄၆၃၁ ဦး အိုးအိမ်စွန့်ခွာခဲ့ရသည်။

အဆိုပါ အိုးအိမ်စွန့်ခွာသူများသည် ရေကြီးရေလျှံမှု ကယ်ဆယ်ရေးစင်တာ ၁၂ ခုတွင် ဝင်ရောက်ခိုလှုံလျက်ရှိကြောင်း မလေးရှားလူမှုဝန်ထမ်းဦးစီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ လွန်ခဲ့သည့် ရက်သတ္တအနည်းငယ်အတွင်း ပြည်နယ်အများအပြားတွင် ရေကြီးရေလျှံမှုဖြစ်ပွားခဲ့သည့်အတွက် လူပေါင်းများစွာ ဘေးလွတ်ရာသို့ ပြောင်းရွှေ့ခဲ့ရကြောင်း သိရသည်။

အောက်တိုဘာလမှ မတ်လအထိ ကြာတတ်သော အရှေ့မြောက်မုတ်သုံရာသီကြောင့် နိုင်ငံမြောက်ပိုင်း ပြည်နယ်များနှင့် အရှေ့ဘက် ကမ်းရိုးတန်းတွင် လေပြင်းတိုက်ခိုက်နိုင်ပြီး ပင်လယ်ပြင်တွင် လှိုင်းကြီးနိုင်မှုနှင့်အတူ မိုးသည်းထန်စွာရွာသွန်းမှု သတိပေးချက်များကို မိုးလေဝသဌာနက ထုတ်ပြန်ထားသည်။ **ဆင်ဟွာ**

## အင်ဒိုနီးရှား၌ မီးတောင်ပေါက်ကွဲပြီး တောင်တက်သမား ၁၁ ဦး သေဆုံး

**ဂျကာတာ ဒီဇင်ဘာ ၄**

အင်ဒိုနီးရှားနိုင်ငံ မာရာပီ မီးတောင်ပေါက်ကွဲမှုကြောင့် အနည်းဆုံး တောင်တက်သမား ၁၁ ဦး သေဆုံးခဲ့ပြီး နောက်ထပ် ၁၂ ဦး ပျောက်ဆုံးနေကြောင်း သိရသည်။

အနောက် ဆူမတြားပြည်နယ်ရှိ ၂၈၈၅ မီတာ အမြင့်ရှိ အဆိုပါမီးတောင်သည် ဒီဇင်ဘာ ၃ ရက်က ပေါက်ကွဲခဲ့ပြီး မီးတောင်ပြာများ မီတာ ၃၅၀၀၀ အမြင့်အထိ ဝေဟင်သို့ မှုတ်ထုတ်ခဲ့သည်။ မီးတောင်ပေါက်ကွဲမှုတွင် တောင်တက်သမားအများအပြား ပျောက်ဆုံးနေပြီး သေဆုံးသူ ၁၁ ဦးကို မီးတောင်ဝအနီးတွင် တွေ့ရှိထားကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ပြောကြားသည်။

ဖြစ်စဉ်အတွင်း အသက်ရှင် ကျန်ရစ်သူ သုံးဦးကို ကယ်တင်နိုင်ခဲ့ပြီး ဒီဇင်ဘာ ၄ ရက်အထိ အသေးစားမီးတောင်ပေါက်ကွဲမှုများ ဆက်တိုက်ဖြစ်ပွားလျက်ရှိသည်။

**အင်န်အိတ်ချ်ကေ**



အင်ဒိုနီးရှားနိုင်ငံ အနောက်ဆူမားတြားကျွန်းရှိ မာရာပီမီးတောင်ပေါက်ကွဲမှုကို တွေ့ရစဉ်။

## AI နည်းပညာကို အသုံးပြုပြီး စိတ်ကူးပုံရိပ်များကို ပြန်လည်ဖန်တီးရာတွင် ဂျပန်သုတေသီများ အောင်မြင်

**တိုကျို ဒီဇင်ဘာ ၄**

AI နည်းပညာကို အသုံးပြုကာ လူသားများ၏ ဦးနှောက်လှုပ်ရှားမှုများမှ ပုံရိပ်များကို ပြန်လည်ဖန်တီးနိုင်သော နည်းလမ်းတစ်ခုကို ဂျပန်သုတေသီအဖွဲ့တစ်ဖွဲ့က တီထွင်လိုက်ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

အဆိုပါသုတေသီအဖွဲ့တွင် ကွမ်တမ်သိပ္ပံနှင့် နည်းပညာဆိုင်ရာ အမျိုးသားအင်စတီကျု (ကျူအက်စ်တီ) နှင့် အခြားသော အဖွဲ့အစည်းများမှ သုတေသီများပါဝင်ကြောင်း သိရသည်။ ရှုခင်းအမျိုးမျိုးနှင့် ရုပ်ဝတ္ထုပစ္စည်းများကို ကြည့်ရှုခဲ့သည့်အတိုင်း လူသားများ၏ အာရုံကြောအချက်ပြမှုများကို သုတေသီများက မှတ်တမ်းတင်ခဲ့သည်ဟု ဆိုသည်။

ထို့နောက်တွင် ၎င်းတို့သည် အမှန်တကယ် ပုံရိပ်၏ရုပ်ပိုင်းဆိုင်ရာ သွင်ပြင်လက္ခဏာများကို ကိန်းဂဏန်းများအဖြစ် ရေတွက်မှတ်သားထားပြီး အာရုံကြောဆိုင်ရာ အချက်ပြမှုများကို ကိန်းဂဏန်းအဖြစ် ပြောင်းလဲပေးသော တစ်မူထူးခြားသည့် ပရိုဂရမ်တစ်ခုကို တီထွင်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ ပရိုဂရမ်က ရှုခင်းများနှင့် အခြားအရာဝတ္ထုပစ္စည်းများ၏ စိတ်ကူးထဲမှ ပုံရိပ်များကို ကိန်းဂဏန်းအချက်အလက်များအဖြစ် ပြောင်းလဲနိုင်ရန် လုပ်ဆောင်ပေးသည်ဟု ဆိုသည်။ ယင်းနောက် လူလုပ်အသိဉာဏ်တုဟုခေါ်သည့် AI က စိတ်ကူးထဲမှ ပုံရိပ်များကို ထုတ်လုပ်နိုင်ရေးအတွက် ပြန်လည်ဆန်းစစ်မှု လုပ်ငန်းစဉ်တစ်ခုကို ပုံဖော်ပေးသည်။




ထိုကဲ့သို့ စိတ်ကူးထဲမှပုံရိပ်များကို ပြန်လည်ဖန်တီးမှုမှာ မည်သူမျှ အောင်အောင်မြင်မြင် မလုပ်ဆောင်နိုင်သေးသည့် ပထမဆုံးအကြိမ် အောင်မြင်မှုဖြစ်ကြောင်း အဆိုပါ သုတေသီအဖွဲ့က ပြောသည်။ ကျူအက်စ်တီမှ သုတေသီ မာဂျီးမာခီက "လူသားတွေဟာ သာမန်မျက်စိနဲ့ မမြင်နိုင်တဲ့ ကမ္ဘာကြီးတစ်ခုကို ကြည့်ရှုဖို့အတွက် အဏုကြည့်မှန်ပြောင်းတွေနဲ့ တခြားကိရိယာတွေ အသုံးပြုကြပေမယ့် လူသားတစ်ယောက်ရဲ့ စိတ်ထဲကိုတော့ ကြည့်ဖို့အတွက် မစွမ်းနိုင်ကြဘူး" လို့ ပြောသည်။

၎င်းက အခြားသောလူတစ်ယောက်၏ စိတ်ထဲကို ကြည့်ရှုနိုင်စေရန် လူသားများအတွက် ပထမဆုံးအကြိမ် ဖြစ်ကြောင်းလည်း ခီက ပြောသည်။

**အင်န်အိတ်ချ်ကေ**

# မြန်မာနိုင်ငံပြည်သူ့ကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ (၂၀၂၃) ၏ အကြိုလှုပ်ရှားမှုအဖြစ် ကျင်းပပြုလုပ်သော HIV Harm Reduction Workshop အလုပ်ရုံဆွေးနွေးပွဲနှင့် Table Top Exercise for Implementation of International Health Regulation for Pandemic Threats သို့ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် တက်ရောက်




**နေပြည်တော် ဒီဇင်ဘာ ၄**

ပြည်သူ့ကျန်းမာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မြင့်မြင့်သန်းသည် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများ၊ ဆေးရုံအုပ်ကြီးများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး/ပြည်နယ် ခုခံကျ/ ကာလသားရောဂါတိုက်ဖျက်ရေး အဖွဲ့များ၊ ပြည်တွင်း/ ပြည်ပမိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန-၂ (MICC-2)၌ ကျင်းပပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေး ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ(၂၀၂၃)၏ အကြိုလှုပ်ရှားမှုဖြစ်သော HIV Harm Reduction Workshop အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်သည်။

ရှေးဦးစွာ ညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံတွင် ၂၀၁၉ ခုနှစ်က ဆောင်ရွက်ခဲ့သော အိပ်ချ်အိုင်ဗွီပိုးကူးစက်ဖြစ်ပွားမှုနှင့် အန္တရာယ်ရှိသော အပြုအမူဆိုင်ရာ ဆန်းစစ်ခြင်းစစ်တမ်းအစီရင်ခံစာ (Integrated Biological and Behavioral Survey-IBBS and Population Size Estimate (PSE) among PWID in Myanmar, 2019) အရ အချင်းချင်း ဆေးထိုးအပ်မျှဝေသုံးစွဲခြင်းကြောင့် မသန့်ရှင်းသော ဆေးထိုးအပ်/ဆေးထိုးပြွန်များမှ တစ်ဆင့် အိပ်ချ်အိုင်ဗွီနှင့် အသည်းရောင်အသားဝါဘီပိုး၊ စီပိုးများ ကူးစက်ပြန့်ပွားနိုင်ပါကြောင်း၊ ၎င်းတို့မှတစ်ဆင့် အိမ်ထောင်ဖက်များ၊ လက်တွဲဖော်များသို့ အိပ်ချ်အိုင်ဗွီကူးစက်မှုများ ရှိနိုင်ကြောင်း၊ မူးယစ်ဆေးဝါး သုံးစွဲမှု လျှော့ချရေးနှင့် နောက်ဆက်တွဲ အန္တရာယ် လျှော့ကျရေးလုပ်ငန်းသည် နီးနွယ်ဝန်ကြီးဌာနများနှင့် သက်ဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း။

ပြည်သူလူထု အတွင်း၌ ထိရောက်စွာ အသုံးချနိုင်မည့် တိကျခိုင်မာပြီး လူထုနားလည်လွယ်သော လုပ်ငန်းစဉ်များ၊ နည်းလမ်းအဖြေများကို အားလုံး တက်ကြွစွာ ဝိုင်းဝန်းဆွေးနွေး အကြံပြုကြရန် တိုက်တွန်းလိုကြောင်း၊ သို့မှသာ အိပ်ချ်အိုင်ဗွီ ကူးစက်မှု၊ အိပ်ချ်အိုင်ဗွီနှင့်ဆက်စပ်နေသည့် ရောဂါဖြစ်ပွားမှုများနှင့် သေဆုံးမှုများ၊ လူမှုရေးနှင့် စီးပွားရေး အကျိုးသက်ရောက်မှုများကို လျှော့ချရန်ဆိုသည့် ရည်မှန်းချက်များကို ရရှိနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် တက်ရောက်လာသူများက မူးယစ်ဆေး အကြောထဲထိုးသွင်းသူများအကြား အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ရောဂါ ဆိုင်ရာ ကာကွယ်ရေးနှင့် ကုသရေး လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများ၊ အားသာချက်/အားနည်းချက်များ၊ လုပ်ငန်းလိုအပ်ချက်များကို ပြန်လည်ဆွေးနွေးကြမည်ဖြစ်ပြီး အရှိန်အဟုန်မြှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများ၊ ရှေ့လုပ်ငန်းစဉ်များကို နှစ်ရက်တာ ဆွေးနွေးကြမည်ဖြစ်သည်။

ထို့အပြင် Table Top Exercise for Implementation of International Health Regulation for Pandemic Threats စားပွဲဝိုင်း လေ့ကျင့်ခန်းကို ရုံးအမှတ်(၄၇) နေပြည်တော်၌ အကြိုလှုပ်ရှားမှုအဖြစ် ကျင်းပပြုလုပ်ခဲ့ရာ အဆိုပါစားပွဲဝိုင်း လေ့ကျင့်ခန်းသည် နိုင်ငံတကာ ခရီးသွားလာခြင်း၊ ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်လာခြင်း၊ နိုင်ငံတကာကို ခြိမ်းခြောက်နိုင်သော ရောဂါများနှင့် အခြားပြည်သူ့ကျန်းမာရေး ထိခိုက်နိုင်သော အန္တရာယ်များ ဦးထောင်လာခြင်း သို့မဟုတ် ပြန်လည်ဦးမော့လာခြင်းတို့အတွက် လိုအပ်သော ကာကွယ်ပြင်ဆင်မှုအဖြစ် ပြုလုပ်သော လေ့ကျင့်ခန်းဖြစ်ပြီး ကူးစက်မြန် တုပ်ကွေးရောဂါနှင့် အလားတူ ဖြစ်ပွားလာပါက မြို့နယ်အဆင့်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်နှင့် ဗဟိုအဆင့် တုံ့ပြန်ဆောင်ရွက်ရမည့်လုပ်ငန်းများကို အဖွဲ့လိုက် လေ့ကျင့်နိုင်ရန် ပြုလုပ်သော လေ့ကျင့်ခန်းလည်းဖြစ်သည်။

အဆိုပါ လေ့ကျင့်ခန်းကို တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန အသီးသီးမှ ကိုယ်စားလှယ်များ၊ နီးနွယ်ဝန်ကြီးဌာနမှ ကိုယ်စားလှယ်များ၊ နီးနွယ်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်၍ အပြည်ပြည်ဆိုင်ရာ ကျန်းမာရေး စည်းမျဉ်းများနှင့် သက်ဆိုင်သော ကူးစက်မြန်ရောဂါများအား နယ်စပ်ဖြတ်ကျော် ကူးစက်ပြန့်ပွားခြင်းဆိုင်ရာ ကာကွယ်တုံ့ပြန်ဆောင်ရွက်ခြင်း လုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ခုနစ်ဦး တွေ့ရှိ

(၄-၁၂-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၂၆-၁၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၃-၁၂-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၂၃,၆၅၀) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၇) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၃) ရာခိုင်နှုန်း ဖြစ်ပါသည်။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

▼ *ကျောဖုံးမှ*

ရလဒ်ကောင်းရရှိရေး ခြေကုန်ထုတ်လာမယ့် လူတန်အနေနဲ့ အမှတ်ပေးဇယားကို ပြတ်သားတဲ့ရလဒ်နဲ့ ဦးဆောင်ဖို့ ကြိုးစားလာမယ့် အာဆင်နယ်ကို အသာရဖွယ်မရှိဘူး။

ဒီဇင်ဘာ ၇ ရက် နံနက်ပိုင်းမှာ အက်စ်တွန်ဗီလာနဲ့ မန်စီးတီး၊ မန်ယူနဲ့ ချယ်ဆီးအပါအဝင် ပွဲစဉ် ငါးပွဲအထိ ယှဉ်ပြိုင်ကစားသွားမှာပါ။ အက်စ်တွန်ဗီလာနဲ့ မန်စီးတီးအသင်းပွဲစဉ်ကို နံနက် ၂ နာရီ ၄၅ မိနစ်မှာ ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ မန်ယူနဲ့ချယ်ဆီးအသင်း ပွဲစဉ်ကိုလည်း နံနက် ၂ နာရီ ၄၅ မိနစ်မှာ ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ မန်ယူအသင်းရဲ့စွမ်းဆောင်မှုက အားရစရာမရှိဘူး။ ချယ်ဆီးက နောက်ပိုင်းပွဲစဉ်တွေမှာ တိုက်စစ်ထက်မြက်လာတယ်၊ အသင်းစွမ်းဆောင်ရည် အကောင်းဘက် ဦးတည်လာတယ်။ ချယ်ဆီး အသာရဖွယ်ရှိတယ်။

ဒီဇင်ဘာ ၈ ရက် နံနက်ပိုင်းမှာ အဲဗာတန်နဲ့ နယူးကာဆယ်၊ စပါးနဲ့ ဝက်စ်ဟမ်းအသင်း ပွဲစဉ်တွေကို ဆက်လက် ယှဉ်ပြိုင်ကစားသွားမှာပါ။ အဲဗာတန်နဲ့ နယူးကာဆယ် အသင်းပွဲစဉ်က နံနက် ၂ နာရီမှာ ယှဉ်ပြိုင်ကစားသွားမှာဖြစ်ပြီး စပါးနဲ့ ဝက်စ်ဟမ်းက နံနက် ၂ နာရီ ၄၅ မိနစ်မှာ ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။

**အောင်ဇော်**


## ပြည်သူ့ကျန်းမာရေး ဦးစားပေး

- တောစွန်တောင်ကြား ၊ ဝေးကွာခြားလည်း
ခြားစမ်းပါစေ ၊ ကြမ်းတမ်းစေတည့်
တို့တွေလက်တွဲ ၊ တူတူနွဲ့မည်
လွဲချော်ယွင်းချွတ် ကင်းစင်ဝေး..။
ပြည်သူ့အတွက် ကျန်းမာရေး..။
- ရေခြားမြေခြား ၊ အနေခြားလျက်
စွန်ဖျားရပ်မြေ ၊ ခက်ခဲစေတည့်
စေတနာရင်း ၊ မေတ္တာနှင်း၍
ရိုင်းပင်းမနှေး ၊ ကူညီဖေး..။
ပြည်သူ့အတွက် ကျန်းမာရေး..။
- ပြည်သူဟူငြား ၊ သည်မြေဖွားတို့
ရှည်လျားသက်တာ ၊ သိပညာနှင့်
ကျန်းမာကြမှ ၊ လိုသမျှကို
နေ့ညမဟူ ၊ လွယ်တကူလျှင်
ဆောင်ယူနိုင်စွမ်း ၊ ပြည့်ဝလျှမ်းလိမ့်
ကျန်းမာရေးသည် အဓိက..။
- ကျန်းမာအသိ ၊ သူငါရှိလျက်
အမိဝမ်းမှ ၊ အခြေစ၍
ညွှန်းပြရောဂါ ၊ အဖြာဖြာကို
ကာကွယ်မှုပေး ၊ ကုသပေးလျက်
တိုက်ကျွေးပါကြ အာဟာရ..။
ကျန်းမာရေးသည် အဓိက..။
- "မိခင်ကျန်းမာ" ၊ အစဖြာ၍
"ကလေးကျန်းမာ" ၊ "ကျောင်းကျန်းမာ" ဟု
ချိန်ခါမလပ် ၊ စဉ်စောင့်ကြပ်လျက်
မလပ်စေရ ၊ "ခုခံကျ"တည့်
ထိုမှတစ်လီ..
တီဘီငှက်ဖျား ၊ အပြားပြားတည့်
ဆီးတား "ကူးစက်" ၊ မကူးစက်ဟု
ကြောင်းချက်များစွာ ၊ ကပ်ရောဂါတို့
နေလာနှင်းပျောက် ၊ ဝေးရာရောက်သို့
ခြိမ်းခြောက်ကင်းရေး တိုက်ဖျက်ပေး..။
အဓိကသည် ကျန်းမာရေး..။
- သြော်...
ပြည်သူများစွာ ၊ သက်ရှည်ကြာလျက်
ကျန်းမာစေရေး ၊ ဦးစားပေး၍
တိုင်းရေးပြည်မှု ၊ အစုစု၌
သူ့ထက်ငါလျှင် ၊ ရောဂါစင်မို့
ပါဝင်လှုပ်နှိုး ၊ ပြည့်အကျိုးတွက်
သယ်ပိုးနိုင်ကြောင်း ၊ အားဖြည့်လောင်းဖို့
တောင်းဆုသွန်းခြွေ လုပ်အားပြ..။
ပြည်သူ့ကျန်းမာရေး သည်ဌာန..။
စွမ်းရည်မြှင့်တင် စဉ်တောက်ပ...။ ။

**မောင်စိမ်းနောင်(လယ်ဝေး)**

**ပထမအကြိမ် မြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေး ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ (၂၀၂၃) ကို ဂုဏ်ပြုလျက် -**

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင် ပြည်သူများက ပဲထမင်းဘူးများ ပေးအပ်လှူဒါန်း



နေပြည်တော် ဒီဇင်ဘာ ၄

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင် ပြည်သူများက အလှူငွေများ ပေးအပ်လှူဒါန်းလျက်ရှိသည့်အပြင် စားသောက်ဖွယ်ရာများကိုလည်း ပေးပို့လှူဒါန်းလျက်ရှိသည်။

ယနေ့တွင် စေတနာရှင်အလှူရှင် ပြည်သူများက အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ပဲထမင်းဘူးများကို ပေးအပ်လှူဒါန်းကြရာ



တာဝန်ရှိသူများက လက်ခံရယူပြီး လားရှိုးမြို့မှ တစ်ဆင့် တပ်မတော်မော်တော်ယာဉ်များ၊ ရဟတ်ယာဉ်များဖြင့် **(အပေါ်ပုံ)** လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် လိုက်လံပို့ဆောင်ပေးကြသည်။

စေတနာရှင်ပြည်သူများ လှူဒါန်းသည့် ပဲထမင်းဘူးများနှင့်အတူ ရဟန်းသံဃာများနှင့် ပြည်သူများက ရေးသားပေးပို့သည့် "တပ်မတော်သားများဘေးရန်ကင်းကွာ စိတ်ချမ်းသာကြပါစေ၊ တိုက်ပွဲတိုင်းအောင်မြင်ပါစေ၊ တိုင်းပြည်ရန်စွယ်ဟူသမျှကို အမြစ်ပါမကျန် ချေမှုန်းနိုင်ကြပါစေ" စသည့် ဆုတောင်းမေတ္တာစာလွှာများပါရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ချင်းပြည်နယ် ပလက်ဝမြို့နယ်အတွင်း တိုက်ပွဲ၌ တပ်မတော်မှ ဓာတုဓာတ်ငွေ့ဗုံးများ အသုံးပြု၍ တိုက်ခိုက်ခဲ့သည်ဟု သတင်းတု၊ သတင်းအမှားများ ဖြန့်ဝေလျက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၄

ချင်းပြည်နယ် ပလက်ဝမြို့နယ်အတွင်း AA အကြမ်းဖက်အဖွဲ့နှင့် တပ်မတော် ထိတွေ့တိုက်ပွဲများတွင် တပ်မတော်က လေကြောင်းအသုံးပြု၍ ဓာတုဓာတ်ငွေ့ဗုံးများဖြင့် တိုက်ခိုက်နေသည်ဟု တရားမဝင် ပြည်ဖျက်မီဒီယာအချို့က မဟုတ်မမှန်သတင်းများ Online မီဒီယာများတွင် ဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

တပ်မတော်အနေဖြင့် အကြမ်းဖက်မှုချေမှုန်းရေး စစ်ဆင်ရေးဆောင်ရွက်ရာတွင် ထိရောက်သော လက်နက်ကြီးပစ်ကူနှင့် လေကြောင်းပစ်ကူရယူပြီး တပ်မတော်သားများ၏ ရွပ်ရွပ်ချွံချွံတိုက်ခိုက်မှုများကြောင့် AA အကြမ်းဖက်အဖွဲ့များသည် အကျအဆုံးများလာပြီး ၎င်းတို့အဖွဲ့အတွင်း စိတ်ဓာတ်ပျက်ပြားကာ တိုက်လိုခိုက်လိုစိတ် မရှိကြတော့သဖြင့် တပ်မတော်မှ ဓာတုဓာတ်ငွေ့ဗုံးများ အသုံးပြုသည်ဟု မဟုတ်မမှန်လုပ်ကြံ၍ တရားမဝင် ပြည်ဖျက်မီဒီယာများအားကိုးကာ သတင်းမှားများ ထုတ်လွှင့်ခြင်းသာဖြစ်ကြောင်းနှင့် တပ်မတော်မှ လေကြောင်းပစ်ကူရယူရာတွင် ဓာတုဓာတ်ငွေ့ဗုံးများကို မည်သည့်တိုက်ပွဲများတွင်မှ အသုံးပြုတိုက်ခိုက်ခဲ့ခြင်း မရှိကြောင်း၊ တပ်မတော်အနေဖြင့် နယ်မြေဒေသ




လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် အကြမ်းဖက်မှုချေမှုန်းရေး စစ်ဆင်ရေးများကို ထိရောက်စွာ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မူဆယ်မြို့နယ် နမ့်ခွမ်ကျေးရွာအနီးသို့ တပ်မတော်မှ လေကြောင်းအသုံးပြု၍ ဗုံးကြဲတိုက်ခိုက်မှုကြောင့် ကလေးငယ်တစ်ဦးအပါအဝင် ပြည်သူသုံးဦးသေဆုံးဟု သတင်းတု၊ သတင်းအမှားများ ဖြန့်ဝေလျက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ် နမ့်ခွမ်ကျေးရွာအနီးသို့ ဒီဇင်ဘာ ၃ ရက် ည ၁၁ နာရီခန့်က တပ်မတော်မှ လေကြောင်းအသုံးပြု၍ ဗုံးကြဲတိုက်ခိုက်ခဲ့ကြောင်းနှင့် အသက်လေးလအရွယ် ကလေးငယ်တစ်ဦးအပါအဝင် ဒေသခံပြည်သူ ၃ ဦး သေဆုံးခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်စာမျက်နှာများ၌ မဟုတ်မမှန်သတင်းမှားများ ထုတ်လွှင့်ဖော်ပြလျက်ရှိသည်ကို တွေ့ရှိရသည်။

တပ်မတော်အနေဖြင့် နယ်မြေဒေသလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် အကြမ်းဖက်မှုချေမှုန်းရေးစစ်ဆင်ရေးများကို ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၃ ရက်တွင် မူဆယ်မြို့နယ် နမ့်ခွမ်ကျေးရွာအနီး၌ အကြမ်းဖက်သမားများနှင့် ထိတွေ့တိုက်ပွဲဖြစ်ပွားစဉ် အကြမ်းဖက်သမားများပစ်ခတ်သော လက်နက်ကြီးကျည်များ ကျေးရွာအတွင်းသို့ ကျရောက်ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း သိရပြီး တပ်မတော်မှ အဆိုပါဖြစ်စဉ်နေရာသို့ လေကြောင်းအသုံးပြု၍ ဗုံးကြဲတိုက်ခိုက်ခဲ့ခြင်းမရှိကြောင်းနှင့် တပ်မတော်နှင့်ပြည်သူပူးပေါင်း၍ အကြမ်းဖက်မှုနှိမ်နင်းရေး ဆောင်ရွက်နေမှုများကို မလိုလားသည့် တရားမဝင် ပြည်ဖျက်မီဒီယာများက ပြည်သူလူထုနှင့် တပ်မတော်အကြား သွေးကွဲစေရန် ရည်ရွယ်ချက်ဖြင့် သတင်းအမှား၊ သတင်းအတုများကို ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




# လူမှုကွန်ရက်စာမျက်နှာများ၌ အချက်အလက် တိကျခိုင်မာမှုမရှိသည့် သတင်းတု၊ သတင်းအမှားများဖြင့် ဝါဒဖြန့်ရေးသားလျက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၄

စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့ တောင်ဘက် ၁၀ မိုင်ခန့်အကွာ ကလေး - တမူး လမ်းမပေါ်ရှိ ထန်းတပင်ကျေးရွာကို ဒီဇင်ဘာ ၃ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်းနှင့် ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့ရှိ ကျေးရွာ နှစ်ရွာကိုလည်း လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း စသည်ဖြင့် အချက်အလက် တိကျခိုင်မာခြင်း မရှိသည့် သတင်းတု၊ သတင်းအမှားများကို လူမှုကွန်ရက်စာမျက်နှာများ၌ ဖြန့်ဝေရေးသားလျက်ရှိသည်ကို တွေ့ရှိရသည်။







အဆိုပါ ဒေသများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံများအား ဆက်သွယ်မေးမြန်းချက်များအရ အဆိုပါ ကျေးရွာများနှင့် အနီးတစ်ဝိုက်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ လှုပ်ရှားသွားလာမှုမရှိကြောင်း သိရှိရပြီး တရားမဝင် ပြည်ဖျက်မီဒီယာများအနေဖြင့် ဒေသခံပြည်သူများ ကြောက်ရွံ့ထိတ်လန့်လာစေရန်၊ နယ်မြေဒေသတည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အားကိုးယုံကြည်မှု နည်းပါးလာစေရန်အတွက် ယခုကဲ့သို့ အခြေအမြစ်မရှိသည့် သတင်းတု၊ သတင်းအမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်ပေါ်တွင် ရည်ရွယ်ချက်ရှိရှိဖြင့် ရေးသား ဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရှိရသည်။ **သတင်းစဉ်**

# နယ်စပ်ဒေသများ၌ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေသူများအား ဥပဒေနှင့်အညီဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ ဆက်လက်လွှဲပြောင်းပေးအပ်

နေပြည်တော် ဒီဇင်ဘာ ၄

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများအပါအဝင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို အလေးထားဆောင်ရွက်လျက်ရှိပြီး အချို့သောပြည်ပ နိုင်ငံသားများအနေဖြင့် နယ်စပ်ဒေသများမှ တစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိကြောင်း သိရှိရသည့်အတွက် အုပ်ချုပ်ရေးအဖွဲ့အစည်းများမှ လိုအပ်သည့် စိစစ်မှုများပြုလုပ်ကာ ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့လွှဲပြောင်းပေးအပ်ခြင်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် တရုတ်နိုင်ငံသား အမျိုးသား ၁၁၅ ဦး၊ အမျိုးသမီး ၁၂ ဦး စုစုပေါင်း ၁၂၇ ဦးကို စိစစ်ဖော်ထုတ်ရရှိခဲ့ပြီး ထပ်မံလွှဲပြောင်းပေးနိုင်ခဲ့ခြင်းကြောင့် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၃၁ ရက်မှ ဒီဇင်ဘာ ၄ ရက်အထိ တရုတ်နိုင်ငံသား အမျိုးသား ၉၈၇၀၊ အမျိုးသမီး ၁၂၀၉ ဦး စုစုပေါင်း ၁၁၀၇၉ ဦးတို့ကို ဖော်ထုတ်ရရှိခဲ့ပြီး ဥပဒေနှင့်အညီ လိုအပ်သည့် စိစစ်ခြင်းများ ဆောင်ရွက်ခဲ့ကာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တာဝန်ရှိသူများထံသို့ စနစ်တကျ ပြန်လည်လွှဲပြောင်း ပေးအပ်ခြင်းများ ဆောင်ရွက်နိုင်ခဲ့သည်။

နိုင်ငံတော်အစိုးရ အနေဖြင့် နယ်စပ်ဒေသများမှ တရားမဝင် ဝင်ရောက် နေထိုင်လျက်ရှိသည့် ပြည်ပနိုင်ငံသားများအား စိစစ်ဖော်ထုတ်ခြင်းနှင့် ပြန်လည်လွှဲပြောင်းခြင်း လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# အဂတိပယ်ခွာပြည်သာယာ

လင်းလက်နေခြည်

### လက်တွဲညီညီ

အဂတိလိုက်စားမှုသည် နိုင်ငံတိုင်း၏ စီးပွားရေး၊ အုပ်ချုပ်ရေး၊ နိုင်ငံရေးနှင့် လူမှုယဉ်ကျေးမှုစနစ်များ ယိုယွင်းပျက်စီးစေနိုင်သည်ကို သတိပြုမိ၍ နိုင်ငံတိုင်းက အလေးထားတိုက်ဖျက်လာကြသည့် သတင်းများကို သတင်းစာမျက်နှာများတွင် နေ့စဉ်ဖတ်ရှုနေကြရသည်မှာ အားတက်ဖွယ်ပင်ဖြစ်သည်။ ကမ္ဘာလုံးဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကွန်ဗင်းရှင်းဖြစ်သည့် ကုလသမဂ္ဂအဂတိလိုက်စားမှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်းတွင် ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့အထိ အဖွဲ့ဝင်နိုင်ငံ ၁၉၀ နိုင်ငံအထိ ရှိလာပြီဖြစ်သဖြင့် အဂတိလိုက်စားမှုကို ကမ္ဘာ့နိုင်ငံတိုင်းလိုလိုက ပူးပေါင်းတိုက်ဖျက်နေကြသည်ကို အခိုင်အမာသက်သေပြနေသည်။

ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (UNODC) ၏ website ၌ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် လာဘ်ပေးလာဘ်ယူမှု၊ အများပြည်သူ ဘဏ္ဍာရန်ပုံငွေ အလွဲသုံးစားပြုခြင်း စသည့် အဂတိလိုက်စားမှုများကြောင့် နှစ်စဉ်အမေရိကန်ဒေါ်လာ သန်း ၂၀၀ ဝန်းကျင်ခန့်မှ သန်း ၄၀၀ ဝန်းကျင်ခန့်အတွင်း ဆုံးရှုံးနေသည်ဟု ဖော်ပြထားသည်ကို တွေ့ရှိရသည်။ အဂတိလိုက်စားမှုကြောင့် ကုန်ကျနိုင်သည့် ကုန်ကျစရိတ်များနှင့်စပ်လျဉ်းသည့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) ၏ ဖော်ပြချက်တစ်ရပ်တွင်မူ အစိုးရများ၏ အများပြည်သူဘဏ္ဍာရန်ပုံငွေသုံးစွဲမှုမှ ၂၅ ရာခိုင်နှုန်းခန့်သည် အဂတိလိုက်စားမှုများကြောင့် ဆုံးရှုံးနေရသည်ဟု ဖော်ပြထားသည်ကို တွေ့ရသည်။

### အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းတစ်ရပ် ပေါ်ထွန်းလာခဲ့

အဂတိလိုက်စားမှုများသည် နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်း၌သာ ဖြစ်ပွားသည့် ပြစ်မှုအသွင်မှ နိုင်ငံဖြတ်ကျော်ဖြစ်ပွားသော ဂိုဏ်းဖွဲ့ကျူးလွန်သည့် ပြစ်မှုများအသွင်သို့ ပြောင်းလဲလာနိုင်သည့်အတွက် ပြည်တွင်းဥပဒေ၊ နည်းဥပဒေများပြဋ္ဌာန်းခြင်း၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ ဖွဲ့စည်းဆောင်ရွက်ခြင်း၊ တားဆီးကာကွယ်ရေးဆိုင်ရာ အစီအမံများ ချမှတ်ဆောင်ရွက်ခြင်း စသည့် နိုင်ငံတွင်းဆောင်ရွက်မှုများအပြင် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုကို ပိုမိုအလေးထားဆောင်ရွက်လာကြသည်ကို တွေ့ရှိရသည်။

ထိုကဲ့သို့သော နိုင်ငံတိုင်းအပေါ် ဆိုးရွားသော သက်ရောက်မှုများဖြစ်စေသည့် အဂတိလိုက်စားမှုများ၊ ယင်းနှင့်ဆက်စပ်သည့် နိုင်ငံဖြတ်ကျော်မှုခင်းများ၊ ငွေကြေးခဝါချမှုများ စသည်တို့ကို တားဆီးကာကွယ်ရန်နှင့် အရေးယူဆောင်ရွက်နိုင်စေရန် ရည်ရွယ်လျက် ကမ္ဘာ့ကုလသမဂ္ဂက ၂၀၀၃ ခုနှစ် အောက်တိုဘာလ ၃၁ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ကုလသမဂ္ဂအထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်အမှတ် ၅၈/၄ အရ ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်းကို ၂၀၀၃ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့မှ ၁၁ ရက်နေ့အထိ မက္ကဆီကိုနိုင်ငံ မာရီဒါမြို့၌ ကျင်းပပြုလုပ်ခဲ့သည့် ညီလာခံတွင် သဘောတူလက်မှတ်ရေးထိုး၍ စတင်ပြဋ္ဌာန်းခဲ့သည်။

### မြန်မာနိုင်ငံသည်လည်း အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်

၂၀၂၃ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့အထိ ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေး




**နိုင်ငံတိုင်းအပေါ် ဆိုးရွားသော သက်ရောက်မှုများဖြစ်စေသည့် အဂတိလိုက်စားမှုများ၊ ယင်းနှင့်ဆက်စပ်သည့် နိုင်ငံဖြတ်ကျော်မှုခင်းများ၊ ငွေကြေးခဝါချမှုများ စသည်တို့ကို တားဆီးကာကွယ်ရန်နှင့် အရေးယူဆောင်ရွက်နိုင်စေရန် ရည်ရွယ်လျက် ကမ္ဘာ့ကုလသမဂ္ဂက ၂၀၀၃ ခုနှစ် အောက်တိုဘာလ ၃၁ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ကုလသမဂ္ဂအထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်အမှတ် ၅၈/၄ အရ ကုလသမဂ္ဂအဂတိလိုက်စားမှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်းကို ၂၀၀၃ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့မှ ၁၁ ရက်နေ့အထိ မက္ကဆီကိုနိုင်ငံ မာရီဒါမြို့တွင် ကျင်းပပြုလုပ်ခဲ့သည့် ညီလာခံ၌ သဘောတူလက်မှတ်ရေးထိုး၍ စတင်ပြဋ္ဌာန်းခဲ့သည်**

ကွန်ဗင်းရှင်းတွင် အဖွဲ့ဝင်အဖြစ် နိုင်ငံပေါင်း ၁၉၀ နိုင်ငံက ပါဝင်လက်မှတ်ရေးထိုးထားပြီး မြန်မာနိုင်ငံသည် ၁၆၅ နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံဖြစ်သည်။ ၇-၈-၂၀၁၃ ရက်တွင် ပြဋ္ဌာန်းခဲ့ပြီး ပဉ္စမအကြိမ်အထိ ပြင်ဆင်ခဲ့ပြီးဖြစ်သည့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၁၆ (ဏ) တွင် ကော်မရှင်အနေဖြင့် "အဂတိလိုက်စားမှု တိုက်ဖျက်ရေးတွင် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်ပနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း" ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ပြဋ္ဌာန်းထားသည်။

မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်အနေဖြင့် ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံဖြစ်လာပြီးနောက်ပိုင်းတွင် ကွန်ဗင်းရှင်းအကောင်အထည်ဖော်ဆောင်မှု ပြန်လည်သုံးသပ်ရေး လုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်ခဲ့ခြင်း၊ ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံများညီလာခံ (Conference of the State Parties to the UNCAC-COSP) နှင့် ဆက်စပ်အစည်းအဝေးများဖြစ်သော Implementation Review Group-IRG နှင့် Open-ended Intergovernmental Working Group အစည်းအဝေးများသို့ ပါဝင်တက်ရောက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

### နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်

ကော်မရှင်အနေဖြင့် နိုင်ငံတကာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအကယ်ဒမီ (International Anti-Corruption Academy) သို့ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ထားပြီး ပူးပေါင်းဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။ ထို့အပြင် ဒေသတွင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေး အဖွဲ့အစည်းတစ်ခုဖြစ်သည့် အာဆီယံအဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့ (ASEAN Parties Against Corruption-ASEAN-PAC) သို့လည်း အဖွဲ့ဝင်အဖြစ် ဝင်ရောက်ထားပြီး အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းများတွင် အဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်နေသည်ကိုလည်း တွေ့ရသည်။

မြန်မာနိုင်ငံအနေဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူ၍ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိသကဲ့သို့ ဒေသတွင်းနိုင်ငံများနှင့် နီးကပ်သည့် ပူးပေါင်းဆောင်ရွက်မှုဖြင့် "ကျွမ်းကျင်မှုနည်းပညာအကူအညီများ၊ သတင်းအချက်အလက်များ အပြန်အလှန်ဖလှယ်နိုင်ရေးနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ အတွေ့အကြုံများနှင့် အလေ့အကျင့်များကို ဖလှယ်နိုင်ရေး" ရည်ရွယ်၍ ASEAN-PAC အဖွဲ့ဝင်နိုင်ငံများ၊ အခြားနိုင်ငံများ၊ အဖွဲ့အစည်းများနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ နှစ်နိုင်ငံနားလည်မှုစာချွန်လွှာများကို လက်မှတ်ရေးထိုး ဆောင်ရွက်လျက်ရှိသည်။

၂၀၁၅ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံ Government Inspectorate of Vietnam (GIV) နှင့် လည်းကောင်း၊ ၂၀၁၇ ခုနှစ်တွင် ထိုင်းနိုင်ငံ National Anti-Corrup-tion Commission (NACC) နှင့် လည်းကောင်း၊ ၂၀၁၈ ခုနှစ်တွင် လာအိုနိုင်ငံ State Inspection and Anti-Corruption Authority (SIAA) နှင့်လည်းကောင်း၊ ၂၀၁၈ ခုနှစ်တွင် ကိုရီးယားနိုင်ငံ Anti-Corruption and Civil Rights Commission (ACRC)နှင့်လည်းကောင်း၊ ၂၀၁၉ ခုနှစ်တွင် ဒိန်းမတ်နိုင်ငံ သံရုံးနှင့်လည်းကောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် အိန္ဒိယနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးအကယ်ဒမီ (Anti-Corruption Academy) နှင့်လည်းကောင်း၊ ၂၀၂၂ ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံ Anti-Corruption Unit (ACU) နှင့်လည်းကောင်း၊ ၂၀၂၃ ခုနှစ်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးနှင့်လည်းကောင်း နှစ်နိုင်ငံနားလည်မှုစာချွန်လွှာများကို လက်မှတ်ရေးထိုးထားပြီးဖြစ်သည်ကို တွေ့ရသည်။

### နိုင်ငံတကာနှင့် မျက်ခြည်မပြတ်

မြန်မာနိုင်ငံတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကို ၂၀၁၄ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိသည်။ အဂတိလိုက်စားမှု ကျူးလွန်သူများကို အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နေသကဲ့သို့ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် လုပ်ငန်းတာဝန်များ ထမ်းဆောင်ရာတွင် အဂတိတရားကင်းရှင်းစွာ ဆောင်ရွက်နိုင်စေရေးရည်ရွယ်၍ တားဆီးကာကွယ်ရေးလုပ်ငန်းစဉ်တစ်ရပ်အနေဖြင့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းခြင်း၊ ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုကိုရရှိစေရန် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို ဆောင်ရွက်ခြင်းနှင့် အသိပညာပေးလုပ်ငန်းများကိုလည်း လူငယ်များကို ဦးတည်သည့် ကျောင်းသားလူငယ်ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေးအစီအစဉ်များဆောင်ရွက်ခြင်း၊ လူငယ်စကားဝိုင်းများကျင်းပခြင်းတို့ကို နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်နေသည်ကို တွေ့ရသည်။

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကို တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် လက်တွဲတိုက်ဖျက်ဆောင်ရွက်နိုင်ရေးအတွက် ရည်ရွယ်ကာ နှစ်စဉ်ဒီဇင်ဘာလ ၉ ရက်နေ့တွင် ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားများကိုလည်း နိုင်ငံတကာနည်းတူ ဆောင်ရွက်နေသည်ကို တွေ့ရသည်။ ယခုနှစ်တွင် ကျရောက်မည့် အထိမ်းအမှတ်အခမ်းအနားအတွက် ကြိုတင်ကာ လူငယ်အသိပညာပေးပိုစတာ၊ ဗီဒီယိုနှင့် စာစီစာကုံးပြိုင်ပွဲကို ကျင်းပခဲ့ပြီး ဆုရရှိသူများကို စနစ်တကျ ရွေးချယ်ထုတ်ပြန်ကြေညာထားပြီး ထိုက်ထိုက်တန်တန် ဆုချီးမြှင့်ပေးအပ်နိုင်ရေး ဆောင်ရွက်နေသည်မှာလည်း မျိုးဆက်သစ်လူငယ်များ၏ အခန်းကဏ္ဍကို ပုံဖော်ပေးခြင်းပင်ဖြစ်သည်။

### နိုင်ငံတော်အကြီးအကဲ၏ သဘောထား

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့တွင် နေပြည်တော်၌ ကျင်းပပြုလုပ်ခဲ့သည့် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား၌ မိန့်ခွန်းပြောကြားခဲ့ရာတွင် "နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ နှင့်အညီ တာဝန်ထမ်းဆောင်စဉ်တွင် သန့်ရှင်းသော အစိုးရနှင့်ကောင်းမွန်သော အုပ်ချုပ်မှုစနစ်ဖြစ်ထွန်းလာစေရေး၊ အများပြည်သူဆိုင်ရာ အုပ်ချုပ်ရေးတွင် ဂုဏ်သိက္ခာနှင့် တာဝန်ယူနိုင်မှု မြင့်မားတိုးတက်လာစေရေး၊ လူ့အဖွဲ့အစည်းနှင့် နိုင်ငံသားများ၏ အခွင့်အရေးနှင့် အကျိုးစီးပွားကို ထိခိုက်မှုမရှိစေရေးတို့ကို ဘက်ပေါင်းစုံက ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊

*စာမျက်နှာ ၁၈ သို့*

# ရှေ့သို့လှမ်းချီ UHC သို့ ပြည်သူ့ကျန်းမာရေး မြှင့်တင်စို့

ဒေါက်တာပြည့်ထူး (FDA)

**လူတိုင်းလွှမ်းခြုံနိုင်သော ကျန်းမာရေးစောင့်ရှောက်မှု (Universal Health Coverage–UHC) ဆိုသည်မှာ လူအားလုံးသည် အရည်အသွေးပြည့်မီသော ကျန်းမာရေးစောင့်ရှောက်မှုအား လက်လှမ်းမီရရှိနိုင်ခြင်းကို ဆိုလိုခြင်းဖြစ်သည်။ ၎င်းတွင် ကျန်းမာရေးမြှင့်တင်ရေး၊ ကာကွယ်ရေး၊ ကုသရေး၊ ပြန်လည်ထူထောင်ရေးစသည့် စဉ်ဆက်မပြတ် ပြုလုပ်ရမည့် အခန်းကဏ္ဍများ ပါဝင်ပါသည်။ UHC ကို အကောင်အထည်ဖော်ရန်အလို့ငှာ နိုင်ငံများတွင် ၎င်းတို့ဝန်ဆောင်မှုပေးနေသည့် လူ့အသိုက်အဝန်း၌ အခြေတည်ပေးမည့် ခိုင်မာထိရောက်မှုရှိပြီး ခွင့်တူညီမျှသော ကျန်းမာရေးစနစ်များရှိရန် လိုအပ်ပါသည်။**




### UHC ကို အောင်မြင်အောင် အကောင်အထည်ဖော်ရန်

ကနဦး ကျန်းမာရေးစောင့်ရှောက်မှု (Primary Health Care– PHC) သည် UHC သို့ ရောက်ရှိရန် အထိရောက်ဆုံးနှင့် ကုန်ကျစရိတ်သက်သာသော နည်းလမ်းဖြစ်သည်။ ယခုအခါ ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းသည် ၎င်းတို့၏လူဦးရေနှင့် အရင်းအမြစ်များ လိုအပ်ချက်များအပေါ်အခြေခံ၍ ကွဲပြားသော နည်းလမ်းများဖြင့် UHC ကို အောင်မြင်အောင် အကောင်အထည်ဖော်ရန် ဆောင်ရွက်လျက်ရှိကြသည်။

ယနေ့ခေတ်တွင် လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာနေနိုင်ရေးနှင့် ပြည်သူလူထု၏ မျှော်မှန်းသက်တမ်း တိုးတက်မြင့်မားလာစေရေးအတွက် အခြေခံကျန်းမာရေးစောင့်ရှောက်မှုများကို တိုးမြှင့်ဆောင်ရွက်ပေးခြင်းကို ကမ္ဘာ့နိုင်ငံများအားလုံးက အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် ပြည်သူလူထု၏ ကျန်းမာရေးအဆင့်အတန်း တိုးတက်မြင့်မားစေရေးအတွက် အထောက်အကူဖြစ်စေမည့် ပြည်သူ့ကျန်းမာရေးမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များကိုလည်း စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြသည်။ "မည်သူကိုမျှ နောက်မချန်ရစ်စေရေး" (No One Left Behind) သည် ကျန်းမာရေးကို အခြေခံလူ့အခွင့်အရေးအဖြစ် အသိအမှတ်ပြုသည့် ၂၀၃၀ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်ဖြစ်ရာ ၎င်းအားပြည့်မီစေရေး ဖြည့်ဆည်းရန် အကောင်းဆုံးနည်းလမ်းမှာ UHC ပင် ဖြစ်သည်။ ကမ္ဘာလုံးဆိုင်ရာ UHC ဝန်ဆောင်မှုလွှမ်းခြုံနိုင်ခြင်း ညွှန်းကိန်းရမှတ် (Service Coverage Index–SCI) သည် သက္ကရာဇ် ၂၀၀၀ ပြည့်နှစ်မှ ၂၀၂၁ ခုနှစ် အကြားတွင် ဖြည်းညင်းသည့် တိုးတက်မှုနှုန်းဖြင့် ၄၅ မှ ၆၈ အထိ တိုးတက်ခဲ့သည်ကို တွေ့ရှိရသည်။ သို့ဖြစ်ပါ၍ UHC သို့ ယခုထက်ပိုသည့် တိုးတက်မှုနှုန်းဖြင့် လှမ်းချီနိုင်ရေး ပြည်သူ့ကျန်းမာရေးအခန်းကဏ္ဍကို မြှင့်တင်ပေးရန် အထူးလိုအပ်လှပေသည်။

### ကျန်းမာကြံ့ခိုင်သော နိုင်ငံသားများ ဖြစ်ပေါ်လာရေး

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတစ်ခု တည်ဆောက်ရာတွင် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်မှသာလျှင် ထိရောက်သည့် တိုးတက်မှုရလဒ်များကို ရရှိနိုင်မည်ဖြစ်ပြီး အဓိကကျသော စွမ်းအားစုကြီးဖြစ်သည့် ကျန်းမာကြံ့ခိုင်သော နိုင်ငံသားများ ဖြစ်ပေါ်လာရေးအတွက် နိုင်ငံတစ်နိုင်ငံ၏ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု (Public Health Care) သည် လွန်စွာပင်အရေးကြီးလှသည်။

ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲလာနေသော ကမ္ဘာကြီးအနေဖြင့် စီးပွားရေးနှင့် လူမှုရေးမညီမျှမှုများ တိုးပွားလာခြင်း၊ မြို့ပြအလျင်အမြန်ဖွံ့ဖြိုးလာခြင်း၊ ရာသီဥတုနှင့် ပတ်ဝန်းကျင်ကို ခြိမ်းခြောက်မှုများ၊ အိတ်ချ်အိုင်ဗွီနှင့် အခြားကူးစက်ရောဂါများ၏ ဝန်ထုပ်ဝန်ပိုးများနှင့် သွေးတိုးနှင့်ဆီးချိုတို့ကဲ့သို့သော မကူးစက်သည့်ရောဂါများ ဖြစ်ပွားမှုမြင့်မားလာခြင်း စသည့်တို့ကိုလည်း ရင်ဆိုင်ဖြေရှင်းနေရသည်။ ကျန်းမာရေးကဏ္ဍသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် အခြေခံအကျဆုံးဖြစ်သည့် အတွက်ကြောင့် နောင်အနာဂတ်ကာလတွင် တိုးတက်ပြောင်းလဲလာမည့် လူမှုစီးပွားနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အခြေအနေများကို ကြိုတင်တွက်ဆကာ ရှိရင်းစွဲအရင်းအမြစ်များကို အခြေခံ၍ မိမိတို့နိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို အရည်အသွေးပြည့်ဝစွာဖြင့် လိုက်လျောညီထွေ ဖွံ့ဖြိုးတိုးတက်နေစေရန် လိုအပ်လျက်ရှိသည်။

### ပြည်သူလူထုတစ်ရပ်လုံး၏ ကျန်းမာရေးအဆင့် မြင့်မားလာစေရေး

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက် ၉ ရပ်အနက် လူမှုရေးဦးတည်ချက်တစ်ရပ်ဖြစ်သည့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး ဦးတည်ချက်ကို အောင်မြင်အောင် ဆောင်ရွက်နိုင်ရေးအတွက် လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာနေနိုင်ရေးနှင့် လူတိုင်းရောဂါဘယကင်းရှင်းရေးဟူသည့် ရည်မှန်းချက် နှစ်ရပ်ချမှတ်ကာ ပြည်သူလူထုတစ်ရပ်လုံး၏ ကျန်းမာရေးအဆင့်အတန်း မြင့်မားလာစေရေး အတွက် ဦးတည်ဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ရာတွင် ကျန်းမာရေးအဆင့်အတန်းမြင့်မားလာရေးအတွက် ကျန်းမာရေးအဆင့်မြှင့်တင်ခြင်း (Promotive)၊ ရောဂါမဖြစ်ပွားခင်ကြိုတင်ကာကွယ်ခြင်း (Preventive)၊ ရောဂါဖြစ်ပွားလာပါက ကုသမှုပေးခြင်း (Curative) နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်ပေးခြင်း (Rehabilitative) စသည့် လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင် (Sustainable Development Goals–SDGs) တွင် ပါရှိသည့် ကျန်းမာရေးနှင့် ဆက်နွှယ်သော ပန်းတိုင် (၃) ဖြစ်သော လူတိုင်းသက်ရွှယ်မရွေး ကျန်းမာသည့်ဘဝရရှိနိုင်ရေးနှင့် ကျန်းမာရေးမြှင့်တင်ပေးရေး ပန်းတိုင်ကို ၂၀၃၀ ပြည့်နှစ်တွင် ပြည့်မီနိုင်ရေး အထူးအလေးထား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုကဏ္ဍသည် အလွန်အရေးပါသည့် အတွက် ပြည်သူလူထု၏ ကျန်းမာရေးအဆင့်အတန်း မြင့်မားစေရန်နှင့် သက်ရှည်ကျန်းမာသောဘဝ ရရှိပိုင်ဆိုင်နိုင်ရေး မျှော်မှန်းလျက် ကျန်းမာသော မျှော်မှန်းလူ့သက်တမ်း တိုးမြှင့်လာစေရန်၊ လူတိုင်း လက်လှမ်းမီနိုင်သော ကျန်းမာရေးစောင့်ရှောက်မှု ရရှိနိုင်စေရန်၊ လူတိုင်းရောဂါဘယကင်းရှင်းစေရန်နှင့် ကျန်းမာရေးအဆင့်အတန်းမြင့်မားစေရန် ဟူသည့် ရည်မှန်းချက်များ ချမှတ်ကာ ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ဦးတည်ဆောင်ရွက်လျက်ရှိသည်။

### ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ

"Prevention is better than cure" ကာကွယ်ခြင်းသည် ကုသခြင်းထက် ပိုမိုကောင်းမွန်သည် ဟူသည့် ဆောင်ပုဒ်ရှိပေသည်။ သို့ဖြစ်ပါ၍ ကာကွယ်ခြင်းကို အားဖြည့်စေမည့် ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို မွေးဖွားသည်မှ အသက်အရွယ်အိုမင်းသည်အထိ ပြုလုပ်ဆောင်ရွက်ပေးရန် လိုအပ်ပေသည်။ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများတွင် ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများ၊ ကိုယ်ဝန်ဆောင်နှင့် မွေးဖွားပြီး မိခင်စောင့်ရှောက်မှုလုပ်ငန်းများ၊ မွေးကင်းစနှင့် ကလေးစောင့်ရှောက်မှုလုပ်ငန်းများ ပါဝင်သလို ကူးစက်ရောဂါ ကာကွယ်နှိမ်နင်းရေးနှင့် မကူးစက်နိုင်သောရောဂါများ ကြိုတင်ကာကွယ်ခြင်းလုပ်ငန်းများ ပါဝင်ပါသည်။ ထို့အပြင် အစားအသောက်နှင့် ဆေးဝါးများ၊ ဆေးပစ္စည်း၊ အလှကုန်၊ လူသုံးကုန်ပစ္စည်းများ ဘေးကင်းလုံခြုံရေးသည်လည်း ပြည်သူ့ကျန်းမာရေးနှင့်ဆက်စပ်မှုများ (Public Health Concerns) ရှိသဖြင့် ၎င်းကိစ္စရပ်များကိုလည်း မြှင့်တင်ပေးရန် လိုအပ်လှပေသည်။

၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံ၏ ပျမ်းမျှသက်တမ်းမှာ အမျိုးသားများအတွက် ၆၀ ဒသမ ၂ နှစ်ဖြစ်ပြီး အမျိုးသမီးများအတွက် ၆၉ ဒသမ ၃ နှစ်ဖြစ်သည်။ မိမိတို့ အဘိုးအဘွားများ လက်ထက်နှင့် နှိုင်းယှဉ်လျှင် လျော့ကျလာသည်ကို တွေ့ရပေမည်။ သို့ဖြစ်၍ မျှော်မှန်းသက်တမ်း မြင့်မားရေးအတွက် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု ကိစ္စရပ်များမှာ များစွာအရေးပါလှပေသည်။ ၎င်း သန်းခေါင်းစာရင်းအရပင် မြန်မာနိုင်ငံသည် မွေးကင်းစကလေးသေဆုံးမှုအများဆုံးနိုင်ငံ (အရှင်မွေး ၁၀၀၀ လျှင် ၆၁ ဒသမ ၈) နှင့် အရှေ့တောင်အာရှ၌ မိခင်သေဆုံးမှုအများဆုံး နိုင်ငံများထဲတွင် ရပ်တည်နေခဲ့သည်။

### ပြည်သူ့ကျန်းမာရေး အခန်းကဏ္ဍတွင် အဓိကမဏ္ဍိုင်နှစ်ခု

ယခုအခါတွင် ကိုယ်ဝန်ဆောင်နှင့် မွေးဖွားမိခင်စောင့်ရှောက်မှုလုပ်ငန်း မွေးကင်းစကလေးမှစ၍အသက်၅နှစ်အောက်ကလေးများအားကာကွယ်ဆေးထိုးနှံခြင်းအပါအဝင် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ကျန်းမာရေးဝန်ကြီးဌာနတွင် ရှိသည့် လူ့စွမ်းအားအရင်းအမြစ်များ၊ ပုဂ္ဂလိကပညာရှင်များ ပေါင်းစပ်၍ အင်တိုက်အားတိုက် ဆောင်ရွက်ခဲ့မှုကြောင့် မိခင်နှင့် ကလေးသေဆုံးမှုများ တစ်နှစ်ထက်တစ်နှစ် လျော့နည်းလာသည်ကို တွေ့ရှိရပေမည်။ ကူးစက်ရောဂါများ ကာကွယ်ရေးအနေဖြင့်ကြည့်လျှင် ကိုဗစ်–၁၉ ကပ်ရောဂါ ထိန်းချုပ်ခြင်းကို အောင်မြင်အောင်ပြုလုပ်နိုင်ခဲ့သလို အခြားကူးစက်ရောဂါများဖြစ်သည့် HIV/AIDS ရောဂါကာကွယ်ခြင်းနှင့် ကုသခြင်းလုပ်ငန်းများ၊ ငှက်ဖျားရောဂါကာကွယ်ကုသခြင်း လုပ်ငန်းများ၊ တီဘီရောဂါကာကွယ်ကုသခြင်း လုပ်ငန်းများကို ကမ်ပိန်းများဖြင့် ဆောင်ရွက်လျက်ရှိသလို ကာကွယ်ဆေးဖြင့် ကြိုတင်ကာကွယ်နိုင်သည့် ပိုလီယိုရောဂါ၊ ဝက်သက်ရောဂါများကိုလည်း ကာကွယ်တားဆီးရေး ဆောင်ရွက်လျက်ရှိသည်။

**"ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများ၊ ကိုယ်ဝန်ဆောင်နှင့် မွေးဖွားပြီး မိခင်စောင့်ရှောက်မှုလုပ်ငန်းများ၊ မွေးကင်းစနှင့် ကလေးစောင့်ရှောက်မှုလုပ်ငန်းများပါဝင်သလို ကူးစက်ရောဂါ ကာကွယ်နှိမ်နင်းရေးနှင့် မကူးစက်နိုင်သောရောဂါများ ကြိုတင်ကာကွယ်ခြင်းလုပ်ငန်းများပါဝင်ပါသည်။ ထို့အပြင် အစားအသောက်နှင့်ဆေးဝါးများ၊ ဆေးပစ္စည်း၊ အလှကုန်၊ လူသုံးကုန်ပစ္စည်းများ ဘေးကင်းလုံခြုံရေးသည်လည်း ပြည်သူ့ကျန်းမာရေးနှင့်ဆက်စပ်မှုများ (Public Health Concerns) ရှိသဖြင့် ၎င်းကိစ္စရပ်များကိုလည်း မြှင့်တင်ပေးရန် လိုအပ်လှပေသည်"**

စာမျက်နှာ ၁၈ သို့

# ရန်ကင်းပညာရေးဒီဂရီကောလိပ်၌ မောင်မယ်သစ်လွင်ကြိုဆိုပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၄**

ပညာရေးဝန်ကြီးဌာန ဆရာအတတ်ပညာဦးစီးဌာန ရန်ကင်းပညာရေးဒီဂရီကောလိပ်မြတ်ပညာခန်းမ၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် (ပထမနှစ်) မောင်မယ်သစ်လွင်များနှင့် လုပ်ငန်းခွင်အကြို မူလတန်းဆရာအတတ်ပညာ PPTT(၁၀/၂၀၂၃) သင်တန်းသားသင်တန်းသူများအား မောင်မယ်သစ်လွင်ကြိုဆိုပွဲကို ဒီဇင်ဘာ ၄ ရက်က ကျင်းပသည်။



မောင်မယ်သစ်လွင် ကြိုဆိုပွဲတွင် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးမောင်မောင်သန်းက ရန်ကင်းပညာရေးဒီဂရီကောလိပ်၌ ယခုဖွင့်လှစ်သည့်သင်တန်း၏ ထူးခြားမှုမှာ လေးနှစ်သင်ပညာရေးဘွဲ့သင်တန်း၏ ပထမနှစ်ကို ဖွင့်လိုက်သည့်အတွက် တတိယနှစ်သင်တန်းကိုလည်း စတင်ပြီဖြစ်ကြောင်း၊ နောက်သင်တန်းတစ်ခုမှာ PPTT (၁၀/၂၀၂၃)ဖြစ်ပြီး တစ်နှစ်တည်းမှာပင် ဒုတိယအကြိမ် ထပ်မံဖွင့်လှစ်သည့် သင်တန်းဖြစ်ကြောင်း၊ အခြေခံပညာရေးတွင် ဆရာလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ ရန်ကင်းပညာရေးဒီဂရီကောလိပ်၌ လေးနှစ်သင်ဘွဲ့သင်တန်းတွင် မောင်မယ်သစ်လွင် ကျောင်းသား ကျောင်းသူ ၁၂၀၊ PPTT(၁၀/ ၂၀၂၃) တွင် သင်တန်းသား သင်တန်းသူ ၁၁၂ ဦး တက်ရောက်ကြမည်ဖြစ်ပြီး တိုင်းပြည်အကျိုး၊ နိုင်ငံအကျိုးကို သယ်ပိုးဆောင်ရွက်နိုင်သူများ ဖြစ်အောင် ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပညာရေးဒီဂရီကောလိပ် (ရန်ကင်း)ကျောင်းအုပ်ဆရာကြီး ဦးအောင်မြတ်စိုးက သင်တန်းဆိုင်ရာများ ရှင်းလင်းတင်ပြကာ မောင်မယ်သစ်လွင်များက တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကအလှများ၊ ကဗျာလွတ်အကများဖြင့် သီဆိုကပြဖျော်ဖြေခဲ့ကြသည်။

**လှလှထွေး(ပြန်/ဆက်)**

# မာန်အောင်မြို့နယ်၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း ချေးငွေများထုတ်ပေး

**မာန်အောင် ဒီဇင်ဘာ ၄**

ရခိုင်ပြည်နယ် မာန်အောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ကျေးရွာနှစ်ရွာဖြစ်သော အိုးဝကျေးရွာနှင့် အောင်စည်ပြင်ကျေးရွာတို့သို့ စတုတ္ထအကြိမ်မြောက် စီမံကိန်းရန်ပုံငွေများကို ပြန်လည်ထုတ်ချေးပေးထားကြောင်း သိရသည်။

ချေးငွေများကို နိုဝင်ဘာ ၂၉ ရက်က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ တာဝန်ရှိသူများက ထုတ်ချေးပေးခဲ့ခြင်းဖြစ်ပြီး မြို့နယ်ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း လုပ်ငန်းကော်မတီအဖွဲ့နှင့် နေ့ချင်းပြီးဆပ်ထုတ်ချေးစနစ်ဖြင့် အသင်းဝင် ၁၀၅ ဦးတို့အား စီမံကိန်းရန်ပုံငွေ ကျပ် ၄၃ ဒသမ ၅ သန်းကို စည်းမျဉ်းစည်းကမ်းများနှင့်အညီ ထုတ်ချေးပေးခဲ့သည်။

မာန်အောင်မြို့နယ် ကျေးလက်ဦးစီးမှူး ဦးမောင်မောင်လွင်က အသင်းသား အသင်းသူများအား ယခုပြန်လည်ရရှိသော စီမံကိန်းချေးငွေများဖြင့် လက်ရှိလုပ်ကိုင်နေသော လုပ်ငန်းများအပါအဝင် မိသားစုဝင်ငွေတိုး လုပ်ငန်းများကို ပိုမိုတိုးချဲ့ပြီး ဆောင်ရွက်သွားရန်နှင့် လုပ်ငန်းများ အလေအလွင့်မရှိစေရေး ပြုပြင်ထိန်းသိမ်း ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားခဲ့သည်။

**အောင်လှဖြူ(ရမ်းဗြဲ)**

# ကျိုင်းလပ်မြို့ အထက(ဝမ်နတ်)၌ လူငယ်စကားဝိုင်း ကျင်းပ

**ကျိုင်းလပ် ဒီဇင်ဘာ ၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းလပ်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကို အခြေခံပညာအထက်တန်းကျောင်း (ဝမ်နတ်)၌ ဒီဇင်ဘာ ၄ ရက်က ကျင်းပရာ ကျိုင်းလပ်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်စန်းစန်းမြင့်က လူငယ်များဗလငါးတန်ဖွံ့ဖြိုးရေးနှင့် လူငယ်စကားဝိုင်း ကျင်းပသည့် ရည်ရွယ်ချက်ကို ပြောကြားသည်။

ထို့နောက် ကျောင်းသူလေးဦးတို့က လူငယ်နှင့် ပရဟိတစိတ်ဓာတ်၊ လူငယ်နှင့် အောင်မြင်ရေး၊ လူငယ်နှင့်အပြောင်းအလဲ၊ လူငယ်နှင့်စည်းကမ်း စသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြသည်။

**စန်းစန်းမြင့်**
**(ပြန်/ဆက်)**



*စာမျက်နှာ ၁၆ မှ*

တိုင်းရင်းသားပြည်သူအားလုံး စည်းလုံးညီညွတ်ရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးတို့ကို အလေးထားကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဘက်ပေါင်းစုံက ထိခိုက်စေသည့် အဂတိလိုက်စားမှုများ လျော့နည်း ကျဆင်းသွားစေရေးသည် အရေးကြီးပါကြောင်း၊ အဂတိလိုက်စားမှုများ လျော့နည်းကျဆင်းလာစေရေး ဆောင်ရွက်ရာတွင် စုံစမ်းစစ်ဆေးအရေးယူမှုတစ်ခုတည်းနှင့် လုံလောက်မှုမရှိနိုင်ပါကြောင်း၊ အဂတိလိုက်စားမှုကို လုံးဝလက်မခံသည့် ယဉ်ကျေးမှုတစ်ရပ် ပေါ်ထွန်းလာစေရေးအတွက် အခြေခံအကျဆုံးဖြစ်သည့် အသိပညာပေးရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းစဉ်များကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ရန် လိုအပ်ပါကြောင်း” ထည့်သွင်းပြောကြားခဲ့သည်။

အများပြည်သူ၏ အကျိုးစီးပွားကို ကာကွယ်ရေးနှင့် အဂတိကင်းစင်သော လူ့အဖွဲ့အစည်းကို တည်ထောင်လိုသော နိုင်ငံတော်အကြီးအကဲ၏ စိတ်စေတနာကို တွေ့မြင်ခံစားနိုင်သည်။ ကော်မရှင်အနေဖြင့်လည်း အသိပညာပေးလုပ်ငန်းများနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများကို ပိုမိုဦးစားပေးဆောင်ရွက်လာသည်ကို တွေ့ရသည်။ အဂတိလိုက်စားမှုဖြစ်ပေါ်ပြီးမှ အရေးယူခြင်းဖြင့် နိုင်ငံတော်အတွက် ဘဏ္ဍာရန်ပုံငွေ ဆုံးရှုံးခြင်း၊ လူ့စွမ်းအားအရင်းအမြစ်ဆုံးရှုံးခြင်း၊ နိုင်ငံတော်၏ ပုံရိပ်ကျဆင်းခြင်း စသည်တို့ မဖြစ်ပေါ်စေရေး ဦးတည်ဆောင်ရွက်နေသည့် လုပ်ငန်းရပ်များပင် ဖြစ်သည်။

**အဂတိပယ်ခွာ ပြည်သာယာရေး**

၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ဆောင်ပုဒ်မှာ ''UNCAC AT 20: UNITING THE WORLD AGAINST CORRUPTION'' ဖြစ်ပြီး အဂတိလိုက်စားမှုများကို နိုင်ငံအားလုံးက ပူးပေါင်းတိုက်ဖျက်ရန် ရည်ရွယ်ချမှတ်ထားခြင်းဖြစ်သည်။ မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်အနေဖြင့်လည်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူလျက် အဂတိပယ်ခွာ ပြည်သာယာဟူသော ဆောင်ပုဒ်နှင့်အညီ ကမ္ဘာ့နိုင်ငံများအားလုံးက အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဦးတည်ဆောင်ရွက်နေသည့် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို မြန်မာနိုင်ငံကလည်း ပါဝင်ဆောင်ရွက်ခြင်းဖြင့် အဂတိလိုက်စားမှု ကင်းစင်ပြီး ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို ပုံဖော်နိုင်ရေး ပြည်သူလူထုနှင့်အတူ လက်တွဲဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်အနေဖြင့်လည်း အနာဂတ်မြန်မာနိုင်ငံတော် ဖွံ့ဖြိုးတိုးတက်၍ သာယာလှပစေရေး ဦးတည်ဆောင်ရွက်နေသဖြင့် ပြည်သူလူထုတစ်ရပ်လုံးကလည်း အဂတိလိုက်စားမှုကို လုံးဝသည်းခံခွင့်လွှတ်ခြင်းမပြုသည့် စိတ်ဓာတ်တို့ဖြင့် ကော်မရှင်နှင့်လက်တွဲဆောင်ရွက်ကာ အများပြည်သူနှင့် ပူးပေါင်းဆောင်ရွက်မှုအသွင်ဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်စေကြောင်း ရည်ရွယ်တင်ပြလိုက်ရပါသည်။ ။

**ရည်ညွှန်းကိုးကား စာအုပ်၊ စာစောင်များ စာရင်း**

(၁) https:// www.unodc.org/ unodc/en corr-uption/asset-recovery.html

(၂) https:// undp.medium.com/ the-cost-of- corruption-a827306696fb

(၃) https://www.accm.gov.mm/

*စာမျက်နှာ ၁၇ မှ*

ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု အခန်းကဏ္ဍတွင် မကူးစက်နိုင်သည့်ရောဂါ (Non-Communicable Diseases- NCDs) သည်လည်း အလေးထားဆောင်ရွက်ရမည့် အခန်းကဏ္ဍဖြစ်သည်။ မြန်မာနိုင်ငံကဲ့သို့သော ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ကူးစက်ရောဂါများသည်လည်း ကင်းစင်ပပျောက်ခြင်းမရှိသေးဘဲ မကူးစက်သောရောဂါများသည်လည်း ခေါင်းထောင်လျက်ရှိရာ တစ်ပူပေါ်နှစ်ပူဆင့် (Double Burden of Diseases) အခြေအနေတွင် ရှိနေပေသည်။ သို့ဖြစ်ပါ၍ ပြည်သူ့ကျန်းမာရေး အခန်းကဏ္ဍတွင် အဓိကမဏ္ဍိုင်နှစ်ခုဖြစ်သည့် ကျန်းမာရေးအဆင့်မြှင့်တင်ခြင်း (Promotive) နှင့် ရောဂါမဖြစ်ပွားခင် ကြိုတင်ကာကွယ်ခြင်း (Pre-ventive) ကိစ္စရပ်များအပေါ် အားထည့်ဆောင်ရွက်ရန် လိုအပ်လှပေသည်။ ထို့အပြင် ပြည်သူများ၏ ကျန်းမာရေးအသိပညာရေချိန် (Health Literacy Status) မြင့်မားလာရေးအတွက်လည်း အလေးထားဆောင်ရွက်ရန် လိုအပ်လှပေသည်။

သို့ဖြစ်ရာ ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၆ ရက်နှင့် ၇ ရက်တို့တွင် ကျင်းပမည့် မြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေးဆိုင်ရာနှီးနှောဖလှယ်ပွဲ (၂၀၂၃) သည် ပြည်သူ့ကျန်းမာရေးအတွက် တစ်ကမ္ဘာလုံးဆိုင်ရာနှင့် အရှေ့တောင်အာရှဒေသတွင်း နိုင်ငံများအတွက်လည်းကောင်း၊ မြန်မာနိုင်ငံရှိ ဒေသအသီးသီးတွင်လည်းကောင်း ဆောင်ရွက်နေသည့် အကောင်းဆုံးအလေ့အကျင့်များနှင့် သင်ခန်းစာများကို မျှဝေရန်၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်ပန်းတိုင် (SDGs)ကို ပြည့်မီစေရန် အကောင်အထည်ဖော်ရေးကို ရည်ရွယ်၍ အဓိကကျသော ပြည်သူ့ကျန်းမာရေးပြဿနာများကို အောင်မြင်စွာဖြေရှင်းနိုင်သည့် နည်းလမ်းများ၊ အထောက်အထားများ၊ အကောင်းဆုံးအလေ့အကျင့်များနှင့် စိန်ခေါ်မှုများကို ဖလှယ်ခြင်းဖြင့် အနာဂတ်ပြည်သူ့ကျန်းမာရေး ခေါင်းဆောင်များကို ပံ့ပိုးပြုစုပျိုးထောင်ပေးရန်၊ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်ခြင်း လုပ်ငန်းလွှမ်းခြုံမှု၊ အရည်အသွေးသာတူညီမျှမှုတို့ကို မြှင့်တင်ရန်အတွက် တီထွင်ဆန်းသစ်သည့် နည်းပညာနှင့် နည်းလမ်းများကို ဆွေးနွေးဖော်ထုတ်ရန်၊ ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကွန်ရက်ကို ဖန်တီးတည်ဆောက်ခြင်းဖြင့် ရည်မှန်းချက်တူညီသော အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ရန်ရည်ရွယ်ချက်ထား ကျင်းပခြင်းဖြစ်သည်။

ပြည်သူ့ကျန်းမာရေးဆိုင်ရာ နယ်ပယ်ပေါင်းစုံမှ တတ်သိကျွမ်းကျင်ပညာရှင်များ၏ အသိပညာမျှဝေမှုများနှင့် အပြန်အလှန်ဆွေးနွေးမှုများမှ ရရှိလာမည့်ရလဒ်များသည် မြန်မာနိုင်ငံ၏ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာလာစေရန် တည်ဆောက်၍ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ် ဖြစ်ပေါ်လာရေးအတွက် အထောက်အကူဖြစ်စေမည် ဖြစ်ပါသည်။ ထို့အပြင် ကျန်းမာရေးဝန်ကြီးဌာန၏ ပြည်သူတစ်ရပ်လုံး သက်တမ်းစေ့ အသက်ရှည်စွာနေထိုင်နိုင်ရေး၊ ရောဂါဘယကင်းဝေးစေရေးအတွက် ဦးတည်ချက်ထားပြီး နေ့ညမပြတ် ကြိုးပမ်းဆောင်ရွက်မှုများအပေါ် ဤ **“မြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေးဆိုင်ရာ နှီးနှောဖလှယ်ပွဲ”** က ကြီးမားသည့် အထောက်အပံ့ကောင်းတစ်ခုဖြစ်စေမည်ဟု လေးလေးနက်နက် ယုံကြည်မိပါကြောင်း ရေးသားတင်ပြအပ်ပါသည်။

# ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား အသက်(၂၅)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၄**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား အသက် (၂၅) နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲဖွင့်ပွဲကို ယနေ့မွန်းလွဲ ၃ နာရီက ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားကွင်း၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက အမှာစကား ပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးများနှင့် ပြိုင်ပွဲဝင် အားကစားသမားများအား လိုက်လံနှုတ်ဆက်ကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်များမှ အုပ်ချုပ်ရေးမှူးများ၊ ဘောလုံးဝါသနာရှင်များက သဃ်န်းကျွန်းခရိုင် အသင်းနှင့် ကမာရွတ်ခရိုင် အသင်းပြိုင်ပွဲကို ကြည့်ရှုအားပေးကြသည်။ ပထမနေ့ ပြိုင်ပွဲ၌ သဃ်န်းကျွန်းခရိုင်အသင်းနှင့် ကမာရွတ်ခရိုင် အသင်းပြိုင်ပွဲတွင် တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည်။ ယင်းပြိုင်ပွဲတွင် ၁၄ ခရိုင်ပါဝင်ကာ နေ့စဉ်နှစ်ပွဲ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး ဒီဇင်ဘာ ၁၉ ရက် အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အာကာစိုး**



## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၄**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများ အရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှား စီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၃ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Nove Mber” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာငံမြို့ ရွာမရပ်ကွက်နေ ခင်ပြည့်ဖြိုးအား နံနက် ၉ နာရီခွဲတွင်လည်းကောင်း၊ “Phyo Lay” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် မြို့သစ် (၄)ရပ်ကွက်နေ ကျော်ဇင်ဦး(ခ) စအီဒွလ်လာအား နံနက် ၁၁ နာရီတွင်လည်းကောင်း၊ “Shine Aung 322” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မြို့သစ်(၄)ရပ်ကွက်နေ ရှိုင်းဝဏ္ဏအောင်(ခ) ရှိုအိုက်အား နံနက် ၁၁ နာရီ ၅ မိနစ်တွင်လည်းကောင်း၊ “thihakyaw 1000” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ပြည်ကြီးတံခွန်မြို့နယ် (ည)ရပ်ကွက်နေ သီဟကျော်(ခ) ကျော်ကြီးအား ည ၇ နာရီတွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဝေါမြို့နယ်၌ ပညာရေးတွင် ကျောင်းသားများ ပါဝင်ဆောင်ရွက်မှု တိုးမြှင့်စေရေးဆိုင်ရာများ ဆွေးနွေး

**ဝေါ ဒီဇင်ဘာ ၄**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်အတွင်း အခြေခံပညာကျောင်းများ၌ ကျောင်းသားများ ပါဝင်ဆောင်ရွက်မှုတိုးမြှင့်စေရန် အစပျိုးလုပ်ရှားမှုများ(Student Participation Initiatives-SPI) အကောင်အထည်ဖော်ရေး မြို့နယ်အဆင့်ဆွေးနွေးပွဲကို ဒီဇင်ဘာ ၂ ရက်က အခြေခံပညာအထက်တန်းကျောင်း(ဝေါ) ရှိ ဇေယျာသီရိခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ပဲခူးခရိုင်ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဆရာမကြီးဒေါ်အေးအေးသိန်းက ကျောင်းသားများ ပါဝင်ဆောင်ရွက်မှုတိုးမြှင့်စေရန် အစပျိုးလုပ်ရှားမှုများ အကောင်အထည်ဖော်ရေး မြို့နယ်အဆင့် ဆွေးနွေးပွဲများပြုလုပ်ခြင်းနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားပြီး ဆွေးနွေးပွဲသို့ ဝေါမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ သင်တန်းနည်းပြဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူ ထက်၊ လယ်၊ မူ ကျောင်းအုပ်ဆရာ ဆရာမကြီးများ ၁၂၅ ဦး၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ ဆရာ၊ ဆရာမ သုံးဦးနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းမှ တစ်ဦး စုစုပေါင်း ၁၂၉ ဦး တက်ရောက်ကြကာ ပညာရေးတွင် ဆယ်ကျော်သက်လူငယ်များ၏ ပါဝင်ဆောင်ရွက်မှု၊ ကျောင်းကျန်းမာရေးအဆင့်မြှင့်တင်ရေး ဦးစားပေးနယ်ပယ် ခုနစ်ခုနှင့် ချိတ်ဆက်ဆောင်ရွက်မှု၊ ကျောင်းသားများ ပါဝင်ဆောင်ရွက်မှုတိုးမြှင့်စေရန် အစပျိုးလှုပ်ရှားမှုများ ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ ရပ်ရွာလူထု ပူးပေါင်းပါဝင်မှုနှင့် လေ့လာကြီးကြပ်မှုစသည့် ခေါင်းစဉ်များဖြင့် သုံးရက်ကြာ ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**စိုးမိုး (ပြန်/ဆက်)**




မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်း သတင်းထောက်များ | - | ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


### ယနေ့ဈေးကွက်ပေါက်ဈေးများ

၄ - ၁၂ - ၂၀၂၃

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၂၁၀ ကျပ် | ၂၂၆၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၃၀၅ ကျပ် | ၂၃၅၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၅၁၀ ကျပ် | ၂၅၆၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၆၄၀ ကျပ် | ၂၆၉၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၃၀၀ | ၈၃၀၀ | ၁၆၀ | ၁၃၃၀၀၀၀ |
| MTSH | ၂၉၀၀ | ၂၉၀၀ | ၁၀၇၆ | ၃၁၂၀၄၀၀ |
| MCB | ၇၀၀၀ | ၇၀၀၀ | ၁၈၉ | ၁၃၂၇၅၀၀ |
| FPB | ၁၅၅၀ | ၁၅၅၀ | ၁၈၀၁ | ၂၈၈၁၅၅၀ |
| TMH | ၂၄၅၀ | ၂၄၀၀ | ၄၀၈ | ၉၇၉၆၀၀ |
| EFR | ၂၀၀၀ | ၂၀၀၀ | ၅၅ | ၁၁၀၀၀၀ |
| AHPC | ၄၉၀၀ | ၄၉၀၀ | ၄၀ | ၁၉၆၀၀၀ |
| MAEPC | ၁၆၅၀ | ၁၆၅၀ | ၁၀၀၀ | ၁၆၅၀၀၀၀ |

ညီညီ - စုစည်းသည်

## ကံပိုင်တည်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

ကံပိုင်တည်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ ဒီဇင်ဘာ ၃ ရက်အထိ အမှန်ကုန်သွယ်မှုမှာ ပို့ကုန် ၁ ဒသမ ၆၅၁ ဒေါ်လာသန်း၊ သွင်းကုန် ၁ ဒသမ ၁၇၃ ဒေါ်လာသန်း စုစုပေါင်း ၁ ဒသမ ၈၂၄ ဒေါ်လာသန်းဖြစ်သဖြင့် ကုန်သွယ်မှုလျာထား ချက်အပေါ် ၉ ဒသမ ၈၅၉ ရာခိုင်နှုန်း ဆောင်ရွက်ပြီး ဖြစ်သည်။

ကံပိုင်တည် ကုန်သွယ်ရေးစခန်း၏ ၂၀၂၃ ခုနှစ် ဒီဇင်ဘာ (၃) ရက်အထိ ပို့ကုန်ပိုင်းတွင် အဓိကပို့ကုန်ဖြစ်သည့် တစ်သျှူး ငှက်ပျော တန် ၃၈၀၀၊ ရော်ဘာစိမ်း ၁၉၃ တန်၊ ဖရဲသီး ၁၂၅ တန်နှင့် ဆန် တန် ၁၁၀ တင်ပို့နိုင်ခဲ့သည်။

အများဆုံးသွင်းကုန်ပစ္စည်းများမှာ သံပြား၊ သံပိုက်၊ မြက်ခင်းတု၊ ပန်းသီး၊ လိမ္မော်သီး၊ ကြွေပြားနှင့် လူသုံးကုန် ပစ္စည်းများဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုပစ္စည်းများ တန်ချိန် ၈ ဒသမ ၇၄၀ တန်၊ လုပ်ငန်းသုံးပစ္စည်း ၇၆ တန်နှင့် လူသုံးကုန်ပစ္စည်း ၆၁ တန်တို့ တင်သွင်းနိုင်ခဲ့သည်။



(DOT ကံပိုင်တည်)

## ရွှေဘိုမြို့၌ နှမ်းဈေးနှုန်း အနည်းငယ်မြင့်တက်

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ ပဲ၊ နှမ်းကုန်စည်ဒိုင်သို့ နိုဝင်ဘာလ (တတိယပတ်) မှ စတင်၍ နှမ်းဖြူနှင့် နှမ်းနက်များ ဝင်ရောက်ခဲ့ရာ နိုဝင်ဘာလ (နောက်ဆုံးပတ်) တွင် အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းများမှာ နှမ်းဖြူတစ်တင်းလျှင် ငွေကျပ် ၁၁၃၃၀၀ ပေါက်ဈေးရှိပြီး တစ်ပတ်အတွင်း အရောင်းအဝယ်ဖြစ်မှုမှာ တင်း ၉၀၀၊ တန်အားဖြင့် ၂၂ တန် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ နှမ်းနက် တစ်တင်းလျှင် ငွေကျပ် ၁၁၁၆၀၀ ပေါက်ဈေးရှိပြီး တစ်ပတ်အတွင်း အရောင်းအဝယ်ဖြစ်မှုမှာ တင်း ၁၀၀၀၊ တန်အားဖြင့် ၂၄ တန် အရောင်းအဝယ် ဖြစ်ခဲ့ကြောင်း၊ နိုဝင်ဘာလ (တတိယပတ်) နှင့် နိုဝင်ဘာလ (နောက်ဆုံးပတ်) အတွင်း အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းများကို နှိုင်းယှဉ်ပါက နိုဝင်ဘာလ (တတိယပတ်) တွင် နှမ်းဖြူ တစ်တင်းလျှင် ငွေကျပ် ၁၁၀၀၀၀ နှင့် နှမ်းနက် တစ်တင်းလျှင် ငွေကျပ် ၁၀၈၃၀၀ ပေါက်ဈေးရှိခဲ့သဖြင့် နိုဝင်ဘာလ (စတုတ္ထပတ်) တွင် နှမ်းဖြူတစ်တင်းလျှင် ငွေကျပ် ၃၃၀၀ နှင့် နှမ်းနက်တစ်တင်းလျှင် ငွေကျပ် ၃၃၀၀ ဈေးနှုန်း ပိုမို၍အရောင်းအဝယ် ဖြစ်ခဲ့ကြောင်း သိရသည်။

DOCA (စစ်ကိုင်း)

## မြဝတီကုန်သွယ်ရေးဇုန်မှ ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၁၀၄ သန်းကျော် ဆောင်ရွက်နိုင်

မြဝတီကုန်သွယ်ရေးဇုန်မှ ထိုင်းနိုင်ငံနှင့် ကုန်သွယ်မှုများ ဆောင်ရွက်လျက်ရှိရာ ၂၉-၁၁-၂၀၂၃ ရက်မှ ၁-၁၂-၂၀၂၃ ရက်အထိ ပို့ကုန်တင်ပို့မှု အနေဖြင့် ငရုတ်၊ ဂေါ်ဖီ၊ ကြက်သွန်နီ၊ မတ်ပဲ၊ ချင်းခြောက်၊ ပြောင်းမှုန့်၊ နနွင်းတက်၊ မန်ကျည်းသီး (အစေ့ပါ)၊ ငါးဖမ်းပိုက်၊ ပုလင်းကွဲ၊ တောထန်းမြစ်ခြောက်၊ ငါးကြင်းဆီဖောင်းခြောက်၊ ကဏန်း၊ ပုစွန်၊ ငါးကြိတ်သား၊ ငါးပါးလျှပ်၊ ငါးမွေထိုး၊ ကျောက်ငါး၊ ငါးသင်ဖြူး၊ ငါးခွေးလျှာ၊ ခဲ/သတ္တုများနှင့် CMP ပစ္စည်းများ တင်ပို့ခဲ့သည်။

သွင်းကုန်ပစ္စည်းတင်သွင်းမှုအနေဖြင့် တိရစ္ဆာန်အစာ၊ စက်ဘီး၊ အဝတ်အထည်၊ စာရေးကိရိယာ၊ ကားအပိုပစ္စည်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့် ယာဉ်ယန္တရားများ၊ ဓာတ်မြေဩဇာ၊ ဆိုင်ကယ်အပိုပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ စားသောက်ကုန်၊ အလှကုန်ပစ္စည်း၊ CMP ၊ ဆေးဝါးများ၊ ဖိနပ်၊ သစ်သီးမျိုးစုံ၊ အိမ်သုတ်ဆေး၊ အိမ်သုံးပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ စက်ရုံသုံးပစ္စည်း၊ စက်နှင့် စက်ပစ္စည်းကိရိယာများနှင့် ငါးဖမ်းပစ္စည်းတို့ဖြစ်သည်။

ပြင်ပငွေလဲနှုန်းအနေဖြင့် ယခုအပတ်တွင် တစ်ဘတ်လျှင် ၉၁ ဒသမ ၃၂ ကျပ်ဖြစ်သဖြင့် ဘတ်ဈေး အနည်းငယ် မြင့်တက်သွားခဲ့သည်။

မြဝတီကုန်သွယ်ရေးဇုန် အနေဖြင့် ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၂၅ ရက်မှ ဒီဇင်ဘာ ၁ ရက်အထိ အမှန်ဆောင်ရွက်နိုင်မှုမှာ ပို့ကုန် ၂၁ ဒသမ ၀၀၃ အမေရိကန်ဒေါ်လာသန်း၊ သွင်းကုန် ၈၃ ဒသမ ၅၃၉ အမေရိကန် ဒေါ်လာသန်း၊ ကုန်သွယ်မှုပမာဏ ၁၀၄ ဒသမ ၅၄၂ အမေရိကန်ဒေါ်လာသန်း ဆောင်ရွက်နိုင်ခဲ့သည်။

## မောတောင်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

မောတောင်ကုန်သွယ်ရေးစခန်းမှ ထိုင်းနိုင်ငံသို့ ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၂၉ ရက်မှ ဒီဇင်ဘာ ၃ ရက်အထိ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၀ ဒသမ ၂၃၂ သန်း၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၀ ဒသမ ၀၀၅ သန်း စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၀ ဒသမ ၂၃၇ သန်း ကုန်သွယ်မှုဆောင်ရွက်နိုင်ခဲ့သည်။

မောတောင်ကုန်သွယ်ရေး စခန်းမှ နိုဝင်ဘာ ၂၉ ရက်မှ ဒီဇင်ဘာ ၃ ရက်အထိ အဓိကတင်ပို့ခဲ့သော ကုန်ပစ္စည်းများမှာ ငါးမျိုးစုံ ၇၂ ဒသမ ၄၁ တန်၊ ချင်းခရု (အရှင်) ၁၄ တန်၊ ရွှံ့ကဏန်း (အရှင်) ၆ ဒသမ ၃၅ တန်၊ ပုစွန်ငါးပိ ၄ တန်၊ ကဏန်းအသေ ၇ ဒသမ ၆ တန်၊ ရေခူဆားနယ် ၁၅ တန်၊ ကျောက်ပုစွန် (အရှင်) ၀ ဒသမ ၆၈ တန်၊ ငှက်ပျောသီး တန် ၆၀၊ ငရုတ်သီးစိမ်း ၁၂ ဒသမ ၂ တန်၊ ဆီအုန်းကြိတ်ဖတ် ၁၀၀ ဒသမ ၀၂ တန်၊ တံမြက်စည်း အခု ၁၆၈၀၀ တင်ပို့နိုင်ခဲ့ပြီး အဓိကတင်သွင်းခဲ့သော ကုန်ပစ္စည်းများမှာ သစ်သီး ခြောက်တန်၊ ဆောက်လုပ်ရေးသုံးမှန် ငါးတန်၊ ကြွေပြား ၈၀၀ စတုရန်းမီတာ ဖြစ်သည်။

၃-၁၂-၂၀၂၃ ရက် ပြင်ပငွေလဲနှုန်းမှာ မြန်မာငွေကျပ် တစ်သိန်းလျှင် ဘတ် ၁၀၄၀၊ တစ်ဘတ်လျှင် မြန်မာငွေကျပ် ၉၆ ဒသမ ၁၅ ကျပ်ခန့်ရှိကြောင်း သိရသည်။

(DOT မောတောင်)

## ကျောက်ဆည်၌ ဆောင်းငရုတ်သီးနှံများ စတင်စိုက်ပျိုး

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်အတွင်း၌ စားဖိုဆောင်သီးနှံတစ်မျိုးဖြစ်သော ငရုတ်သီးနှံကိုလည်း စိုက်ပျိုးလျက်ရှိရာ ခရိုင်အတွင်း ငရုတ်စိုက်ဧက ၂၆၉ ဧက စိုက်ပျိုးထားရှိကြောင်း လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာန၏ စာရင်းများအရ သိရသည်။ ကျောက်ဆည်ခရိုင်အတွင်းရှိ မြို့နယ်များ၌ ဆောင်းငရုတ်ကို စတင်စိုက်ပျိုးလျက်ရှိရာ စဉ့်ကိုင်မြို့နယ်၌ အများဆုံး စိုက်ပျိုးလျက်ရှိပြီး ကျောက်ဆည်နှင့် မြစ်သားမြို့နယ်များတွင်လည်း စတင်စိုက်ပျိုးလာကြကြောင်း၊ စိုက်ပျိုးမှုကုန်ကျစရိတ်အနေဖြင့် ဆောင်းငရုတ် တစ်ဧကလျှင် သွင်းအားစု၊ လုပ်သားခ အပါအဝင် စုစုပေါင်း ကုန်ကျစရိတ် ငွေကျပ် ၁၀ သိန်းခန့် ကုန်ကျကြောင်း၊ ငရုတ်မျိုးအနေဖြင့် (၆၉၂) မျိုးကိုသာ အများဆုံး စိုက်ပျိုးကြကြောင်း၊ ငရုတ်သီးပေါ်ချိန်တွင် ဈေးနှုန်းနှင့် အထွက်နှုန်းများ ကောင်းမွန်ပါက တောင်သူများအနေဖြင့် အကျိုးအမြတ် ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

DOCA (မန္တလေး)

### ၄.၁၂.၂၀၂၃ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး ဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ညှိမထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်း) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၄၀၀ | | ၆၃၀၀ | ၁၆၀၀၀ | ၅၄၅၀ | ၂၀၀၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၁၂၀၀၀ | ၅၀၀၀ | ၈၅၀၀ | ၁၀၀၀ | ၈၅၀၀ | ၈၀၀၀ | ၅၀၀၀ | ၃၀၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၁၆၀၀၀ |
| ၂ | လားရှိုး | ၃၅၀၀ | | ၇၃၀၀ | ၁၆၅၀၀ | ၅၈၀၀ | ၁၉၀၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၇၇၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၃၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၇၅၀ | | ၆၅၀၀ | ၁၆၀၀၀ | - | ၁၈၀၀၀ | ၄၅၀၀ | ၁၁၀၀၀ | ၁၀၅၀၀ | ၄၀၀၀ | ၄၇၀၀ | ၁၀၀၀ | ၈၅၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၅၀၀ | ၄၅၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၁၇၀၀၀ |
| ၄ | တောင်ကြီး | ၃၀၀၀ | ၂၇၀၀ | ၆၅၀၀ | ၁၆၅၀၀ | ၅၄၀၀ | ၂၀၀၀၀ | ၄၀၀၀ | ၁၂၅၀၀ | ၁၄၀၀၀ | ၆၅၀၀ | ၆၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၅၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၇၀၀၀ | ၁၄၀၀၀ |
| ၅ | လွိုင်ကော် | ၃၆၀၀ | ၂၇၀၀ | ၆၅၀၀ | ၁၆၀၀၀ | ၅၃၀၀ | ၂၀၀၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၅၀၀၀ | ၆၀၀ | ၉၀၀၀ | ၆၄၀၀ | ၃၅၀၀ | ၃၀၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၁၇၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၂၀၀၀ |
| ၆ | ဘားအံ | ၂၉၀၀ | | ၄၈၀၀ | ၁၆၀၀၀ | ၅၆၀၀ | ၁၄၀၀၀ | ၄၂၀၀ | ၁၅၀၀၀ | ၁၃၀၀၀ | ၆၈၀၀ | ၆၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၃၀၀၀ | ၃၈၀၀ | ၄၂၀၀ | ၁၀၅၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၃၂၀၀ | | ၄၉၀၀ | ၁၆၀၀၀ | ၅၂၂၀ | ၁၆၀၀၀ | ၄၂၀၀ | ၁၆၀၀၀ | ၁၄၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၈၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၈ | ထားဝယ် | ၄၀၅၀ | | ၆၂၀၀ | ၁၇၀၀၀ | ၅၇၀၀ | ၁၄၅၀၀ | ၄၃၀၀ | ၁၄၀၀၀ | ၁၃၀၀၀ | | ၆၀၀၀ | ၈၀၀ | ၇၉၀၀ | ၆၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၂၀၀ | ၁၂၅၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၉ | မြိတ် | ၃၂၀၀ | | ၅၀၀၀ | ၁၆၀၀၀ | ၅၈၀၀ | ၁၂၅၀၀ | ၄၂၀၀ | ၁၃၀၀၀ | ၁၂၅၀၀ | ၈၇၀၀ | ၆၈၀၀ | ၁၀၀၀ | ၈၀၀၀ | ၆၇၀၀ | ၃၅၀၀ | ၄၅၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | |
| ၁၀ | ရန်ကုန် | ၂၈၀၀ | | ၄၅၀၀ | ၁၆၀၀၀ | ၅၂၀၀ | ၁၇၀၀၀ | ၄၀၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၈၀၀ | ၇၅၀၀ | ၆၅၀၀ | ၄၀၀၀ | ၄၃၀၀ | ၄၅၀၀ | ၁၀၀၀၀ | ၁၇၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၂၇၀၀ | | ၄၁၀၀ | ၁၆၀၀၀ | ၅၅၀၀ | ၁၁၀၀၀ | ၃၄၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၃၀၀ | ၆၅၀၀ | ၆၁၀၀ | ၃၈၀၀ | ၃၆၀၀ | ၄၀၀၀ | ၁၁၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၇၅၀၀ |
| ၁၂ | စစ်တွေ | ၃၈၀၀ | ၂၇၅၀ | ၆၀၀၀ | ၁၉၀၀၀ | ၅၄၀၀ | ၂၅၀၀၀ | ၈၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ | ၁၁၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၄၂၀၀ | ၁၁၀၀၀ | ၂၅၀၀၀ | ၂၆၀၀၀ | ၂၈၀၀၀ | |
| ၁၃ | ဟားခါး | ၆၄၅၀ | | | ၁၈၅၀၀ | - | ၄၅၀၀၀ | ၅၅၀၀ | ၂၀၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၈၇၀၀ | | ၅၀၀၀ | ၆၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | | ၁၅၀၀၀ |
| ၁၄ | မုံရွာ | ၄၈၀၀ | | ၅၄၀၀ | ၁၂၅၀၀ | ၅၅၀၀ | ၁၄၀၀၀ | ၃၃၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၉၅၀၀ | ၆၀၀၀ | ၈၀၀ | ၇၀၀၀ | ၈၀၀၀ | ၃၀၀၀ | ၃၅၀၀ | ၄၂၀၀ | ၁၁၀၀၀ | ၁၉၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၁၂၀၀၀ |
| ၁၅ | မန္တလေး | ၃၅၀၀ | | ၆၀၀၀ | ၁၂၀၀၀ | ၅၆၀၀ | ၁၅၀၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၇၀၀၀ | ၆၅၀၀ | ၈၀၀ | ၇၅၀၀ | ၆၄၀၀ | ၅၅၀၀ | ၃၅၀၀ | ၄၀၀၀ | ၁၁၀၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၃၀၀၀ |
| ၁၆ | ပခုက္ကူ | ၄၀၀၀ | | ၅၉၀၀ | ၁၂၀၀၀ | ၅၄၀၀ | ၁၇၀၀၀ | ၃၄၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၈၅၀၀ | ၅၀၀၀ | ၆၅၀ | ၆၅၀၀ | ၇၅၀၀ | ၂၅၀၀ | ၃၂၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၇၅၀၀ |
| ၁၇ | မကွေး | ၃၇၀၀ | | ၆၀၀၀ | ၁၂၅၀၀ | ၅၅၀၀ | ၁၅၀၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၁၂၅၀၀ | ၇၅၀၀ | ၇၀၀၀ | ၈၀၀ | ၆၂၀၀ | ၆၅၀၀ | ၃၅၀၀ | ၃၄၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၄၀၀၀ |
| ၁၈ | ပြည် | ၂၅၀၀ | | ၅၄၀၀ | ၁၃၅၀၀ | ၅၇၀၀ | ၁၈၀၀၀ | ၄၀၀၀ | ၁၅၀၀၀ | ၁၄၀၀၀ | | ၆၅၀၀ | ၆၀၀ | ၇၀၀၀ | ၆၅၀၀ | ၄၀၀၀ | ၄၂၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၉ | ပဲခူး | ၂၇၀၀ | | ၅၂၀၀ | ၁၅၀၀၀ | ၅၅၀၀ | ၁၅၀၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | | ၇၀၀၀ | ၄၅၀ | ၇၅၀၀ | ၆၃၀၀ | ၃၃၀၀ | ၄၀၀၀ | ၄၂၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၉၀၀၀ |
| ၂၀ | ပျဉ်းမနား | ၃၁၀၀ | | ၆၉၀၀ | ၁၅၀၀၀ | ၅၃၀၀ | ၁၄၀၀၀ | ၃၈၀၀ | ၁၃၅၀၀ | ၁၅၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၅၀၀ | ၇၅၀၀ | ၆၈၀၀ | ၄၀၀၀ | ၃၀၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၁၁၀၀၀ |
| ၂၁ | နေပြည်တော် | ၃၁၀၀ | | ၆၉၀၀ | ၁၅၀၀၀ | ၅၃၀၀ | ၁၆၀၀၀ | ၃၈၀၀ | ၁၅၅၀၀ | ၁၅၀၀၀ | ၆၂၀၀ | ၅၆၀၀ | ၅၀၀ | ၇၅၀၀ | ၆၈၀၀ | ၄၂၀၀ | ၃၆၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၂၂ | ကလေး | ၄၆၀၀ | ၄၄၀၀ | | ၁၅၀၀၀ | ၉၀၀၀ | ၂၃၀၀၀ | ၄၇၀၀ | | ၁၃၅၀၀ | ၄၅၀၀ | ၆၀၀၀ | ၁၀၀၀ | ၉၅၀၀ | ၇၈၀၀ | ၄၀၀၀ | ၄၈၀၀ | ၅၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၂၃၀၀၀ | | ၁၂၀၀၀ |

သတင်းအရင်းအမြစ် - စီးပွား/ကူးသန်း

# (၇)ကြိမ်မြောက် ကမ္ဘာ့ဗိုဗီနမ်ချန်ပီယံရှစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ်သုံးခု၊ ကြေးတံဆိပ်ကိုးခုရရှိခဲ့သည့် အောင်ပွဲရမြန်မာဗိုဗီနမ်အားကစားအဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဂုဏ်ပြုကြိုဆို



**နေပြည်တော် ဒီဇင်ဘာ ၄**

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟိုချီမင်းမြို့၌ နိုဝင်ဘာ ၂၅ ရက်မှ ၃၀ ရက်အထိ ကျင်းပပြုလုပ်ခဲ့သည့် 7th World Vovinam Championships ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် မြန်မာဗိုဗီနမ်အားကစားအဖွဲ့သည် ဒီဇင်ဘာ ၂ ရက် ည ၁၀ နာရီ မိနစ် ၅၀ တွင် ရန်ကုန်သို့ ပြန်လည်ရောက်ရှိကြသည်။

အဆိုပါ အားကစားအဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဥပဒေချုပ် ဦးဌေးအောင်၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းဦး၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံဗိုဗီနမ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးရဲမြင့်နှင့် အမှုဆောင်များ၊ တာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)ကျောင်းမှ ကျောင်းသား ကျောင်းသူများနှင့် မိဘဆွေမျိုးများက ဝမ်းပန်းတသာ ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။

ပြန်လည်ရောက်ရှိလာသည့် အောင်ပွဲရ မြန်မာဗိုဗီနမ်အားကစားအဖွဲ့မှ Pair Machete Form Male ပြိုင်ပွဲတွင် အောင်ခိုင်လင်းနှင့် ဟိန်းထက်အောင်တို့အတွဲက ရွှေတံဆိပ်တစ်ခု၊ ၅၁ ကီလိုတန်း (အတိုက်) ပြိုင်ပွဲတွင် နှင်းသက်ဝေက ရွှေတံဆိပ်တစ်ခု၊ Four Element Staff Form ပြိုင်ပွဲတွင် တင်ထူးဇော်က ငွေတံဆိပ်တစ်ခု၊ 3 Male, 3 Female ပြိုင်ပွဲတွင် တင်ထူးဇော်၊ ကျော်သူစိုးအောင်၊ ဟိန်းထက်အောင်၊ ချစ်နိုဒီဆောင်း၊ မေဟန်နီအောင်လွင်နှင့် အိမ္ဗြေဖူးတို့အတွဲက ငွေတံဆိပ်တစ်ခု၊ Ying Yang Sword Form Female ပြိုင်ပွဲတွင် မေဟန်နီအောင်လွင်က ငွေတံဆိပ်တစ်ခု၊ ၅၄ ကီလိုတန်း (အတိုက်) ပြိုင်ပွဲတွင် မင်းမင်းထိုက်က ကြေးတံဆိပ်တစ်ခု၊ Female Self Defense (အပြ) ပြိုင်ပွဲတွင် အောင်ခိုင်လင်းနှင့် ချစ်နိုဒီဆောင်းတို့အတွဲက ကြေးတံဆိပ်တစ်ခု၊ Pair Sword Form Male ပြိုင်ပွဲတွင် တင်ထူးဇော်နှင့် ကျော်သူစိုးအောင်တို့အတွဲက ကြေးတံဆိပ်တစ်ခု၊ Ying Yang Sword Form Male ပြိုင်ပွဲတွင် ဟိန်းထက်အောင်က ကြေးတံဆိပ်တစ်ခု၊ Male Ying Yang Sword Form Team 4 ပြိုင်ပွဲတွင် အောင်ခိုင်လင်း၊ ဟိန်းထက်အောင်၊ ကျော်သူစိုးအောင်နှင့် တင်ထူးဇော်တို့အတွဲက ကြေးတံဆိပ်တစ်ခု၊ Male multiple training –01male athlete defends against 03 others with wespon ပြိုင်ပွဲတွင် အောင်ခိုင်လင်း၊ ဟိန်းထက်အောင်၊ ကျော်သူစိုးအောင်နှင့် တင်ထူးဇော်တို့အတွဲက ကြေးတံဆိပ်တစ်ခု၊ Cross form female ပြိုင်ပွဲတွင် ချစ်နိုဒီဆောင်းက ကြေးတံဆိပ်တစ်ခု၊ One female athlete defense against 3 male athlete with weaponပြိုင်ပွဲတွင် မေဟန်နီအောင်လွင်၊ အောင်ခိုင်လင်း၊ တင်ထူးဇော်နှင့်ကျော်သူစိုးအောင်တို့အတွဲက ကြေးတံဆိပ်တစ်ခု၊ Pair knife form male ပြိုင်ပွဲတွင် အောင်ခိုင်လင်းနှင့် ဟိန်းထက်အောင်တို့အတွဲက ကြေးတံဆိပ်တစ်ခုရရှိခဲ့ပြီး မြန်မာဗိုဗီနမ်အသင်းအနေဖြင့် ရွှေတံဆိပ် နှစ်ခု၊ ငွေတံဆိပ်သုံးခု၊ ကြေးတံဆိပ်ကိုးခု စုစုပေါင်း ဆုတံဆိပ် ၁၄ ခု ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကချင်ပြည်နယ်၏ အထင်ကရဖြစ်သော ရေခဲတောင်တက်ခရီးစဉ်အပြင် ပူတာအိုမှ ထင်ရှားသောနေရာများသို့ ရန်ကုန်၊ မန္တလေး အပါအဝင် ပြည်တွင်းမှလာရောက်လည်ပတ်မှုများပြား



**ရန်ကုန် ဒီဇင်ဘာ ၄**

ကချင်ပြည်နယ်၏ အထင်ကရဖြစ်သောရေခဲတောင်တက်ခရီးစဉ်အပြင် ပူတာအိုမှ ထင်ရှားသောနေရာများသို့ ရန်ကုန်၊ မန္တလေး အပါအဝင် ပြည်တွင်းမှလာရောက်လည်ပတ်မှု များပြားကြောင်း Trekking in Myanmar ခရီးသွားလာရေးနှင့်ရေခဲတောင်ပို့ဆောင်ရေးအဖွဲ့ ကိုမိုးမင်းသိန်း(ပူတာအို) ကပြောသည်။

ခရီးသွားလာရောက်မှု တစ်ခုလုံးကို ခြုံကြည့်မည်ဆိုပါက အထင်ကရ နေရာများသို့ လာရောက်လည်ပတ်မှု များပြီး တောင်တက်ခရီးစဉ်သို့ လည်ပတ်မှုနည်းနေသေးကြောင်း ၎င်းက ဆိုသည်။

"လက်ရှိမှာ ပြည်တွင်း ခရီးသည်တွေပိုများတယ်။ နိုဝင်ဘာလကစပြီး ရန်ကုန်နှင့်မန္တလေးဘက်တွေကဆိုရင် အထင်ကရနေရာတွေကို လာရောက်လည်ပတ်ကြတယ်။ ရေခဲတောင်ခရီးစဉ်ကိုတော့ လားရှိုး၊ မူဆယ်တို့ဘက်က လာရောက်ကြတယ်" ဟု ကိုမိုးမင်းသိန်း(ပူတာအို)က ပြောသည်။

ကချင်ပြည်နယ် ပူတာအိုမြို့သို့ သုံးညအိပ် လေးရက်ခရီးစဉ်အနေဖြင့်လာရောက်ပါက ခရီးစဉ်အတွင်း မြို့၏အထင်ကရဖြစ်သော ရွှေ - ကြေးတို့ဖြင့် သွန်းလောင်းထားသည့် ရှေးဟောင်းဆင်းတုတော် မဟာမြတ်မုနိဘုရား၊ ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်ပြတိုက်၊ ပူတာအိုနှင့် မချမ်းဘောမြို့အားပိုင်းခြားထားသော မလိခမြစ်ရေနှင့် မြစ်ကူးကြိုးတံတားများ၊ အသည်းနှလုံးရေကန်၊ မြို့သဘာဝအလှနှင့် သစ်သီးခြံ၊ စိုက်ခင်းများ၊ နံနက်ခင်း တိမ်ပင်လယ်အလှများ အစရှိသည်တို့အပြင် ဒေသတွင်း နေထိုင်လျက်ရှိသော လူမျိုးများ၏ ဓလေ့စရိုက်များကို ကြည့်ရှုခံစားနိုင်မည်ဖြစ်သည်။ ထို့အပြင် ခြောက်ညအိပ် ခုနစ်ရက်ခရီးစဉ်၊ ခုနစ်ညအိပ် ရှစ်ရက်ခရီးစဉ်အနေဖြင့် ဖုန်ကန်ရာဇီ ရေခဲတောင်တက်ခရီးစဉ်ကိုလည်း သွားရောက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**MT**

**Photo–Moe Min Thein Putao**

# မြန်မာနိုင်ငံအလယ်ပိုင်း၏ အိုအေစစ်ဖြစ်ပြီး ခရီးသွားများ စိတ်ဝင်စားရာ ပုပ္ပားတောင်ဒေသသည် မြန်မာ့ပထမဆုံး အမျိုးသားဘူမိဥယျာဉ်အဖြစ် မကြာမီထွက်ပေါ်လာတော့မည်

**ရန်ကုန် ဒီဇင်ဘာ ၄**

မြန်မာနိုင်ငံ အလယ်ပိုင်း၏ အိုအေစစ်ဖြစ်ပြီး ခရီးသွားများ စိတ်ဝင်စားရာ ပုပ္ပားတောင်ဒေသသည် မြန်မာ့ပထမဆုံး အမျိုးသားဘူမိဥယျာဉ်အဖြစ် မကြာမီထွက်ပေါ်လာတော့မည် ဖြစ်ကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနမှ သိရသည်။

ထိုသို့ သတ်မှတ်ဖွဲ့စည်းနိုင်ရေးအတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘူမိသိပ္ပံအသင်းတို့ ပူးပေါင်းဆောင်ရွက်နေခြင်းဖြစ်ကာ ကမ္ဘာ့အဆင့် ယူနက်စကိုစာရင်းဝင် ဘူမိဥယျာဉ်အထိ အကောင်အထည်ဖော် ဆောင်ရွက်သွားရန် ရည်မှန်းထားခြင်းလည်းဖြစ်သည်။

"ဘူမိနေရာတွေက အရင်ကတည်းက ရှိပြီးသား။ ဒါကိုပဲ ထိန်းသိမ်းလိုက်တာပေါ့။ လက်ရှိဖွဲ့တာတွေက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနက ပိုင်ပိုင်နိုင်နိုင် အုပ်ချုပ်နိုင်တဲ့ နေရာ ၁၅ ခုကို စပြီး ဘူမိဥယျာဉ်လုပ်ကြမယ်ဆိုပြီး စဖွဲ့လိုက်တာ။ ဒီထက်များတာ ရှိသေးတယ်။ တခြားသောဝန်ကြီးဌာန စီမံခန့်ခွဲမှုအောက်ရောက်နေတာတွေလည်း ရှိသေးတယ်" ဟု သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

ဘူမိဥယျာဉ် သတ်မှတ်လိုက်ပါက ထိန်းသိမ်းရန်အတွက် ကန့်သတ်မှုများ ရှိလာမည်ဖြစ်သော်လည်း ခရီးသွားများ စည်ကားလာမည့်အပြင် ဒေသခံများအတွက်လည်း အလုပ်အကိုင်ကောင်းမွန်ပြီး လူမှုစီးပွားဘဝ မြင့်မားလာမည် ဖြစ်ကြောင်းလည်း သိရသည်။

"အမျိုးသားအဆင့် ဥယျာဉ်သတ်မှတ်ဖွဲ့စည်းနိုင်ဖို့ လုပ်ထုံးလုပ်နည်းတွေအရ ဆောင်ရွက်နေတာက မကြာခင်မှာ ထွက်လာတော့မယ်" ဟုလည်း အထက်ပါတာဝန်ရှိသူက ထပ်မံပြောကြားသည်။

**ထက်ဦးမောင်**

